# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်   ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ အင်္ဂါနေ့   အတွဲ [၅၅]၊ အမှတ် [၀၉၇]


**ကြည်လင်သောစိတ်**

- ❖ စိတ်သည် အရာရာကို ဦးဆောင်၏။
- ❖ စိတ်သည် အမွန်အမြတ်ဆုံးဖြစ်၏။
- ❖ စိတ်သည် အရာရာကို ပြီးစီးစေ၏။
- ❖ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
- ❖ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

(ဓမ္မပဒပါဠိတော်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

**နေပြည်တော်   ဇန်နဝါရီ   ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့သည် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပသည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး ညစာစားပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ၂၀၁၆ ခုနှစ်နှင့် အယ်လ်နီညိုရာသီဥတု

မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း နိုင်ငံရေးအပြောင်းအလဲများနှင့် တိုးတက်မှုအနေအထားတစ်ရပ်ကို ဦးတည်နေသော်လည်း အဆိုးရွားဆုံးသောကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကို အခြားနိုင်ငံများနည်းတူ ရင်ဆိုင်ကျော်လွှားရဖွယ်ရှိနေပါသည်။ ဤရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်သည်ကား အယ်လ်နီညိုရာသီဥတုပင်ဖြစ်ပါသည်။ အယ်လ်နီညို ရာသီဥတုသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောဖြစ်စဉ်မဟုတ်ဘဲ ခုနစ်နှစ်မှ ၁၀ နှစ်အတွင်း ဖြစ်ပေါ်လေ့ရှိသော သဘာဝပတ်လည်ဖြစ်စဉ်တစ်ခုသာဖြစ်သည်ဟု ပညာရှင်တို့က ဆိုပါသည်။

အယ်လ်နီညိုရာသီဥတုကြောင့် အလွန်အမင်းမိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ဖြစ်ပေါ်နိုင်ပါသည်။ နောက်ဆက်တွဲပြဿနာများအဖြစ် အစာရေစာရှားပါးပြတ်လပ်ခြင်း၊ ရောဂါဘယများကျရောက်ခြင်း၊ အပူရှိန်လွန်ကဲ၍ တောမီးလောင်ခြင်းစသော ပြဿနာများနှင့် ရင်ဆိုင်ရလေ့ရှိပါသည်။

မြန်မာနိုင်ငံတွင် ၁၉၉၇-၁၉၉၈ ခုနှစ် အယ်လ်နီညိုရာသီဥတုကြောင့် မြို့ကြီး ၁၈ မြို့၌ အပူချိန်အမြင့်ဆုံးစံချိန်သစ်များတင်ခဲ့ပြီး မြို့ကြီး ၁၅ မြို့တွင် မိုးရေချိန်အနည်းဆုံးစံချိန်သစ်များတင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရပါသည်။ ဤတွင်နွေရာသီကာလအတွင်း စံချိန်တင်ပူပြင်းပြီး မိုးအခါမှတ်သုံ့အဝင်နောက်ကျ၍ မိုးခေါင်မှုများဖြစ်ပွားခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် အယ်လ်နီညိုရာသီဥတုကြောင့်လာမည့် နွေရာသီတွင် ယခင်နှစ်များကထက်ပို၍ပူပြင်းကာ မိုးကာလတွင်လည်း မုတ်သုံလေအဝင်နောက်ကျ၍ မိုးခေါင်မှု၊ ရေရှားပါးမှုများဖြစ်ပေါ်လာဖွယ်ရှိပါသည်။ နွေရာသီကာလအတွင်း အပူရှိန်လွန်ကဲမှုကြောင့် ရေရှားပြတ်လပ်မှုများ၊ အပူရှိန်လွန်ကဲရာမှ မီးလောင်မှုဖြစ်စဉ်များ၊ ကျွဲ၊ နွားတိရစ္ဆာန်များအစာရေရှားပါးမှုပြဿနာများအပြင် ကျန်းမာရေးထိခိုက်မှုပြဿနာများ ပိုမိုကြုံတွေ့ရဖွယ်ရှိနေပါသည်။ မြန်မာနိုင်ငံ၏ အာဆီယံမိတ်ဆွေနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်အစိုးရက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းမှာ မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့ဖွယ်ရှိကြောင်း ခန့်မှန်းထားပါသည်။ ယခုအခါ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒေသအချို့ရှိ လယ်သမားများမှာ ရာသီဥတုပူပြင်းပြီး ရေခန်းခြောက်မှုကြောင့် စပါးစိုက်ပျိုးနိုင်ခြင်းမရှိတော့ဘဲ မိမိတို့၏ လယ်ယာများကို ကျောခိုင်းနေကြပြီဖြစ်ကြောင်း သိရပါသည်။

သို့ပါ၍ ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့်လည်း အယ်လ်နီညိုကာကွယ်ရေးအစီအမံများ စနစ်တကျချမှတ်ဆောင်ရွက်ရတော့မည်ဖြစ်ပါသည်။ နေရာဒေသအလိုက် ရေချွေတာစုဆောင်းရေးအစီအမံများ၊ မီးဘေးကြိုတင်သတိပေးရေး အစီအမံများ၊ နွေရာသီတွင် ဖြစ်ပွားနိုင်သည့် ကျန်းမာရေးသတိပေးမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်မှုကို တွက်ချက်သတိပေးမှုများ၊ တိရစ္ဆာန်များ အစာရေစာပြတ်လပ်သေဆုံးမှုမရှိရေး အစီအမံများ စသည်ဖြင့် ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါသည်။ အယ်လ်နီညိုတိုက်ခိုက်ခံရမှုကြောင့် စီးပွားရေးတွင်လည်း ထိခိုက်မှုများဖြစ်ပေါ်ပြီး ငွေကျပ်သန်းပေါင်း များစွာဆုံးရှုံးနိုင်သည့် အနေအထားဖြစ်ပါသည်။ ကဏ္ဍအလိုက် သတိပေးရေးနှင့် ထူထောင်ထောက်ပံ့ရေးအစီအမံများ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မှသာ အယ်လ်နီညိုတိုက်ခိုက်မှုအန္တရာယ်ကို လျော့ပါးသက်သာစွာဖြင့် ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း)၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးနှင့် ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သဝဏ်လွှာဖတ်ကြားပွဲ အခမ်းအနားကို နံနက် ၈ နာရီက အဆိုပါကွင်း၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ဂုဏ်ပြုပြီး ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများကိုအလေးပြုကာ သစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကိုအောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်တွင် ပျော်ပွဲရွှင်ပွဲများအဖြစ် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်အားကစားကွင်း၌ လွန်ဆွဲပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ဂိုးကျဉ်းသွင်းပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ စာအုပ်ရွက်ပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲများ ကျင်းပရာ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများအား ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



ကျောက်ဆည်မြို့တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အနေဖြင့် ဇန်နဝါရီ ၄ ရက်က ပျော်ပွဲရွှင်ပွဲများနှင့် အားကစားနည်းမျိုးစုံကို ရပ်ကွက်များနှင့် ပြည်သူ့အားကစားကွင်းတွင် ကျင်းပခဲ့ရာ အမျိုးသမီးများ ရေအိုးရွက်ပြိုင်နေကြသည်ကို တွေ့ရစဉ်။ သက်မောင်(ကျောက်ဆည်)

# ညောင်ဦးတွင် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြား

**ညောင်ဦး ဇန်နဝါရီ ၄**

ညောင်ဦး၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့သည်။ **ရဲသူရအောင် (ညောင်ဦး)**

# လွတ်လပ်ရေးနေ့ဂုဏ်ပြု ကျေးလက်စက်ရေတွင်း သန်လျင်၌ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၄**

ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ် ၉၇ ဒသမ ၅ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့သော လက်ယက်စမ်းကျေးရွာထားမလုံရှိ ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်နှင့် လေးလက်မစက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)ကို ဂုဏ်ပြု၍ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျေးလက်စက်ရေတွင်း ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေများ လုံလောက်စွာရရှိခဲ့၍ ကျေးလက်နေပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

၂၁-၁၂-၂၀၁၅ မှ ၂၄-၁၂-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၅၃၄ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၄၄၈ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)



နေပြည်တော်မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေးဟူသော အမျိုးသားရေး ဦးတည်ချက်(၄)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပသည့် ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ကျင်းပရာ ပြည်သူလူထုစုစုပေါင်းအင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေ့ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ နံနက် ၆ နာရီတွင် ဝင်ရောက်နေရာယူကြသည်။

အလားတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၆ ခုနှစ်(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသူများက သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ယင်းနောက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် ၂၀၁၆ ခုနှစ် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် အလေးပြုခံစင်မြင့်ထက်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ နေပြည်တော်၌ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို လွတ်လပ်ခြင်း၊ စည်းကမ်းရှိခြင်းနှင့် ပျော်ရွှင်ခြင်း စသည့် ဒီမိုကရေစီအနှစ်သာရများနှင့်အတူ လွတ်လပ်ရေးနေ့အောင်ပွဲသဘင်များကို နေပြည်တော်တစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ **(ယာပုံ)**



လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိဝန်ကြီးဌာနများက ဦးဆောင်၍ သက်ဆိုင်ရာ ရပ်ကွက်/ မြို့နယ်များအတွင်းရှိ ကျောင်းများ၊ အားကစားကွင်းများ၌ ယနေ့နံနက်ပိုင်းမှ စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ တပျော်တပါးဆင်နွှဲလျက်ရှိသည်။

ထို့အတူ ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ထို့အပြင် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရေပန်းဥယျာဉ် စသည့် နေပြည်တော်၏ အထင်ကရနေရာများ၌ မိသားစုအလိုက်၊ အသင်းအဖွဲ့လိုက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် လွတ်လပ်ရေးနေ့ ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ကျောက်စိမ်းဥယျာဉ်၊ မဏိရတနာ ကျောက်စိမ်းခန်းမ၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ ဟိုတယ်ဇုန်နှင့် ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးများကို လှပခံ့ညားစွာထွန်းညှိ၍ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်။

"ကျွန်တော်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ကပါ။ ငယ်စဉ်က လွတ်လပ်ရေးနေ့ရောက်ရင် ဂန့်ဂေါမြို့ ဘောလုံးကွင်းထဲမှာ ကျင်းပတဲ့ အလံတင်အခမ်းအနားကို သွားကြည့်တယ်။ အားကစားပြိုင်ပွဲတွေ၊ ဌာနဆိုင်ရာပြခန်းတွေ၊ ပျော်ပွဲရွှင်ပွဲတွေကိုလည်း ကြည့်ရတယ်။ ကိုယ်တိုင်လည်း ပါဝင်ခဲ့ဖူးတယ်။ လူငယ်တစ်ဦးအနေနဲ့ အများကြီး ဗဟုသုတရတယ်။ ညပိုင်းဆိုရင် အငြိမ့်တွေ၊ ဇာတ်ပွဲတွေ အခမဲ့ဖျော်ဖြေတာ ကြည့်ရတယ်။ ပျော်စရာကောင်းတယ်။

"နည်းနည်းအသက်အရွယ်လေး ရလာတော့ နေပြည်တော်မြို့တော်ခန်းမမှာကျင်းပတဲ့ အလံတင်အခမ်းအနားကို တက်ဖူးတယ်။ ဒီအခမ်းအနားဟာ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အလွန်အရေးပါတဲ့ အခမ်းအနားတစ်ခုလို့ ကျွန်တော်မြင်တယ်။

"ဒီနေ့ကျင်းပတဲ့ လွတ်လပ်ရေးနေ့ အခမ်းအနားဟာ အင်မတန်ထူးခြားတယ်လို့ ကျွန်တော်ပြောချင်တယ်။ ထူးခြားတဲ့ နှစ်တစ်နှစ်လို့လည်း ပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိအစိုးရဟာ ပြီးခဲ့တဲ့ ငါးနှစ်တာကာလမှာ အစိုးရတာဝန်တွေကို အောင်မြင်စွာ ထမ်းဆောင်ပြီး နောက်လာမယ့်အစိုးရကို တာဝန်တွေလွှဲပြောင်းပေဖို့ လုပ်နေပါပြီ။ ၂၀၁၆ ခုနှစ်ဟာ လက်ရှိအစိုးရကနေ နောင်တက်လာမယ့် အစိုးရကို အကူးအပြောင်းဖြစ်တဲ့ နှစ်ဆိုတော့ အင်မတန်ထူးခြားတယ်လို့ ကျွန်တော်မြင်တယ်။ လာမယ့်အစိုးရဟာ တိုင်းပြည်ကို တိုးတက်သည်ထက် တိုးတက်အောင်၊ ကောင်းမွန်သည်ထက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်" ဟု ဦးအောင်ဇော်လင်းက ပြောသည်။

**(သတင်းစဉ်)**

## မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည့်ရက် ပြင်ဆင်သတ်မှတ်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင်အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၁၃၇၄ ပါး၊ ပါဠိဂုဏ်ထူးအောင်ပုဂ္ဂိုလ်နှစ်ပါး၊ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် ၁၀ပါး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အထူး အောင်ပုဂ္ဂိုလ် ၁၆ ပါး၊ နိကာယ်စာမေးပွဲတွင်အထူးအောင်ပုဂ္ဂိုလ် ၁၇ ပါး၊ မဟာဝိဒူအောင် လေးပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူကိုးဦးတို့ကို ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်တော်များဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၁ ရက်၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင်ကျင်းပမည်ဟု ကြေညာခဲ့သည့်အစား ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် တနင်္လာနေ့တွင် ပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားနှင့်ပတ်သက်၍ သိရှိလိုသည်များကို ၁၃-၂-၂၀၁၆ ရက်နေ့မှစ၍ ရုံးချိန်အတွင်း မဟာအတုလဝေယံကျောင်းတော်ကြီးရှိ သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ(ယာယီရုံးခွဲ)သို့ဆက်သွယ် သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျေးလက်မီးလင်းရေးထရန်စဖော်မာဖွင့်

**သံတွဲ ဇန်နဝါရီ ၄**

သံတွဲမြို့နယ် ပဒဲကောကျေးရွာ မီးလင်းရေးအတွက် တပ်ဆင်ခဲ့သည့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်က အဆိုပါကျေးရွာ၌ကျင်းပရာ သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုလေး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဇော်မိုးနှင့် ကျေးရွာခွဲအုပ်ချုပ်ရေးမှူး ဦးကျော်လင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သံတွဲခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများသည် ကျေးရွာအတွင်း လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**(ခရိုင် ပြန်/ဆက်)**

# မြန်မာနှင့် ထိစပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ် လူ ၁၁ ဦးသေ၊ ၂၀၀ နီးပါး ဒဏ်ရာရ

**နယူးဒေလီ ဇန်နဝါရီ ၄**

ဇန်နဝါရီ ၄ ရက် အစောပိုင်းက မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်တွင် ပြင်းထန်သောငလျင်လှုပ်မှုဖြစ်ပွားခဲ့သောကြောင့် အနည်းဆုံး လူကိုးဦးသေဆုံးပြီး ၂၀၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း ဝါရင့်ကျွမ်းကျင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပြင်းအား ၆ ဒသမ ၈ ရစ်ချ်စတာစကေးအဆင့်ရှိ ငလျင်တစ်ခုသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပြည်နယ်ဖြစ်သော မဏိပူရတွင် ဒေသစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၃၀ ခန့်တွင် လှုပ်ခတ်သွားခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် အချို့အိမ်နီးချင်း ပြည်နယ်များဖြစ်သော ဩဒိသနှင့် အနောက်ဘင်္ဂလားပြည်နယ်၏ အရှေ့ဘက်ဒေသများနှင့် အရှေ့မြောက်ဘက် ဒေသများတွင်လည်း ငလျင်ရိုက်ခတ်မှုဒဏ်ကို အနည်းနှင့်အများခံခဲ့ရကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားသည်။

ငလျင်သည် မဏိပူရပြည်နယ် အင်ဖာမြို့အနောက်ဘက် ၂၉ ကီလိုမီတာ (၁၈မိုင်)အကွာ မြေအောက်အနက် ၅၇ ကီလိုမီတာကို (၃၅ မိုင်) ကိုဗဟိုပြု၍ လှုပ်ခတ်သွားကြောင်း၊ ငလျင်လှုပ်ခတ်ရာ တောင်ကုန်းထူထပ်သောဒေသသည် မြန်မာနိုင်ငံနှင့် နီးကပ်လျက်ရှိကြောင်း သိရသည်။ ငလျင်လှုပ်ခတ်ရာ မဏိပူရပြည်နယ် အင်ဖာမြို့တွင် အဆောက်အအုံများ ပြိုကျခဲ့ပြီး လူ ၁၁ ဦးနီးပါးသေဆုံးခဲ့ပြီး ၂၀၀ နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးဒဏ်ရာရသူ အရေအတွက်မှာ ဆက်လက် မြင့်တက်လာနိုင်ကြောင်း ဆိုသည်။ သို့သော်လည်း အခြား ငလျင်ကြောတစ်လျှောက်ရှိ ပြည်နယ်များမှ ငလျင်ကြောင့် သေဆုံးမှုသတင်းတစ်စုံတစ်ရာပေးပို့ခြင်း မရှိသေးပေ။

လူများသည် ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံအပြင်ဘက်တွင် နေထိုင်နေကြပြီး ဒဏ်ရာရရှိသူများကို ဆေးရုံများသို့အလျင်အမြန်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုဒဏ်ကို မြန်မာနိုင်ငံအနောက်ဘက်ပိုင်းတွင်လည်း ခံစားခဲ့ရကြောင်း သိရသည်။ အိန္ဒိယနိုင်ငံနယ်စပ်နှင့်နီးသော ရွာသားများက ငလျင်လှုပ်ခတ်မှုသည် အတော်ပြင်းကြောင်း၊ သို့သော်လည်း ၎င်းတို့သိသလောက် ပျက်စီးဆုံးရှုံးမှုမရှိသေးကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်သို့ ပြောကြားခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့များကို အာသံမြို့ ဂူဝဟတ်တီမှ ငလျင်ဒဏ်ခံဒေသများသို့ အမြန်သွားရန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံးက တွစ်တာစာမျက်နှာတွင် ဖော်ပြထားသည်။

ထို့အပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ပြည်ထဲရေးဝန်ကြီးကို ငလျင်ကြောင့် လိုအပ်သည်များ စီမံခန့်ခွဲကြီးကြပ်ရန် တိုက်တွန်းကြောင်း တွစ်တာတွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသသည် ငလျင်ဒဏ်ခံဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ ယင်းဒေသတွင် ယခင်က ငလျင်အများအပြားလှုပ်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အိန္ဒိယနိုင်ငံ မာနီပါးတွင် အပျက်အစီးများကို တွေ့ရစဉ်။

# အိုင်အက်စ်စစ်သွေးကြွများက ဗြိတိန်နိုင်ငံအတွက် သူလျှိုလုပ်ပေးသည်ဟုဆိုသူများကို သတ်ဖြတ်သည့် ဗီဒီယိုကို အွန်လိုင်းတွင်လွှင့်တင်



သေနတ်ကိုဝှေ့ယမ်း၍ ယခုဗီဒီယိုသည် ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းအတွက် စကားလက်ဆောင်ဟုဆိုသူ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွတစ်ဦးကို တွေ့ရစဉ်။

**လန်ဒန် ဇန်နဝါရီ ၄**

အိုင်အက်စ်စစ်သွေးကြွများသည် ၎င်းတို့ကိုဆန့်ကျင်၍ ဗြိတိန်နိုင်ငံအတွက် သူလျှိုလုပ်ပေးသည်ဟု စွပ်စွဲခံရသူ ငါးဦးအားသတ်ဖြတ်သည့် ဗီဒီယိုတစ်ခုကိုအွန်လိုင်းတွင် လွှင့်တင်လိုက်ကြောင်း ဇန်နဝါရီ ၄ ရက် အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဗီဒီယိုထဲတွင် သဲကန္တာရထဲ၌ လိမ္မော်ရောင်ဝတ်ဆင်ထားပြီး ဒူးထောက်နေသော လူငါးဦးကို မျက်နှာဖုံးစွပ်စစ်သွေးကြွများက ကျော်၍ မတ်တပ်ရပ်နေသည့်ပုံကို ပြသထားသည်။

မျက်နှာဖုံးစွပ်စစ်သွေးကြွတစ်ဦးက သေနတ်ကိုဝှေ့ယမ်း၍ အင်္ဂလိပ်ဘာသာဖြင့် ယခုဗီဒီယိုသည် ဗြိတိသျှဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းအတွက် စကားလက်ဆောင်ပင်ဖြစ်ကြောင်း ပြောခဲ့သည်။

ယင်းစစ်သွေးကြွက ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကို အိုင်အက်စ် အကြမ်းဖက်အုပ်စုအား စိန်ခေါ်သည့်အတွက် သရော်လိုက်ပြီး ပြည်သူများကို အစိုးရက ကာကွယ်မပေးနိုင်ကြောင်း ပြောခဲ့သည်။

ထို့နောက် ယင်းစစ်သွေးကြွက ဓားစာခံများကို ပစ်သတ်ပြခဲ့သည်။ ဗြိတိသျှနိုင်ငံခြားရေးရုံးက ယင်းဗီဒီယိုကို စစ်ဆေးနေကြောင်း သိရသည်။

လွန်ခဲ့သောနှစ် နိုဝင်ဘာလ ပါရီတိုက်ခိုက်မှုကို လက်တုံ့ပြန်သောအားဖြင့် ဗြိတိန်နိုင်ငံသည် ဒီဇင်ဘာလကစ၍ ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်း ချီတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဗုံးလှန့်မှုကြောင့် တူရကီလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း မွမ်ဘိုင်းတွင်ရပ်တန့်

**နယူးဒေလီ ဇန်နဝါရီ ၄**

လူတစ်ဦးက ဖုန်းခေါ်ဆိုပြီး ဗုံးခြောက်လှန့်မှုကြောင့် အစ္စတန်ဘူလ်သို့ဦးတည်ပျံသန်းသော တူရကီလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း တနင်္လာနေ့က မွမ်ဘိုင်းလေဆိပ်၌ ရပ်တန့်ခဲ့ရသည်။

အစ္စတန်ဘူလ်သို့ ဦးတည်ပျံသန်းသော တူရကီလေကြောင်းလိုင်း လေယာဉ်သည် လေယာဉ်ပေါ်၌ မသင်္ကာဖွယ်ပစ္စည်းတစ်ခု တွေ့ပြီးနောက် မွမ်ဘိုင်းလေဆိပ်၌ ရပ်တန့်ခဲ့ရကြောင်း မွမ်ဘိုင်းလေဆိပ်တာဝန်ရှိသူတစ်ဦးက သတင်းမီဒီယာသို့ ပြောခဲ့သည်။

အသေးစိတ် စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် လေယာဉ်သည် အန္တရာယ်ကင်းစွာဖြင့် ပြန်လည်ထွက်ခွာခဲ့သည်။ အဆိုပါ လေယာဉ်သည် ဘိုးရင်း ၇၇၇-၃၀၀ အီးအာရ်ဖြစ်ပြီး ယင်းလေယာဉ်မှူးက ဖုန်းခေါ်ဆိုပြီးနောက် အန္တရာယ်ကင်းရန်အတွက် လေယာဉ်ကို ရပ်တန့်ခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**




# ဆော်ဒီက အီရန်နှင့် သံတမန်ဆက်ဆံမှု ဖြတ်တောက်ကြောင်း ကြေညာ

**ရီးယာ့ဒ် ဇန်နဝါရီ ၄**

ဆော်ဒီက ရှီးယိုက်မွတ်စလင် ထိပ်တန်းအကြီးအကဲတစ်ဦးအား ကွပ်မျက်ခဲ့ခြင်းအပေါ် အငြင်းပွားလျက်ရှိစဉ်အတွင်း ဆော်ဒီက အီရန်သံတမန်များအား ၄၈ နာရီအတွင်းနိုင်ငံမှထွက်ခွာခွင့်ပြုခဲ့သည်။

အီရန်နှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဒဲလ်အယ်လ်ဂျူပီယာက တနင်္ဂနွေနေ့တွင် ကြေညာလိုက်သည်။

ဘာသာရေးခေါင်းဆောင်အကြီး အကဲအား ကွပ်မျက်လိုက်ခြင်းသည် ရီးယာ့ဒ်အတွက် မှားယွင်းသောလုပ်ရပ်ကြီးဖြစ်ကြောင်း အီရန်က ပြောကြားသည်ဟု အီနာသတင်းအေဂျင်စီက ကိုးကားဖော်ပြသည်။

အဆိုပါကိစ္စကို သံတမန်နည်းလမ်းဖြင့် ဖြေရှင်းသင့်ကြောင်း အမေရိကန်က တိုက်တွန်းပြောကြားလိုက်သည်။

ရှိတ်နီမာအယ်လ်နီမာနှင့် အခြား ၄၆ ဦးအား အကြမ်းဖက်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် စနေနေ့က ကွပ်မျက်လိုက်သည်။

ဆော်ဒီရဲတပ်ဖွဲ့ဝင်တစ်ဦးသည် တနင်္ဂနွေနေ့နှောင်းပိုင်းက ကျေးလက်နေအိမ်တစ်အိမ်၌ သေနတ်နှင့် ပစ်သတ်ခံရကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အပေါ် အက်စ်ပီအေသတင်းဌာနက ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက်ဖော်ပြသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါတိုက်ခိုက်ရေးသမားအား လိုက်လံရှာဖွေခဲ့ကြောင်း ရဲအဖွဲ့က ပြောသည်။ ဆန္ဒပြသူများက တီဟီရန်ရှိ ဆော်ဒီသံရုံးရှေ့၌ ဆန္ဒပြခဲ့ကြပြီးနောက် အီရန်နှင့်သံတမန်ဆက်ဆံရေးမှာ ထိခိုက်မှုရှိလာကြောင်း ဆော်ဒီက ကြေညာခဲ့သည်။

**(ရိုက်တာ)**

# တူရကီအလယ်ပိုင်းတွင် ဘတ်စ်ကားမှောက် လူကိုးဦးသေ

**အန်ကာရာ ဇန်နဝါရီ ၄**

တူရကီအလယ်ပိုင်းတွင် တနင်္လာနေ့က ခရီးသည်တင်ဘတ်စ်ကား တစ်စီးတိမ်းမှောက်ပြီး လူကိုးဦးသေဆုံးကာ ၁၇ ဦး ဒဏ်ရာရခဲ့ကြောင်း ဒေသတွင်းသတင်းစာက ဖော်ပြခဲ့သည်။

မတော်တဆမှုကို အာဏာပိုင်များက စစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။ အန်ကာရာ-ကာစီဟာ အဝေးပြေးလမ်းပေါ်တွင် လမ်းချော်မှုများကြောင်း ယင်းခရီးသည်တင်ဘတ်စ်ကား တိမ်းမှောက်ခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းစာက ဖော်ပြသည်။

သေဆုံးဒဏ်ရာရသူများထဲတွင် နိုင်ငံခြားသားခရီးသွားများ ပါမပါဆိုသည်ကို ရုတ်တရက်မသိရသေးပေ။ **(ဆင်ဟွာ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

**၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဉာဏ်ထွန်းတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

## အိန္ဒိယသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ပရာနပ်ဗ့်မူခါဂျီးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စားမိမိအနေဖြင့် အဆွေတော်နှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် မြန်မာပြည်သူများအား နွေးထွေးလှိုက်လှဲစွာ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာစကား ဆက်နွယ်မှုတို့သည် နီးကပ်ပြီး ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးအတွက် အခြေခံများ ဖြစ်ကြပါသည်။ လွန်ခဲ့သောနှစ်များအတွင်း မိမိတို့၏ပူးတွဲကြိုးပမ်းမှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကျယ်ပြန့်နက်ရှိုင်းစေခဲ့ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးသည်လာမည့်နှစ်များအတွင်း ပိုမိုခိုင်မာလာမည်ဟု ယုံကြည်မိပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် မြန်မာပြည်သူများ ဆက်လက်တိုးတက်ကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် နရီန္ဒြာမိုဒီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ အိန္ဒိယနိုင်ငံ အစိုးရနှင့် ပြည်သူတို့ကိုယ်စား မိမိအနေဖြင့် လှိုက်လှဲနွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နီးကပ်ပြီး ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးသည် အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ပိုမိုခိုင်မာလာလျက်ရှိပါသည်။ မိမိတို့၏ သမိုင်းဝင်ဆက်ဆံရေးသည်လည်း နှစ်နိုင်ငံအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုတိုးတက်၍ ကျယ်ပြန့်လာလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့မှု၊ ဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းမှုနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဆွေတော်၏ဦးဆောင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် အခွင့်အခါသင့်ခိုက် ထပ်လောင်းပြောကြားလိုပါသည်ဟု ဖော်ပြထားသည်။

## ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့သဘာပတိအဖွဲ့ဥက္ကဋ္ဌ ကင်ယုံနမ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့အား နွေးထွေးစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

အခွင့်ကြုံခိုက် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူပြည်သားများ၏ လုပ်ငန်းဆောင်တာများ အောင်မြင်ပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြထားသည်။

## ဩစတြေးလျနေသဟာယနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်ကြီး ပီတာကော့စ်ဂရုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများအား ဩစတြေးလျအစိုးရနှင့် ပြည်သူများက ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်း ကျင်းပခဲ့သည့် သမိုင်းဝင် အထွေထွေရွေးကောက်ပွဲနှင့် မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိစေရန် လက်ရှိ ကြိုးပမ်းဆောင်ရွက်မှုများနောက်ပိုင်း ဩစတြေးလျနိုင်ငံအနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ၂၀၁၆ ခုနှစ်တွင် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ထူးခြားသည့် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကို ဩစတြေးလျနိုင်ငံမှ ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ အုပ်ချုပ်မှုစနစ်၊ စီးပွားရေးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း ဆက်လက်ထောက်ခံအားပေးသွားမည် ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှု ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများအတွက် ဩစတြေးလျနိုင်ငံမှ အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ ဩစတြေးလျခရီးသွား အရေအတွက်များ တိုးများလာခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ကျောင်းသားများ၊ မြန်မာပြည်သူများနှင့် ထိတွေ့ဆက်ဆံခြင်းဖြင့် ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုများ ပိုမိုများပြားလာသည်ကို ဝမ်းမြောက်စွာတွေ့မြင်ရပါသည်။ ဩစတြေးလျပညာသင်ဆုအစီအစဉ်နှင့် ကိုလံဘိုစီမံကိန်းသစ်များမှတစ်ဆင့် ပညာရေးဆက်သွယ်မှု များပြားလာခြင်းကို ကြိုဆိုပါသည်။ မြန်မာနိုင်ငံတွင် ဩစတြေးလျစီးပွားရေးလုပ်ငန်းများ များပြားလာခြင်းအတွက်လည်း အားတက်မိပါသည်။

ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံချင်းလက်ရှိ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဒေသတွင်း အကျိုးတူကိစ္စရပ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိုလည်း မျှော်လင့်လျက်ရှိပါသည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမှာ လာမည့်နှစ်တွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ပါသည်ဟု ဖော်ပြထားသည်။

## သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ရာနေးလ် ဝစ်ခ်ရီမီဆင်းဟီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မင်္ဂလာရှိသော (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကျွန်ုပ်အနေဖြင့် အဆွေတော်ထံသို့ နွေးထွေးသော ဝမ်းမြောက်ဂုဏ်ယူမှုများနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာ၏စည်းမျဉ်းများသည် ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ကာလရှည်ကြာစွာ တည်ရှိနေသော ဆက်ဆံရေးတိုးတက်ဖြစ်ပေါ်မှု၏ ခိုင်မာသော အခြေခံအဖြစ် တည်ရှိနေပါသည်။ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံအပြန်အလှန်အကျိုးအတွက် ဆက်လက်တောင့်တင်းခိုင်မာနေမည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်မိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း ဆက်လက်၍ တိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုတို့ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရာနေးလ် ဝစ်ခ်ရီမီဆင်းဟီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ကျက်သရေမင်္ဂလာရှိသော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကျွန်ုပ်အနေဖြင့် အဆွေတော်ထံသို့ နွေးထွေးသော ဝမ်းမြောက်ဂုဏ်ယူမှုများနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ထေရဝါဒဗုဒ္ဓဘာသာ၏ စည်းမျဉ်းများသည် ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ကာလရှည်ကြာစွာ တည်ရှိနေသော ဆက်ဆံရေး၏ ခိုင်မာသော အခြေခံအဖြစ် တည်ရှိနေပါသည်။ သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံအကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေရန်အတွက် ဆက်လက်တောင့်တင်းခိုင်မာနေမည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်မိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများလည်း ဆက်လက်၍ တိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုတို့ ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်ဟု ဖော်ပြထားသည်။

*(ဆက်လက်ဖော်ပြပါမည်)*



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျေးလက်အိမ်ရာသစ်ဖွင့်

**ကျိုင်းတုံ ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်၌ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်အိမ်ရာသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျိုင်းတုံမြို့ ကတ်ထိုက်ကျေးရွာအုပ်စု ကတ်ထိုက်ကျေးရွာ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါကျေးလက်အိမ်ရာများမှာ အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ကိုးပေခြောက်လက်မနှင့် အိမ်တစ်လုံး၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၃၀ ကုန်ကျကြောင်း သိရသည်။ **ခိုင်ဇာ(ယောမြေ)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

**ငါန်းဇွန်**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာမှ ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့အထိ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိုင်ရှည်အပြေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

**ရေး**

မွန်ပြည်နယ် ရေးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ဇန်နဝါရီ ၄ ရက်က (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ/ သားကောင်းမိခင်ဆုချီးမြှင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမာသိန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမေစန်းချိုတို့က အမှာစကားများ ပြောကြားသည်။

**နေမျိုးထွန်း(ရေး)**

**ကန့်ဘလူ**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၅)ရပ်ကွက်ရှိ ဦးအောင်ဇေယျလမ်း တိုးချဲ့ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပသည်။

အဆိုပါလမ်းသည် ယခင် ကတ္တရာလမ်းအကျယ် ၁၈ ပေကို လမ်းဘေးဝဲယာတစ်ဖက်စီတွင် သုံးပေစီ တိုးချဲ့၍ အရှည်ပေ ၁၆၃၀ ထိဖောက်လုပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**ရပ်စောက်**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံလွှင့်တင်ခြင်းနှင့် နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားတို့ကို ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ ရဿဝတီခန်းမရှေ့ အလံတိုင်ကွင်း၌ ပြုလုပ်ပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးက ဖတ်ကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ငါးလုပ်ငန်း ဦးမော့လာစေဖို့

**သော်ဇင်ထွန်း**

မြန်မာနိုင်ငံ၏ ဝင်ငွေရှာဖွေခြင်းနှင့် အလုပ်အကိုင် ဖန်တီးနိုင်စွမ်းကောင်းသော ကဏ္ဍတစ်ခုဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ရေလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင်လုပ်ဆောင်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

အဓိကကတော့ အစိုးရအနေဖြင့် မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲပြင်ဆင်မှုဖြစ်သည်။ ယခုဆောင်းပါးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍကို မီးမောင်းထိုးပြလိုပါသည်။

ရေလုပ်ငန်းတွင် သဘာဝဖမ်းဆီးရရှိမှုလျော့နည်းကျဆင်းလာချိန်၌ အရင်းအနှီး ထည့်ဝင်နိုင်မှု နည်းပါးခြင်းက လုပ်ငန်းပိတ်ပစ်ရမှုအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာတွင် ၆၀ ရာခိုင်နှုန်း နီးပါးပင်ရှိလာခဲ့သည်က တိုင်းပြည်အတွက် စိန်ခေါ်မှုဖြစ်နေသည်။

မြန်မာ့ပင်လယ်ပြင်များအနက် တနင်္သာရီကမ်းရိုးတန်းတွင်သာ ငါးသယံဇာတ အားကောင်းနေဆဲဖြစ်ပြီး ကျန်ပင်လယ်ပြင်များတွင် လွန်ခဲ့သည့် ၁၀ စုနှစ်တစ်ခုနှင့် နှိုင်းယှဉ်ပါက ထက်ဝက်ကျော် ကျဆင်းသွားပြီဟု ငါးလုပ်ငန်းရှင်များက သတိပေးထားသည်။

တိုင်းပြည်အခြေအနေအရ လုံခြုံရေးဆိုင်ရာ ကြီးကြပ်နိုင်မှု အားနည်းခဲ့ခြင်းကလည်း အကြောင်းတစ်ရပ်ဖြစ်ပါသည်။ ကီလိုမီတာ နှစ်ထောင်ကျော်ရှည်လျားသော မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နေသူများမှာ ငါးလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေကြရသူများ ဖြစ်သည်။

ဤကဏ္ဍတွင် တိုးတက်ခြင်းက အလုပ်အကိုင်သစ်များစွာ ပေါ်ထွက်လာမှာဖြစ်ကာ ဝင်ငွေတိုးလာပေလိမ့်မည်။ သို့သော်လက်ရှိအနေအထားမှာ ရေထွက်ပစ္စည်း တင်ပို့မှုမှသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၆၈၀ ကျော် ဝင်ငွေရရှိခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဒေါ်လာသန်း ၄၀၀ ပြည့်မီဖို့ပင် မလွယ်လှဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ထုတ်ဖော်ပြောဆိုထားသည်။

သဘာဝဘေးအန္တရာယ်ကလည်း ရေထွက်ကုန်တင်ပို့မှုကို ထိခိုက်စေခဲ့သည်။ ဇူလိုင်လအတွင်း နိုင်ငံအဝန်း ရေလွှမ်းမိုးမှုများက ငါးနှင့် ပုစွန်မွေးမြူရေးကန် ဧကသုံးသောင်းကျော်ပျက်စီးခဲ့ကာ ငါးမွေးမြူရေးကဏ္ဍတွင် ကျပ် ၂၆ ဘီလီယံ ခန့်ဆုံးရှုံးခဲ့သည်ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

တိုက်ဆိုင်မှုက ၁၉၈၈ ခုနှစ်နောက်ပိုင်း ဝင်ရောက်လာသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသို့ဝင်ရောက်မှုက မပြောစလောက်သာဖြစ်သည်။

ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ဆိုင်ရာဗဟိုအစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသန္တရအစိုးရကို လုပ်ပိုင်ခွင့်များ ခွဲဝေပေးရန် လိုအပ်လာနေသည်။

ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် ရေလုပ်ငန်းအတွက် အားထားရာများဖြစ်ကြသည်။ တနင်္သာရီတိုင်းဒေသကြီးမှာ မထိတို့ရသေးသော ကျွန်းစုပေါင်း ၈၀၀ ကျော်ဖြင့် အလားအလာအကောင်းဆုံးဖြစ်သည်ဟု ကျွမ်းကျင်သူများကဆိုသည်။

ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်လုပ်လိုလျှင် မဖြစ်မနေထည့်သွင်းတွက်ချက်ရမည်ကား လျှပ်စစ်ဓာတ်အားကို သက်သက်သာသာနှင့် ရောင်းချပေးနိုင်ရေးဖြစ်သည်။ အအေးခန်းလုပ်ငန်းများ မလုပ်နိုင်လျှင် ငါးများကို ရေရှည်သိုလှောင်မသိမ်းဆည်းနိုင်သလို ဈေးကွက်ကို ဖန်တီးနိုင်စွမ်းမရှိဘဲဖြစ်ကာ ဝယ်လက်အလိုကျလိုက်နေရဦးမည်သာဖြစ်သည်။

မြန်မာနိုင်ငံဘက်ခြမ်းတွင် အခြေခံအဆောက်အအုံလိုအပ်ချက်ကြီးမားနေခြင်းက အိမ်နီးချင်းနိုင်ငံဈေးကွက်ကို အလုပ်အကျွေးပြုရာဖြစ်နေသည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ချီနေပြီဖြစ်သည်။

ဥပမာ-တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း၊ မြိတ်နှင့် ထားဝယ်တို့မှ ဖမ်းဆီးရမိသည့် ငါး၊ ပုစွန်အားလုံးကို ပြည်တွင်းဈေးကွက်မဖန်တီးနိုင်သဖြင့် ထိုင်းနိုင်ငံ ရနောင်းမြို့ရှိ လေလံဈေးကွက်ကိုသာ အားကိုးနေရသည်။

အဆိုပါ ကုန်ကြီးများကို ရနောင်းရှိ လုပ်ငန်းရှင်များက အအေးခန်းစက်ရုံပိုင်ရှင်များထံ ဖောက်သည်ပြန်သွင်းပြီး ကုန်ချောအဖြစ် ထုပ်ပိုးကာ ပြည်ပဈေးကွက်သို့ ထိုင်းနိုင်ငံထုတ်အဖြစ် တင်ပို့ရောင်းချနိုင်ခြင်းကြောင့် အကျိုးအမြတ်ပိုများလှသည်။

အအေးခန်းစက်ရုံလုပ်ငန်းများ ပိတ်သိမ်းသွားရခြင်းတွင် လျှပ်စစ်မီတာခ ဈေးကြီးမြင့်မှုကြောင့်ဖြစ်သည်။ အရေးပေါ်လျှပ်စစ်လိုအပ်ချက်ကို မည်သို့ဖြည့်ဆည်းပေးမည်နည်း။ ဒီနေရာမှာ ပြောစရာရှိသည်ကား မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့် လက်တွေ့ကျကျဖြည့်ဆည်းနိုင်မှုဖြစ်သည်။

နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိသေးပြီး အရှေ့တောင်အာရှဒေသတွင်း သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချနိုင်မှုပမာဏ အများဆုံးနိုင်ငံဖြစ်သော်လည်း လျှပ်စစ်သုံးစွဲနိုင်မှုအနည်းဆုံးဖြစ်လျက်ရှိသည်။

ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုသာမက ပြည်ပရင်းနှီးမြှုပ်နှံမှု လိုအပ်လျက်ရှိသည်။ ထို့အပြင် စီးပွားဖွံ့ဖြိုးလာသည်နှင့်အတူ စွမ်းအင်လိုအပ်ချက်က မြင့်တက်နေပြီး ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် လက်ရှိသုံးစွဲမှုနှုန်းထက် နှစ်ဆကျော်ဖြစ်လာပေဦးမည်။

လက်ရှိ ဓာတ်အားသုံးစွဲမှုမှာ မဂ္ဂါဝပ် ၂၄၀၀ ခန့်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် စက်တပ်ဆင်အင်အားက ၁၀ ဆခန့်လိုအပ်ပြီး လျှပ်စစ်မဂ္ဂါဝပ် ၂၄၀၀၀ ခန့်လိုအပ်မည်ဖြစ်သည်။ ထုတ်လုပ်မှုအပိုင်းတွင်သာမက ဖြန့်ဖြူးမှုအပိုင်းတွင် လိုအပ်ချက်က ကြီးမားနေကာ ဓာတ်အားအလေအလွင့်များကလည်း ရှိနေသည်။

လက်ရှိတွင် ရေအားလျှပ်စစ်မှ ၆၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၃၃ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးမှ ၂ ရာခိုင်နှုန်းပံ့ပိုးပေးနေသည်။ မြန်မာနိုင်ငံသည် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အားကောင်းသော်လည်း လက်ရှိကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းများမှာ ပြည်ပသို့တင်ပို့ရောင်းချရန် နှစ်ရှည်စာချုပ်ချုပ်ဆိုထားပြီးဖြစ်၍ စာချုပ်ပါ ကတိကိုလိုက်နာကြရသည်မှာ ထုံးစံဖြစ်သည်။

အသစ်တွေ့ရှိထားသော ကမ်းလွန်သဘာဝ ဓာတ်ငွေ့သိုက်များက ၂၀၂၀ ပြည့်နှစ်ထက်စော၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သည့်အနေအထားမရှိဟု သိရသည်။ လတ်တလော လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်စီမံကိန်းအများစုမှာ မကြာခဏကန့်ကွက်မှုခံနေကြရသည်က စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

သက်ဆိုင်ရာများက ပွင့်လင်းမြင်သာမှုအားနည်းသည့်အလေ့အထနှင့် နိုင်ငံရေးကဲသည့် သဘောသဘာဝ၊ သတင်းအချက်အလက်ပံ့ပိုးမှုအားနည်းချက်တို့က ဒေသခံလူထုကို လွှမ်းမိုးသွားလေ့ရှိသည်ကို သတိပြုကာ ဘက်စုံနယ်ပယ်မှပုဂ္ဂိုလ်များ ပူးပေါင်းအဖြေရှာခြင်းဖြင့် လက်တွေ့ကျသောဖြေရှင်းမှုလုပ်နိုင်ပေမည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်လာခြင်းဖြင့် ကျွမ်းကျင်မှုများ စီးဆင်းစေမှုကို ဖန်တီးနိုင်ပေမည်။

ငါးလုပ်ငန်းဆိုင်ရာ ဥပဒေသများကို ပြင်ဆင်မှုလုပ်ရန်လိုပြီး ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများတွင် ရှုပ်ထွေးနေသည်ကို လုပ်ငန်းရှင်များက ထောက်ပြထားကြသည်။ ရေထွက်လုပ်ငန်းအတွက် လူသားအရင်းအမြစ်ဖြည့်ဆည်းရန်အတွက် ငါးလုပ်ငန်းတက္ကသိုလ်မှ ပညာရှင်များ မွေးထုတ်ပေးခြင်းဖြစ်သည်။ သို့မှသာ ရေရှည်တည်တံ့သော ငါးသယံဇာတကို အကောင်အထည်ဖော်နိုင်မှာဖြစ်သည်။

**ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် ရေလုပ်ငန်းအတွက် အားထားရာများဖြစ်ကြသည်။ တနင်္သာရီတိုင်းဒေသကြီးမှာ မထိတို့ရသေးသော ကျွန်းစုပေါင်း ၈၀၀ ကျော်ဖြင့် အလားအလာအကောင်းဆုံးဖြစ်သည်ဟု ကျွမ်းကျင်သူများကဆို**

**အအေးခန်းလုပ်ငန်းများ မလုပ်နိုင်လျှင် ငါးများကိုရေရှည်သိုလှောင်မသိမ်းဆည်းနိုင်သလို ဈေးကွက်ကို ဖန်တီးနိုင်စွမ်းမရှိဘဲဖြစ်ကာ ဝယ်လက်အလိုကျ လိုက်နေရဦးမည်သာဖြစ်**

# မန္တလေးတိုင်းဒေသကြီးတွင် ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုများချီးမြှင့်

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက မြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်းရှိ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးတက်ရောက် အားပေးချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ပါတီဝင်များ၊ ဆုရရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီး၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ယနေ့ကဲ့သို့ နေ့ထူးနေ့မြတ် လွတ်လပ်ရေးနေ့တွင် နှစ်စဉ်ကြေညာကာ ချီးမြှင့်လေ့ ရှိပါကြောင်း၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည်လည်း မင်္ဂလာတရားတော်နှင့် အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဆုရရှိသူများနှင့် ဂုဏ်ပြုချီးမြှင့်ခံရသူများသည်လည်း မိမိတို့လုပ်ငန်းများကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြ၍ တိုင်းဒေသကြီးက မှတ်ကျောက်တင်ခြင်းခံခဲ့ရသည့် သင်္ကေတအမှတ်အသားတစ်ခုဖြစ်ပြီး မိမိတို့ ဘဝတစ်သက်တာမက သားစဉ်မြေးဆက်ဂုဏ်ယူစရာလည်းဖြစ်ပါကြောင်း၊




ဆုရရှိသူများအား မှတ်တမ်းတင်ချီးမြှင့်ခံကြရပြီးဖြစ်သည်နှင့်အညီ အခြားသော အဖွဲ့အစည်းများအတွက် စံနမူနာပြအဖြစ်ဖြင့် မိမိတို့နယ်မြေ အကျိုး၊ တိုင်းဒေသကြီးအကျိုးအတွက် ပင်ကိုစိတ်ရင်း စေတနာကောင်းများဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါကြောင်းစသည်ဖြင့် အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ရတနာပုံစီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု ချီးမြှင့်ခြင်းခံရသည့်သူများ၏ ဆောင်ရွက်ချက်များကို ပရိုဂျက်တာဆလိုက်များနှင့်တကွ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က ရတနာပုံစီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ကိုးဦးကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုတံဆိပ်များ ချီးမြှင့်ကာ တိုင်းဒေသကြီး ဝန်ကြီးများက စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ရှစ်ဦး၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆုရရှိသူနှစ်ဦး၊ ပညာရေးဆိုင်ရာထူးချွန်ဆုရရှိသူ ငါးဦး၊ ကျန်းမာရေးဆိုင်ရာ ထူးချွန်ဆုရရှိသူနှစ်ဦး၊ သုတေသနဆိုင်ရာ ထူးချွန်ဆုရရှိသူနှစ်ဦး၊ စက်မှုလက်မှုဆိုင်ရာ ထူးချွန်ဆုရရှိသူ သုံးဦး၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၄၂ ဦးတို့ကို ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်၍ ဂုဏ်ပြုဆုလက်မှတ်ချီးမြှင့်ခြင်းခံရသော ပညာရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်ရရှိသူ လေးဦး၊ သုတေသနဆိုင်ရာ ဂုဏ်ပြုလက်မှတ်ရရှိသူ တစ်ဦးနှင့် လူမှုရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်ရရှိသူ ၁၉၉ ဦးတို့ကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။ **(ဓါတ်ပုံ)**

အလားတူ ယနေ့မွန်းတည့် ၁၂ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်လည်း ရတနာပုံ လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိတော်မူသည့် မိုးကုတ်မြို့ ညောင်သုံးပင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရာဘိဝံသ၊ ကျောက်ဆည်မြို့ ဆင်ဖြူချုပ် ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ် မြဝတီသီလရှင်စာသင်တိုက်တို့အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုတံဆိပ်များကို ဆက်ကပ်ခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုလက်မှတ်ဆုတံဆိပ် ချီးမြှင့်ခြင်းခံရသူများအား ညနေ ၆ နာရီခွဲတွင် မြို့တော်ခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပ





**ရန်ကုန်  ဇန်နဝါရီ  ၄**

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၆ ခုနှစ် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် အလံတင်အခမ်းအနားကို ကျင်းပရာ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး တိုင်းရင်းသား တိုင်းရင်းသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ စစ်ရေးပြမှူး ဗိုလ်မှူး ဝင်းဌေးနိုင် ဦးစီးသည့် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းအဖွဲ့တို့က အခမ်းအနား ကျင်းပမည့် ပြည်သူ့ရင်ပြင်ကွင်းဥပစာသို့ ချီတက်နေရာယူကြသည်။

နံနက် ၇ နာရီတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ရောက်ရှိလာပြီး ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းအဖွဲ့တို့က ဝန်ကြီးချုပ်အား အလေးပြုခြင်း၊ နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်များနှင့် တပ်မတော်သားများကို အလေးပြုခြင်းများပြုလုပ်ပြီး ဂုဏ်ပြုတပ်ခွဲမှ သစ္စာလေးချက်ကို အမိဌာန်ပြုရွတ်ဆိုကြသည်။

၎င်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီးနောက် ဂုဏ်ပြုတပ်ခွဲ၏ အလေးပြုခြင်းခံယူကာ ပြန်လည်ထွက်ခွာခဲ့သည်။ ယင်းနောက် ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းအဖွဲ့တို့က စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ပြုလုပ်ကာ အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ တိုင်းရင်းသားတိုင်းရင်းသူများနှင့် ခရိုင်/မြို့နယ်များမှ ဒေသခံများ စုစုပေါင်းအင်အား ၃၀၀၀ ကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**မန္တလေး  ဇန်နဝါရီ  ၄**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများအဖြစ် ဇန်နဝါရီ ၄ ရက်က မန္တလေးမြို့တွင်းရှိ ရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဦးဆောင်၍ ရပ်ကွက်နေပြည်သူများက အားကစားနည်းမျိုးစုံတို့ဖြင့် ရပ်ကွက်တွင်းရှိ အားကစားကွင်းများနှင့် လမ်းမများပေါ်တွင် ပြိုင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ပြိုင်ပွဲများကျင်းပရာတွင် အမျိုးသားအဖွဲ့များမှ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲများနှင့် လွန်ဆွဲပွဲများ ကျင်းပကြပြီး အမျိုးသမီးအဖွဲ့များမှ အပြေးပြိုင်ပွဲ၊ ဆန်ကောရွက်လမ်းလျှောက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများနှင့် ကလေးငယ်များက မုန့်စားပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ နှစ်ယောက်တွဲ ဂုန်နီအိတ်စွပ် အပြေးပြိုင်ပွဲနှင့် ကြက်ဖခွပ်ပြိုင်ပွဲများကို ကျင်းပခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းတွင်းအားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းရှေ့မြက်ခင်းပြင်အားကစားကွင်း၌ ယနေ့နံနက် ၇ နာရီခွဲက ကျင်းပရာ ခေါင်းအုံးရိုက်ပွဲတွင် ယှဉ်ပြိုင်ကစားကြစဉ်။ ကိုပေါက်(ဥက္ကာမြေ)

**ဇန်နဝါရီ ၄ ရက်က ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နမ့်ဆန်အထက(ခွဲ) အားကစားကွင်း၌ ကျင်းပရာ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကြစဉ်။** (မြို့နယ် ပြန်/ဆက်)



# တောင်ငူတွင် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲကျင်းပ

**တောင်ငူ  ဇန်နဝါရီ  ၄**

တောင်ငူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးပြိုင်ပွဲ အမှတ်ပေးပုံစံနှင့် အားကစားပြိုင်ပွဲ ကျင်းပရခြင်းအကြောင်းကို မြို့နယ်ကျန်းမာရေးမှူးက ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဆုရရှိသည့်ကလေးများကို ဆုချီးမြှင့်ရာ တစ်နှစ်အောက် အမွှာဆုရရှိသည့် ကလေးများ၊ မွေးကင်းစမှ ခြောက်လအရွယ် ကလေး၊ ခြောက်လမှ တစ်နှစ်အရွယ်ကလေး၊ တစ်နှစ်မှ နှစ်နှစ်အရွယ်ကလေးများ ကိုယ်အလေးချိန်နှင့် ဉာဏ်ရည်ထက်မြက်မှု၊ ကျန်းမာရေးကောင်းမွန်မှုဆုရရှိသည့် ကလေးများကို ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဘောလုံးရွေးချယ်ခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ က/ခ ချိတ်ခြင်း၊ ပုံသဏ္ဌာန်တူထပ်ခြင်း စသည့် ကစားနည်းများတွင် ဆုရရှိသည့်ကလေးများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ကလေးငယ်များကို ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရပ်ကွက်ချင်းဆက်လမ်းများဖွင့်

**မူဆယ်  ဇန်နဝါရီ  ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ရွှေလီမြစ်အနီး နယူးစတားလိုက်ကုမ္ပဏီ စီမံကိန်းဝင်လမ်းဆုံ မုခ်ဦးတွင် ရပ်ကွက်ချင်းဆက်လမ်းများဖွင့်ပွဲ ကျင်းပသည်။

ယင်းလမ်းများသည် မူဆယ်ဗဟိုစီးပွားရေးဇုန်မှ ဟိုဆောင်၊ တော်ရွက်၊ ဖွေးဟုန်း၊ ရပ်ကွက်နယ်မြေများမှ မြို့ပေါ်ရပ်ကွက်များဖြစ်သော မြောက်ရပ်ကွက်၊ ကောင်းနောင်ရပ်ကွက်၊ ခရစ်ယာန်ရပ်ကွက်များသို့ ဖောက်လုပ်ထားသော ၁၄၂၃၂ ပေရှည် ကွန်ကရစ်လမ်းဖြစ်ပြီး ကုန်ကျငွေကျပ် ၅၀၇၆ သိန်းဖြစ်သည်။ အဆိုပါလမ်းမှာ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်းအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ ဒီလိုစီမံကိန်းကြီးကို အမှီပြုပြီး အခုလိုလမ်းတွေ၊ ကျောင်းတွေပေါ်ထွက်လာတာ တကယ်ဝမ်းသာစရာပါ" ဟု လမ်းဖွင့်ပွဲသို့ တက်ရောက်လာသည့် ဒေသခံတစ်ဦးက ပြောကြားသည်။

မူဆယ်ဗဟိုစီးပွား ရေးဇုန်စီမံကိန်းမှာ ရွှေလီမြစ်ကမ်းတစ်လျှောက် မြေဧက ၂၉၄ ဧကတွင် ဇုန်ခြောက်ဇုန်ခွဲကာ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းကြီးဖြစ်၍ လာမည့် ဇန်နဝါရီ ၁၉ ရက်တွင် ဈေးကြီးတစ်ခုပါသော ဇုန်အပိုင်းတစ်ခုကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**



# ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော သံအမတ်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

*ရှေ့ဖုံးမှ*

အဆိုပါ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီးဒေါ်ခင်ပြုံး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ဂုဏ်ပြုကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် နိဗ္ဗာန်စျေးရောင်းပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၄**

ဇန်နဝါရီ ၄ ရက်က လမ်းမတော်မြို့နယ် (၅)ရပ်ကွက် ၁၁ လမ်းအတွင်း (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် လမ်းအတွင်း၌ အားကစားပြိုင်ပွဲကျင်းပကာ ညနေ ၃ နာရီတွင် လမ်းအတွင်း နေထိုင်သူများက နိဗ္ဗာန်စျေး ဖွင့်ရောင်းချကြပြီး ညနေ ၅ နာရီတွင် နံနက်ပိုင်းအားကစားပြိုင်ပွဲမှ ဆုရရှိသူများအား ဆုများချီးမြှင့်ကြောင်းသိရသည်။

**ခင်ဆိုင်**



(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မြင်းမူမြို့ အမှတ်(၂)နယ်မြေရှိ မာဃရပ်ကွက်လူငယ်များ၊ ရပ်ကွက်အတွင်း ကလေးသူငယ်များ ပျော်ပွဲရွှင်ပွဲများပြုလုပ်ရာ မီတာ ၁၀၀၊ မီတာ ၂၀၀၊ အလွတ်ပြေးပွဲ၊ ခြေပူးပြေးပွဲ၊ လက်ဆင့်ကမ်းပြေးပွဲနှင့် မုန့်စားပြေးပြိုင်ပွဲများ ယှဉ်ပြိုင်ကြစဉ်။ (ဝဇ္ဇ)

## (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစား ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ယနေ့နံနက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာန ၂၀ တို့မှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ထုပ်ဆီးတိုး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ လွန်ဆွဲ၊ ဖူဆယ်ဘောလုံး၊ ချောတိုင်တက်၊ ဆန်ကောရွက်၊ ဂုန်နီအိတ်စွပ်၊ သုံးချောင်းထောက်၊ မုန့်စား၊ သံပုံးရိုက်၊ အာလူးကောက်၊ အပ်ချည်ထိုး၊ ပူဖောင်းပုတ်၊ ကလေးပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြရာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးလှမြင့်နှင့် ဇနီးဒေါ်ခင်အေးနွယ်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များက ကြည့်ရှုအားပေးပြီး အားကစားနည်းများ အလိုက် ဆုရရှိသူများအားဆုများ ပေးအပ်ချီးမြှင့်ခဲ့ ကြသည်။

အလားတူ မြို့နယ်၊ ရပ်ကွက်များတွင် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**



## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**မြဝတီ ဇန်နဝါရီ ၄** ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး(ကာယ/ဉာဏ) ဝန်ထမ်းမိသားစုများက (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘော်လီဘောပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ မြဝတီကုန်သွယ်ရေးဇုန် စစ်ဆေးရေးဂိတ်ဝင်းအတွင်း၌ ကျင်းပရာ ကုန်တင်ကုန်ချလုပ်သားအဖွဲ့ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်ကကျင်းပရာ ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁)လုပ်သားအဖွဲ့အား မြို့နယ်ကုန်တင်ကုန်ချ ကော်မတီရုံးမှ မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်စိုးက ဆုဖလားနှင့် ငွေသားဆုကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် အမှတ်(၅)လုပ်သားအဖွဲ့နှင့် တတိယဆုရရှိသည့် အမှတ်(၂)လုပ်သားအဖွဲ့တို့အား လုပ်ငန်းခွင်စောင့်ရှောက်ရေးမှူး ဦးအေးသိန်းနှင့် အလုပ်သမားစုမှူး ဦးရဲဝင်းတို့ကလည်းကောင်း ဆုများချီးမြှင့်ပေးခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# တပ်မတော်သည် ညီအစ်ကိုမောင်ဖွား တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ကာကွယ်

နေပြည်တော် ဇန်နဝါရီ ၄

**“ငြိမ်းချမ်းရေးကို တည်ဆောက်လိုလျှင် စစ်ရေးအကြောင်း ဦးစွာသဘောပေါက်အောင်လုပ်ပါ”ဆိုသည့် ဆိုရိုးစကားတစ်ရပ်ရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကို ငြိမ်းချမ်းအောင်ဆောင်ရွက်ရာတွင် စစ်ရေးဆိုင်ရာရင်ဆိုင်ရမှုများရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ယင်းရင်ဆိုင်ရမှုများမှာ မိမိတို့တပ်မတော်က စစ်ကိုလိုလားသောကြောင့် ဖြစ်နေခြင်းမဟုတ်သည်ကို ဖြစ်စဉ်ဖြစ်ရပ်များကို အစွဲကင်းကင်းဖြင့် ဂဃနဏလေ့လာကြည့်လျှင် တွေ့နိုင်ကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက ယနေ့တိုင်အောင် မိမိတို့ရဲဘော်ရဲဘက်များ၏ အသက်၊ ခန္ဓာ၊ သွေးများစွာ ပေးဆပ်နေရကြောင်း။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ဓာတ်ပုံ-မြဝတီ)

ယနေ့ မိမိတို့တိုက်ပွဲဝင်နေရခြင်း များသည် နိုင်ငံတော်၊ ပြည်သူ နှင့် တပ်မတော်အတွက် တရား သောစစ်သာ ဖြစ်သည်ဆိုသည်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အပါအဝင် ရဲဘော်ရဲဘက်များ အားလုံးက မှန်သောသစ္စာ ဆိုဝံ့ ကြောင်း၊ အမိနိုင်ငံတော်၏ မြေပြင်၊ ဝေဟင်၊ ရေပြင် ရေအောက်ပိုင်နက် နယ်မြေများ၊ အမိနိုင်ငံတော်နှင့် နိုင်ငံ သူနိုင်ငံသားတို့၏ အကျိုးစီးပွား၊ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများ ကို ကာကွယ်စောင့်ရှောက်ကြရမည့် တာဝန်ဝတ္တရားများမှာ နိုင်ငံသား တိုင်း၏ မွေးရာပါ အမျိုးသားနိုင်ငံ ရေး တာဝန်တစ်ရပ်ဖြစ်ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာ သီရိဗိမာန်၌ကျင်းပသော တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံ များသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြား သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိ ပျံ့ချီစိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ပူးတွဲ တာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာန ချုပ် တိုင်းမှူးနှင့်ဇနီး၊ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်လက်ခံရယူ ကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက် ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့ နိုင်ငံအသီးသီးသည် နိုင်ငံတော် ကာကွယ်ရေးအတွက် တပ်မတော် များ ဖွဲ့စည်းထူထောင်ပြီး နိုင်ငံ ကာကွယ်ရေးတာဝန်များကို ထမ်း ဆောင်လျက်ရှိကြောင်း၊ ယင်း တပ်မတော်များသည် စတင်ပေါ် ပေါက်လာရသည့် အကြောင်းအရင်း၊ တည်ထောင်ရခြင်း၏ မူလရည်ရွယ် ချက်၊ ဖွဲ့စည်းထူထောင်ရာတွင် အမာခံ၊ အမြုတေအဖြစ် ပါဝင်ခဲ့သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ စသည် တို့အပေါ် မူတည်ပြီး ထူးခြားသည့် ဝိသေသလက္ခဏာများ ရှိကြကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် ပိုမို ထူးခြားပြောင်မြောက်သည့် နိုင်ငံ တော်၏ တိုင်းပြည်တည်ဆောက်ရေး (National Building)၊ နိုင်ငံတည် ဆောက်ရေး (State Building)၊ သမိုင်းများနှင့် ခွဲခြား၍မရအောင် ယှဉ်တွဲနေသည့် သမိုင်းဆိုင်ရာ ဝိသေသလက္ခဏာများ၊ ခေတ်သစ် အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍတွင် ဦးဆောင် ပါဝင်နေဆဲဖြစ်သည့် ပစ္စုပ္ပန်ဆိုင်ရာ ဝိသေသလက္ခဏာ များဖြင့် ပြည့်စုံနေသည့် တပ်မတော် ဖြစ်ကြောင်း။

မိမိတို့တပ်မတော်ကို ဆုံးရှုံး ခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရန် မျိုးချစ် လူငယ်များဖြင့် စတင်ဖွဲ့စည်းခဲ့ ကြောင်း၊ မည်သည့်ရပိုင်ခွင့်၊ ခံစား ပိုင်ခွင့်ကိုမျှ မျှော်လင့်၍မရနိုင်သည့် အခြေအနေတွင် တိုင်းချစ်၊ ပြည်ချစ် စိတ်၊ အမျိုးချစ်စိတ်များဖြင့် အရင်းခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုအချိန်က ပြည်သူများ၏ ပြင်းပြ သည့်ဆန္ဒ လိုလားချက်ဖြစ်သော “လွတ်လပ်ရေးသည်ပထမ၊ လွတ်လပ် ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ”ဆိုသည့် အမျိုးသားရေး လိုအပ်ချက်ကို တပ်မတော်က ဦးဆောင် အကောင်အထည်ဖော် ဖြည့်ဆည်းပေးခဲ့ကြောင်း၊ လွတ်လပ် ရေးရပြီးချိန်တွင် ရွေးချယ်ကျင့်သုံး ခဲ့သည့် ပါလီမန်ဒီမိုကရေစီစနစ်မှ တိုင်းရင်းသားပြည်သူလူထု လိုလား သည့် ဆိုရှယ်လစ်စနစ်ကို ပြောင်းလဲ ဖော်ဆောင်ရာတွင်လည်း တပ်မတော် ကလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ မျက် မှောက်ကာလ တိုင်းရင်းသားပြည်သူ များ၏ဆန္ဒဖြစ်သော ပါတီစုံဒီမို ကရေစီလမ်းကြောင်းကို ပြောင်းလဲ လျှောက်လှမ်းနိုင်ရန်အတွက်လည်း တပ်မတော်ကပင် ဦးဆောင်အသွင် ကူးပြောင်းပေးခဲ့ကြောင်း၊ တပ်မတော် သည် ပြည်သူများ၏ လိုလားချက် မှန်သမျှကို ခေတ်အဆက်ဆက် အလေးထား ဖြည့်ဆည်းပေးခဲ့ ကြောင်း၊ မိမိတို့တပ်မတော်သားများ သည် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးနှင့် အမျိုးသားရေးတာဝန်များ ကို စွန့်လွှတ်အနစ်နာခံမှုများဖြင့် ထမ်းဆောင်ခဲ့ကြောင်း၊ သာမန်ထက် သာလွန်သည့် စွမ်းရည်သတ္တိများကို ပြသခဲ့ကြောင်း၊ စွမ်းရည်သတ္တိ ဆိုသည်မှာ လုပ်ရဲကိုင်ရဲခြင်း၊ ရဲစွမ်း သတ္တိရှိခြင်းဆိုသည်ထက် ပိုမို ကျယ်ပြန့်သည့် အဓိပ္ပာယ်ရှိကြောင်း၊ စွမ်းရည်သတ္တိတွင် ပေးဆပ်ရဲ၊ စွန့်လွှတ်ရဲသည့်စိတ်၊ ရဲဘော် ရဲဘက် စိတ်၊ မှန်ကန်သည့် ဆုံးဖြတ်ချက်၊ မှန်ကန်သည့် စွန့်လွှတ်စွန့်စားမှုများ လည်း ပါဝင်နေကြောင်း၊ ထိုသို့ရဲစွမ်း သတ္တိဖြင့် အထူးပြည့်စုံသည့် အရာရှိ စစ်သည်များကို နိုင်ငံတော်နှင့် တပ်မတော်က နှစ်စဉ်နှစ်တိုင်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေး နေကြောင်း။

ယနေ့အခမ်းအနားတွင် သူရဲ ကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ တစ်ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ရှစ်ဦး၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ရရှိသူ တစ်ဦးတို့ကို ဂုဏ်ပြုချီးမြှင့် ပေးခြင်းမှာ တပ်မတော်၏ သာလွန် မွန်မြတ်သည့် ရဲစွမ်းသတ္တိနှင့် စွန့်လွှတ်စွန့်စားခြင်းအတွက် သမိုင်း ဆိုင်ရာ မှတ်ကျောက်တစ်ခုဖြစ် ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ဆိုသည်မှာ တိုင်းပြည်အတွက် ထမ်းဆောင်ကြသည့် တာဝန်များ အနက် အစွန့်စားရဆုံး၊ ပေးဆပ် စွန့်လွှတ်ရမှုအများဆုံး၊ တိုင်းပြည် အတွက် အရေးအကြီးဆုံး တာဝန် တစ်ရပ်ဖြစ်သည့်အပြင် လူတိုင်းပြု ရခဲပြုနိုင်ခဲသည့် အမွန်မြတ်ဆုံးသော တာဝန်တစ်ရပ်ဖြစ်ကြောင်း။

အမိနိုင်ငံတော်၏ လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲမှုကို ရဲစွမ်းသတ္တိရှိရှိ သက်စွန့် ကြိုးပမ်းကာကွယ်ခြင်း၊ ညီအစ်ကို မောင်ဖွား တိုင်းရင်းသားပြည်သူ များ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ကာကွယ်ခြင်းလုပ်ငန်း များသည် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့ အကျိုးပြု၊ ဘာသာသာသနာအကျိုးပြု လုပ်ငန်းများကို အသက်စွန့်လှူရ ခြင်းဖြစ်၍ ဇီဝိတဒါနမြောက်သည့် အတွက် “ရဲသော်မသေ သေသော် ငရဲမလား”ဆိုသည့် အဆိုအမိန့် တစ်ရပ် ပေါ်ပေါက်လာခြင်း ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အမိ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်း မှုသမိုင်းမှစပြီး ယနေ့တိုင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အပေါ် သာလွန်မွန်မြတ်သော သစ္စာစောင့်သိ စွန့်လွှတ်စွန့်စားမှုကို ဆက်လက် ဆောင်ရွက်ပြီး နိုင်ငံတော်ကို ကာကွယ် သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာ တွင် ထက်သန်ပြောင်မြောက်စွာ သက်စွန့်ကြိုးပမ်း ထမ်းဆောင်သူ များသည် ပြည့်စုံမွန်မြတ်သော မှတ်တမ်းကောင်း ချန်ရစ်သူ ယောကျာ်းကောင်း ယောကျာ်းမြတ် များဖြစ်၍ တပ်မတော်၊ နိုင်ငံတော် နှင့် ပြည်သူက သားကောင်းဇာနည် များအဖြစ် မှတ်တမ်းတင်ပြီး အမြဲ တမ်းအမှတ်ရ ဂုဏ်ယူနေမည်ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်း မှတ်တမ်းဝင် တံဆိပ်ရရှိသူ တပ်ကြပ် ကြီး ကျော်မြသိန်းကိုယ်စား ဇနီး ဒေါ်စောမြမွန်အား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ရရှိသူများ ဖြစ်ကြသည့် တပ်ကြပ်ကြီးမြင့်လွင်၊ တပ်ကြပ် ရဲမင်းစိုး၊ ဒုတိယတပ်ကြပ် သိန်းထွန်းကိုယ်စား ဇနီး ဒေါ်စန်းစန်း အေး၊ ဒုတိယတပ်ကြပ် အောင်ခိုင်၊ ဒုတိယတပ်ကြပ် ဝင်းကျော်ဦး၊ ဒုတိယ တပ်ကြပ် ကျော်ခိုင်၊ ဒုတိယတပ်ကြပ် စိုးမြင့်သိန်းနှင့် ပြည်သူ့စစ်ခေါင်း ဆောင်ဖြစ်သူ ဦးထွန်းမြတ်လေးတို့ အားလည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူး ဆောင်လက်မှတ်ရရှိသူ ဗိုလ်ကျော် ရဲအောင်အားလည်းကောင်း သူရဲ ကောင်းမှတ်တမ်းဝင် တံဆိပ်နှင့် လက်မှတ်များကို ပေးအပ်ချီးမြှင့် သည်။

တပ်မတော်တွင် စွမ်းရည်သတ္တိ ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်မှုမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ အထိ အောင်ဆန်းသူရိယဘွဲ့ ခြောက်ဦး၊ သီဟသူရဘွဲ့ ၄၇ ဦး၊ သူရဘွဲ့ ၅၄၂ ဦး၊ သီဟဗလတံဆိပ် ခြောက်ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၁၈၆၂ ဦး၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ် ၁၈၉၀ ၊ စစ်သေနာပတိချုပ် ၏ သူရဲကောင်းလက်မှတ် ၃၃၅ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၂၅၂၆ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူး ဆောင်လက်မှတ် နှစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၈၇၄ ဦး ရှိခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# လွတ်လပ်ရေးနေ့၌ မွေးဖွားသော ကလေးငယ်အား ထောက်ပံ့

**ကန့်ဘလူ ဇန်နဝါရီ ၄**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နံနက် ၂ နာရီ ၅ မိနစ်က ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်နေ ဦးကျော်မိုးထွန်း၏ဇနီး ဒေါ်ချိုမာလွင်မှ သမီးမိန်းကလေး (လွတ်လပ်ရေးမယ်)မွေးဖွားခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးလွင်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၅၀၀၀၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ချိုဦးနှင့်အဖွဲ့ဝင်တို့က ငွေကျပ် ၁၀၀၀၀၊ အမှတ် (၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်က ငွေကျပ် ၅၀၀၀ တို့ကို နံနက် ၁၀ နာရီက အိမ်တိုင်ရာရောက် ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၄**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

# ဘုရင့်နောင်မီးရထားခုံးကျော်တံတားအဆင်း ဒိုင်နာယာဉ် တိမ်းမှောက်

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ၄ လမ်းထိပ် ဈေးဘူတာမှတ်တိုင်အရောက် လိုင်းအမှတ်(၉၆) မထသ ဒိုင်နာယာဉ် အဖြူရောင် 4A/----- တိမ်းမှောက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါခရီးသည်တင်ယာဉ်သည် အနောက်မှ အရှေ့သို့ မောင်းနှင်လာပြီး ဘုရင့်နောင်မီးရထားခုံးကျော်တံတားအဆင်း ရွှေထီးအိမ်ရာနှင့် (၄)လမ်းထိပ်ဆုံရာ ဈေးဘူတာမှတ်တိုင်အရောက် လမ်းအလယ်ရှိ ကွန်ကရစ်ဘလောက်တုံးများကို အရှိန်ဖြင့် ဝင်တိုက်မိရာ ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီတွင် ယာဘက်သို့ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ယာဉ်ပေါ်ပါ ခရီးသည်ငါးဦး ဒဏ်ရာအနည်းငယ်စီ(မစိုးရိမ်)ရသဖြင့် အင်းစိန်ဆေးရုံသို့ နှစ်ဦး၊ ရန်ကုန်ဆေးရုံကြီးသို့ သုံးဦးတို့ကို တာဝန်ရှိသူများက ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းသူမှာ တိမ်းရှောင်သွားသောကြောင့် မရမ်းကုန်းနယ်မြေ ယာဉ်မှုစစ်ရဲအုပ် မျိုးတင့်က စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(ဝ၁၅)**



## အရှိန်လွန်သည့်ကားက ဆိုင်ကယ်နှစ်စီးကို ဆင့်ကဲတိုက်

**ကျောင်းကုန်း ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာအနီး၌ ဇန်နဝါရီ ၂ ရက် ည ၁၀ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ်(၆၃/၃)နှင့်(၆၃/၄)ကြားတွင် ရန်ကုန်မှ ချောင်းသာသို့ ခင်ဇော်မြင့်(၄၀ နှစ်) မြောက်ဥက္ကလာမြို့နေသူ မောင်းနှင်သည့် 9G /---- ပရိုဘောက်ယာဉ်သည် ရှေ့မှ လားရာတူ ညောင်ဝိုင်းရွာမှ ကျောင်းကုန်းဘက်သို့ ထွန်းထွန်းဝင်း(၄၆ နှစ်) ကျုံပျော်မြို့နေသူ မောင်းနှင်သည့် ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိရာ လဲကျသွားပြီး အရှိန်မထိန်းနိုင်ဘဲ အင်းမဘက်မှ ကွင်းကြီးကျေးရွာဘက်သို့ ရဲဝင့်ပိုင်(၂၃ နှစ်) ကန်ကြီးထောင့်မြို့နေသူ မောင်းနှင်ပြီး ဦးမြင့်ခင်(၄၅ နှစ်) ပန်းတနော်မြို့နေသူ လိုက်ပါစီးနင်းသည့် ဆိုင်ကယ်ကို ထပ်မံတိုက်မိရာ အဆိုပါ သုံးဦးစလုံးတွင် ဒဏ်ရာများရရှိသွားကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# စပါးအိတ်များတင်ဆောင်လာသည့်မော်တော်ယာဉ် လမ်းရှောင်ရာမှ တိမ်းမှောက်

**မြောင်းမြ ဇန်နဝါရီ ၄**

မြောင်းမြခရိုင် မြောင်းမြမြို့ မြကန်သာရပ်ကွက် မြို့အပြင်ပတ်လမ်း၌ ဇန်နဝါရီ ၂ ရက်က မော်တော်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တွေ့ပြီး ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၅ နာရီက လပွတ္တာမြို့မှ မြောင်းမြမြို့သို့ ယာဉ်မောင်း ကိုထိန်လင်း (၃၆ နှစ်) နဝဒေးလမ်း အမှတ်(၁၀)ရပ်ကွက် လပွတ္တာမြို့နေသူ မောင်းနှင်လာသည့် 3B/----(NISSAN)အမျိုးအစား ကုန်တင်ယာဉ်သည် စပါးအိတ်များ တင်ဆောင်မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော အိမ်စီးယာဉ်ငယ်နှင့် တွေ့ဆုံသဖြင့် စပါးအိတ်များ တင်ဆောင်လာသည့် ကုန်တင်ယာဉ်က နောက်ဆုတ် ရှောင်တိမ်းပေးရာမှ လမ်း၏ ယာဘက်ခြမ်းသို့ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်းရှိ မရှိ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များ ပါရှိခြင်းရှိ မရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စစ်ဆေးပြီး အခင်းဖြစ်ရာ နေရာသည် မြို့ပတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသော နေရာဖြစ်ရာ လမ်းတစ်ခြမ်းသာ မော်တော်ယာဉ်များ အသုံးပြုသွားလာရသဖြင့် လမ်းခင်းစဉ်ကာလအတွင်း လမ်းအသုံးပြုသူများမှ မောင်းနှင်သွားလာရာတွင် သတိထားမောင်းနှင် ရန်လိုအပ်ကြောင်း၊ ယာဉ်မောင်းသူအချင်းချင်း ယာဉ်စည်းကမ်းလိုက်နာပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှုရယူကာ မောင်းနှင်ကြရန်လိုအပ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး လှထွန်းက ပြောသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

# အင်းစိန်ဈေးပေါက်ဝ၌ ချိုင်းစာရွက်များရောင်းချနေမှုကို ဖမ်းဆီး

**ရန်ကုန် ဇန်နဝါရီ ၄**

အင်းစိန်မြို့နယ် အင်းစိန်ဈေးအဝင် ဘယ်ဘက်အစွန်(မီးသတ်ရုံး)နှင့် ကပ်လျက်ရှိသည့် ဈေးပေါက်ဝအနီး၌ ဇန်နဝါရီ ၃ ရက်က သုံးလုံးထီ ချိုင်းစာရွက်များကို ဗန်းဖြင့်ထည့်ကာ ရောင်းချနေကြောင်း သတင်းအရ ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များက အတည်ပြု စုံစမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါနေရာတွင် အင်းစိန်မြို့နယ်နေ ဟန်ငြိမ်း(၄၂ နှစ်)အား နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသော ချိုင်းစာရွက်မျိုးစုံ ၂၅ ရွက်၊ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော အတိတ်ပေး ကတ်ပြားမျိုးစုံ ၂၈ ကတ်၊ အောင်နိမိတ်စာတန်းပါ အတိတ်ပေး ချိုင်းစာအိတ်မျိုးစုံ ၉၈ အိတ်တို့ကို နှီးဗန်းအတွင်းထည့်လျက် ရောင်းချနေပြီး ယင်းပစ္စည်းများ ရောင်းချရငွေကျပ် ၅၈၀၀၊ အလားတူ အဆိုပါ နေရာ၌ပင် အင်းစိန်မြို့နယ်နေ ကြွက်(ခ)ညီညီ(၃၄ နှစ်)ကို နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော ချိုင်းစာရွက်မျိုးစုံ ၃၅၀၊ ညောင်တုန်းဘိုးတော် စာသားပါ အတိတ်ပေး ကတ်ပြားမျိုးစုံ ၇၀၊ အတိတ်ပေးချိုင်းစာအိတ်မျိုးစုံ ၁၄၅ အိတ်၊ ရွှေလင်းယုံစာသားပါ အတိတ်ပေး ချိုင်းစာရွက်မျိုးစုံ ၃၇ ရွက်၊ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသော ပြက္ခဒိန်အခု ၆၀၊ နှစ်လုံးထီ၊ သုံးလုံးထီ အတိတ်ပေး စာအုပ်မျိုးစုံ ၃၃ ရွက်၊ ယင်းပစ္စည်းများရောင်းချရငွေကျပ် ၇၀၀ တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အင်းစိန်မြို့မရဲစခန်းက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထုမှ သတင်းပေး တိုင်ကြားမှုအပေါ် အရေးယူ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက်က နောင်ချိုမြို့အဝင် ORIENTAL HIGHWAY တိုးဂိတ်အနီးတွင် ကွတ်ခိုင်ဘက်မှ မန္တလေးဘက်သို့ ကျန်းချောက်ရှီ မောင်းနှင်လာသည့် 5C/---- Toyota Hilux Surf မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ကွတ်ခိုင်ဘက်မှ လားရှိုးဘက်သို့ စံပေါ် မောင်းနှင်ပြီး အိုက်ငို လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀၊ တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ(၁၃) ရွှေတောင်ကြားလမ်းနေ ချမ်းငြိမ်းစိုး(ခ)ဖိုးရှမ်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇော်သီဟနောင်၊ နေလင်း(ခ)စနေတို့ သုံးဦးကို တွေ့ရှိ ရပြီး အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် နေအိမ်ဘေးမှ YGN/---- CALDINA မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ကျန်းချောက်ရှီအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အုပ်စုဖွဲ့ ဆိုင်ကယ်ခိုးယူသူများအား ဖမ်းဆီးရမိ

**ပဲခူး ဇန်နဝါရီ ၄**

ပဲခူးမြို့အမှတ်(၂) နယ်မြေရဲစခန်းအပိုင်တွင် ဇန်နဝါရီ ၄ ရက် နံနက် ၃ နာရီက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ကျော်မင်းထွန်းနှင့်အဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ရပ်ကွက်ကြီး(၁) မြေတိုင်း(၆) ၂ လမ်းသွယ်ထိပ်တွင် Honda Click အမျိုးအစား ဆိုင်ကယ်တစ်စီးသည် သော့မပါဘဲ မသင်္ကာဖွယ်ရာလူတစ်ဦးအား တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့ရာ မရပ်ဘဲ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရမိခဲ့သည်။



၎င်းအား စစ်ဆေးမေးမြန်းခဲ့ရာ ထွန်းထွန်းဦး(ခ)ပြည့်စုံ (၂၇ နှစ်) ရပ်ကွက်ကြီး(၁) ဥဿာမြို့သစ် မြေတိုင်း(၆)နေသူဖြစ်ပြီး ဆိုင်ကယ်ဘေးတွင် ကြိုးဖြင့် သံဖြတ်ရာတွင် အသုံးပြုသည့် သံဖြတ်ကတ်ကြေးတစ်ချောင်းတို့ကို တွေ့ရှိခဲ့ရ၍ ဆိုင်ကယ်ပိုင်ဆိုင်ကြောင်း အထောက်အထားမပြသနိုင်ဘဲ နေအိမ်အဆောက်အအုံအတွင်းမှ ခိုးယူခဲ့သည်ဟု သိရှိခဲ့ရသည်။ ဆက်လက်စစ်ဆေးမေးမြန်းခဲ့ရာ ကွင်းဆက်ပြစ်မှုကျူးလွန်သူ သုံးဦးသည် စုစုပေါင်းဆိုင်ကယ် ၁၀ စီးကျော်ကို ခိုးယူခဲ့ကြောင်း သိရသောကြောင့် အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဓါတ်ပုံ)**

**သန့်စင်(ပဲခူး)**

# တရားမဝင်လက်နက်ကိုင်ဆောင်သူအား အရေးယူ

**ကသာ ဇန်နဝါရီ ၄**

ကသာခရိုင် အင်းတော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အင်းတော်မြို့နယ် နောင်မိုးကျေးရွာနေ သန်းထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်မီးဖိုချောင်အတွင်းရှိ ကြောင်အိမ်ပေါ်၌ တင်ထားသော ပြောင်းအရှည် ၁၅ လက်မ၊ ကိုယ်ထည် ၁၄ လက်မ၊ ဒင်ပိုင်း ၁၂ လက်မရှိ လွယ်ကြိုးတပ်လျက် လေသေနတ်တစ်လက်ကို တွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

တရားမဝင်လက်နက်ပုန်းကိုင်ဆောင်သူ သန်းထွန်း(၄၂ နှစ်)ကို အင်းတော်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## မြန်မာ့ပင်လယ်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ပျော်သလားဟေ့ မောင်တို့ရေ

ခင်မောင်ထွေး

လော်စပီကာတောဝါကြောင့် မောင်ချစ်ဖေအိပ်ချိန် ရှစ်နာရီမပြည့်ဘဲ အိပ်မှုန်စုံမွှားနိုးထလာရသည်။ ဟက်ပီးနယူးရီးယားညက ပျက်ခဲ့ရသည့်အိပ်ရေးက ယခုတိုင်မဝသေး၍ ရုံးပိတ်ရက်များတွင် အတိုးချအိပ်မည်ရှိသေး။

"တောက်. . . ဒီနိုင်ငံမှာ မနေချင်တော့ဘူးကွာ"

မောင်ချစ်ဖေ၏အပြောကို စောဖေတို့က နှာကျေပီးသားဖြစ်နေသလို သိနေသည့်မဒမ်က "ရှင်ကလည်း ဒီနေ့လွတ်လပ်ရေးနေ့လေ၊ ကလေးတွေအတွက် ပျော်ပွဲရွှင်ပွဲလုပ်ပေးနေတာ နားလည်မှုရှိမှပေါ့"

မဒမ်က ယောနိသော မနသိကာရဖြင့် သို့ကလို ဖြေသိမ့်ပါသော်လည်း မောင်ချစ်ဖေကမူ သိပ်မကျေနပ်။ ခံရပေါင်းများ၍လည်း စိတ်ထဲက အခုအခံက အလွယ်တကူမပျောက်နိုင်၊ သို့ဖြင့် တိုက်စစ်ကို တိုက်စစ်ဖြင့် ရိုက်ချိုးသည့်အနေဖြင့် ကိုယ့်အိမ်က ကက်ဆက်ကို အရှက်ဦးတိုက်စစ်အဖြစ်ဆင်နွှဲရသော် ကောင်းပေမလားဟုလည်း စိတ်ထဲတွေးမိပြန်၏။

သို့ပါသော်လည်း အမျိုးသားပြန်လည်ပေါင်းစည်းရေး၊ အမျိုးသားသင့်မြတ်ရေးခေတ်ကြီး အတွင်းဝယ် အတိုက်အခံသိပ်မလုပ်ချင်တော့ပါ။

ထိုစဉ်အခိုက်မှာပင် မောင်ချစ်ဖေ၏ စိတ်ထဲဝယ် တစ်ရေးနိုးသော် အကြံပေါ်ဆိုသို့နှယ် အကြံကောင်းတစ်ချက် လင်းလက်လာပါသည်။

"သူတို့ပျော်သလို ကိုယ်လည်းပျော်တတ်တဲ့ နှလုံးသားရှိတာပဲ။ သူတို့လည်း ၁၂ လရာသီပျော်တတ်တဲ့ မြန်မာ၊ ကိုယ်လည်း ထာဝရပျော်တတ်တဲ့ မြန်မာပဲ၊ ဟုတ်ပြီ သူပျော်သလို ကိုယ်လည်းပျော်တော့မည်" ဟူသည့် အတွေးပေတည်း။

သို့ဖြင့် ငယ်ငယ်က အလွတ်ရခဲ့သည့် မြန်မာတို့၏ ၁၂ လရာသီပွဲတော်များကို မောင်ချစ်ဖေ ပြန်ရွတ်ဆိုပြီး သကာလ ဘောပင်တစ်ချောင်းဖြင့် ချရေးမိပါတော့သည်။

(၁)တန်ခူးလ=မိဿရာသီ၊ စိတြနက္ခတ်နှင့် ယှဉ်၍ ရင်ခတ်ကဲ့ကော်ပွင့်၊ သင်္ကြန်ပွဲ။(၂)ကဆုန်လ=ပြိဿရာသီ၊ ဝိသာခါနက္ခတ်နှင့်ယှဉ်၍ စကားပန်းပွင့်၊ ညောင်ရေပွဲ။(၃)နယုန်လ=မေထုန်ရာသီ၊ ဇေဋ္ဌနက္ခတ်နှင့်ယှဉ်၍ စံပယ် မြတ်လေးပွင့်၊ စာပြန်ပွဲ။ (၄)ဝါဆိုလ=ကရကဋ်ရာသီ၊ အာသဠ်နက္ခတ်နှင့်ယှဉ်၍ ပုန်းညက်ပွင့်၊ ပဉ္စင်းခံပွဲ။ (၅) ဝါခေါင်လ=သိဟ်ရာသီ၊ သရဝဏ်နက္ခတ်နှင့်ယှဉ်၍ ခတ္တာပွင့်၊ စာရေးတံဒါနပွဲ။ (၆)တော်သလင်းလ=ကန်ရာသီ၊ အဒြနက္ခတ်နှင့်ယှဉ်၍ ရင်းမာပွင့်၊ လှေပွဲ။ (၇)သီတင်းကျွတ်လ=တူရာသီ၊ အဿဝဏီနက္ခတ်နှင့်ယှဉ်၍ ကြာမျိုးငါးပါးပွင့်၊ မြင်းမိုရ်မီးပွဲ။ (၈) တန်ဆောင်မုန်းလ=ဗြိစ္ဆာရာသီ၊ ကြတ္တိကာနက္ခတ်နှင့်ယှဉ်၍ ခဝဲပွင့်၊ ကထိန်ပွဲ။ (၉)နတ်တော်လ=ဓနုရာသီ၊ မိဂသီနက္ခတ်နှင့်ယှဉ်၍ ဂမုန်းအင်၊ သဇင်ပွင့်၊ နတ်ပွဲမဟာပိန္နဲပွဲ။ (၁၀)ပြာသိုလ=မကာရရာသီ၊ ဖုဿျှနက္ခတ်နှင့်ယှဉ်၍ ခွာညိုပွင့်၊ မြင်းခင်း သဘင်ပွဲ။ (၁၁)တပို့တွဲလ=ကုံရာသီ၊ မာဃနက္ခတ်နှင့်ယှဉ်၍ ပေါက်လဲပွင့်၊ မီးပုံပွဲ၊ယာဂုပွဲ။ (၁၂)တပေါင်းလ=မိန်ရာသီ၊ ဖဂ္ဂုဏနက္ခတ်နှင့်ယှဉ်၍ အင်ကြင်း၊ သရဖီ၊ ပိတောက်ဖူး၊ သဲပုံစေတီပွဲ။

သို့တစေ မောင်ချစ်ဖေစိတ်ထဲ မြန်မာတို့၏ ၁၂ လရာသီပွဲတော်များနှင့် သိပ်ပြီးမတင်းတိမ်နိုင်သေးပါ။ မြန်မာအပေါင်း၏ ပျော်ပွဲရွှင်ပွဲများကား သည်ထက်စိပ်နေပါသေးသည်။

သို့ပြီးတကား သေချာအောင် ၂၀၁၆ ခုနှစ် ပြက္ခဒိန်ကို မောင်ချစ်ဖေ စေ့ငုလေ့လာကြည့်မိပြန်သည်။ ပျော်ဖို့ရွှင်ဖို့ဘာကျန်သေးလဲ။ ဟက်ပီးနယူးရီးယားနဲ့ လွတ်လပ်ရေးနေ့ကတော့ပြီးပြီ။

"ဇန်နဝါရီ ၁၀ ရက်က ကရင်နှစ်သစ်ကူး၊ ဖေဖော်ဝါရီ ၁၂ ရက်က ပြည်ထောင်စုနေ့၊ မတ်လ ၂ ရက်က တောင်သူလယ်သမားနေ့၊ မတ်လ ၂၃ ရက်က တပေါင်းလပြည့်နေ့၊ ဧပြီ ၉ ရက်မှ ၂၀ ရက်အထိက သင်္ကြန်ပွဲတော်နဲ့ နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးရုံးပိတ်ရက်တွေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေက ဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်ရက်စွဲများ ပြည့်နှက်သည့်လများ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများက သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ တရုတ်နှစ်သစ်ကူး၊ ကရင်နှစ်သစ်ကူး၊ ခရစ္စမတ်၊ နှစ်သစ်ကူးပွဲတော်များ ပါဝင်သည့်လများ။

သို့ကလို ကြည့်ရင်းကြည့်ရင်း မောင်ချစ်ဖေ၏ စိတ်ထဲဝယ် အပျော်များကား ထိန်းမရအောင် ပျော်ဝင်စီးဝင်လာသည်။

"ပျော်သလားဟေ့ မောင်တို့ရေ"

"ပျော်တယ်ဟေ့၊ပျော်တယ်ဟေ့"ဘယ်ကနေ ဘယ်သို့ ကိုသားစိုး၏ ရောသမမွှေသီချင်းက ပါးစပ်က ထွက်သွားမှန်းပင် မသိတော့။

"မကြီးမငယ်နဲ့၊ ရှင် အရှုးထမနေနဲ့
ရှင့်ပုဆိုးတွေ ဆပ်ပြာနဲ့စိမ်ထားတယ်
ရုံးမသွားခင်လျှော်သွား"

မောင်ချစ်ဖေ၏ အပျော်များကား မဒမ်၏ ဟိန်းဟောက်ခြိမ်းခြောက်သံကြောင့် ခဏရပ်တန့်သွားသည်။

သို့သော်ငြား လုံးဝကင်းစင် ပပျောက်သွားခြင်းတော့ မဟုတ်။

"ဟေ့. . . ဆီကိုရေချိုးဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံတဲ့ မြန်မာပြည်ကွ။ မြေပေါ် မြေအောက် ရေပေါ် ရေအောက် သယံဇာတပေါကြွယ်ဝတဲ့ တိုင်းပြည်ကွ။



ဘာမျှလုပ်စရာမလိုဘူး။ ဘာမျှ လာမခိုင်းနဲ့၊ မလုပ်ဘူးကွ၊ မလုပ်ဘူး။"

မြန်မာတို့၏ ဇာတိပုညဂုဏ်မာနနှင့်အတူ မမျှော်လင့်ဘဲ မောင်ချစ်ဖေ၏ သို့ကလို တုံ့ပြန်မှုကြောင့် မဒမ် ခမျာ မှင်သက်သွားရှာသည်။ သို့ပြီးတကား လှည့်ထွက်သွားသည်။

သို့ဖြင့် မောင်ချစ်ဖေလည်း ဆိုလက်စ ကိုသားစိုး၏ ရောသမမွှေသီချင်းကို လွတ်လွတ်လပ်လပ်ကြီး ခုန်ပေါက်ဟစ်ကြွေး နိုင်ပါတော့သည်။

"ပျော်သလားဟေ့ မောင်တို့ရေ"

"ပျော်တယ်ဟေ့၊ ပျော်တယ်ဟေ့"



ဇန်နဝါရီ ၄ ရက်က (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် နေပြည်တော်သတင်းစာတိုက် ဝန်ထမ်းအိမ်ရာများ၌ကျင်းပရာ မိသားစုများ ပျော်ရွှင်စွာကစားနေကြစဉ်။ (ဓာတ်ပုံ-သက်ထက်)

## လွတ်လပ်ရေးနေ့ အခမ်းအနားများကျင်းပ

**တပ်ကုန်း**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံတင် စုပေါင်းအလေးပြု အခမ်းအနားကျင်းပပြီး နံနက် ၇ နာရီတွင် နိုင်ငံတော်သမ္မတကြီးထံမှ ပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်က ဖတ်ကြားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(တပ်ကုန်း)**

**မုဒုံ**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မုဒုံမြို့ မြို့မ(၂)ရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်က ဖတ်ကြားပြီး လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။ ဆက်လက်၍ မီတာ ၄၀၀ အားကစားကွင်း၌ အားကစားပြိုင်ပွဲမျိုးစုံကို ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**


**လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ**

၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **ဒေါ်သက်သက်နိုင်**(ဒါရိုက်တာ၊ ဇမ္ဗူသီရိဟိုတယ်၊ နေပြည်တော်)အား **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**General Manager နှင့်ဝန်ထမ်းများ**
**(ဇမ္ဗူသီရိဟိုတယ်၊ နေပြည်တော်)**

**လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ**

၂၀၁၆ ခုနှစ်၊ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **ဒေါက်တာ သန်းသန်းနွဲ့**(Director,Asia Plaza Hotel)အား **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**General Manager နှင့်ဝန်ထမ်းများ**
**(Asia Plaza Hotel)**

**ရောင်းမည်**

သာကေတမြို့နယ်၊ ကမာကြည်တံတားအနီး Waterfront Villa (3) ရှိ လုံးချင်းတိုက်များ ရောင်းမည်။

**ဖုန်း-၀၉-၇၃၁၄၇၁၇၀**

**အမည်မှန်**

ဆီဆိုင်မြို့နယ်၊ လွယ်ပွတ်အုပ်စု၊ ကောင်ကေရွာနေ ဦးခွန်ဘဆွေ၏ အမည်မှန်မှာ ဦးခွန်ဘရွှေ ၁၃/ဆဆန(နိုင်)၀၀၅၅၉၄ ဖြစ်ပါကြောင်း။

**ဦးခွန်ဘရွှေ**

**အမည်ပြောင်း** ဆီဆိုင်မြို့နယ်၊ လွယ်ပွတ်အုပ်စု၊ ကောင်ကေရွာနေ ဦးခွန်ဘရွှေ၏သား မောင်ခွန်မောင်ဝန်းအား ယနေ့မှစ၍ မောင်ခွန်လှကျော် ၁၃/ဆဆန(နိုင်)၀၇၉၉၈၂ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခွန်လှကျော်**

**ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတာက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဒီဇင်ဘာ (၂/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
**Ph: 01-375970, 0951 72096, 09254541441**

**အမည်ပြောင်း** ဦးဆန်းမြင့်ဦး၏သား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ အထက(နမ့်စန်)၊ တတိယတန်း(က)မှ မောင်ခန့်ပြည့်သူအား ယနေ့မှစ၍ မောင်ဟိန်းဆက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းဆက်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၁၄၃၉၈၊ KENBO 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ယဉ်ကျေး ၁၃/ကမန(နိုင်)၁၁၀၂၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကျောက်မဲမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ယ/၄၀၂၀ Honda110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးဆန်း ၁၃/မရန(နိုင်)၀၃၀၃၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

**ဒေါ်မြတ်နိုးသူနှင့်တကွ အများသိစေရန်ကြေညာခြင်း**

ပြည်မြို့၊ နဝင်းကွက်သစ်နေ ဦးထူးမင်းမြတ် (ဘ)ဦးခင်အောင်မော် ၇/ပမန(နိုင်)၁၇၄၂၉၆ နှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်လက်ထပ်ပေါင်းသင်းခဲ့သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသက်မွန်(ဘ)ဦးဌေးအောင် ၇/ပမန(နိုင်)၁၆၂၇၅၇၊ နဝင်းကွက်သစ်၊ ပြည်မြို့သည် သာလျှင် ဦးထူးမင်းမြတ်၏ တရားဝင်ဇနီးမယားဖြစ်ပါကြောင်းနှင့် ဦးထူးမင်းမြတ်၏လုပ်ငန်းဆိုင်ရာ ပိုင်ရေးဆိုင်ခွင့်ရထိုက်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြတ်နိုးသူ (ဘ)ဦးနု ၉/မကန(နိုင်)၁၃၁၂၅၉ သိစေရန်မှာ နောက်နောင် ကျွန်ုပ်၏မိတ်ဆွေနှင့်ပတ်သက်၍ လူမှုရေးထိခိုက်နစ်နာစေသော ကိစ္စများပြုမူပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာတရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ဒေါ်အေးသက်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိမိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၄၀)**
**အမှတ် ၃၂၊ ရွှေတချောင်းလမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ဖုန်း-၀၉-၄၅၂၃၇၉၈၂၊ ၀၉-၉၇၂၅၄၆၆၀၁**
**ဒေါ်သဇင်ထွန်း (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၄၆၈၁၂)**
**ဖုန်း-၀၉-၂၅၅၈၄၀၈၄၀၊**
**ဒေါ်ထက်ထက်ထွန်း (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၆၇၇၉)**
**ဖုန်း-၀၉-၄၂၂၄၅၃၇၃၁**

# ရန်ကုန်ငါးမြို့နယ်တွင်း အားကစားဖွံ့ဖြိုးတိုးတက်ရေး အားကစားပြိုင်ပွဲများတစ်ပြိုင်တည်းကျင်းပ

သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံအားကစားဝန်ကြီးဌာနက ဒုတိယအကြိမ်မြောက်ဦးစီးကျင်းပသည့် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)ကို တိုင်းဒေသကြီးအတွင်းရှိ သာကေတ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)နှင့် သုံးခွမြို့နယ်တို့တွင် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကာ ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)အထိ အားကစားပြိုင်ပွဲများနှင့် ဆုပေးပွဲများကို တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

အဆိုပါ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ အဆိုပါငါးမြို့နယ်အတွင်း၌ အမျိုးသား မိနီမာရသွန်ပြိုင်ပွဲများ၊ အမျိုးသမီး မာရသွန်ပြိုင်ပွဲများ၊ ဘီလိယက်နှင့် စနူကာပြိုင်ပွဲများ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ၊ အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၄၀၀ အပြေးပြိုင်ပွဲများနှင့် စသည့် အားကစားပြိုင်ပွဲများကို အဆိုပါငါးမြို့နယ်တွင် တစ်ပြိုင်တည်း ကျင်းပပေးခဲ့ကာ ယနေ့တွင် ပြိုင်ပွဲဝင်အသီးသီးမှ ဆုရရှိသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။

"ကျွန်တော်တို့ ဒီမြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ အခုလိုကျင်းပပေးတာ ဒါနဲ့ဆို ဒုတိယအကြိမ်မြောက်ဖြစ်ပါတယ်။ ကျင်းပပေးရတဲ့ရည်ရွယ်ချက်ကတော့ အားကစားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတစ်ဝန်း မြို့နယ်အတွင်းရှိ ပြည်သူများ အားကစားကို ပိုမိုစိတ်ဝင်စားလာစေဖို့၊ အားကစားရွက်ပုန်းသီးလေးများပေါ်ထွန်းဖို့နဲ့ နောင်တိုင်းပြည်ရဲ့ အားကစားမျိုးဆက်သစ်တွေ မွေးမြူတဲ့အခါမှာ ပိုမိုအထောက်အကူဖြစ်စေဖို့ အခုလိုငါးမြို့နယ်အတွင်းမှာ အားကစားပြိုင်ပွဲမျိုးစုံကို ထည့်သွင်းကျင်းပပေးတာဖြစ်ပါတယ်"ဟု အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ယနေ့ ကျင်းပပြီးစီးခဲ့သည့် မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ အားကစားပြိုင်ပွဲဝင် ဆုရရှိသူများကို အားကစားဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့်ကာ ယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းအားကစားမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ မြို့နယများအတွင်းရှိ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။




# မြန်မာအဖွဲ့နှင့် ပူးတွဲလေ့ကျင့်ရန် ကိုရီးယားနိုင်ငံ မြားပစ်အဖွဲ့ရောက်ရှိ




**ရန်ကုန် ဇန်နဝါရီ ၄**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ မြားပစ်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိစေရန် နှင့် ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ အိမ်ရှင်အဖြစ် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များရရှိစေရန်အတွက် အားကစားဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုအရ နှစ်နိုင်ငံမြားပစ် Joint Training ပူးတွဲလေ့ကျင့်နိုင်ရေးအတွက် ကိုရီးယားနိုင်ငံ ဂေါ်ဝန်ဒိုပြည်နယ် မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Prof Park Young IL ခေါင်းဆောင်သော အုပ်ချုပ်နည်းပြအပါအဝင် ကမ္ဘာ့အဆင့်(၁)ရှိပြီး အာရှရွှေတံဆိပ်ရှင်များပါဝင်သည့် Recurve အားကစား သမားလေးဦး စုစုပေါင်းရှစ်ဦးတို့သည် KE လေကြောင်း ခရီးစဉ်ဖြင့် ယမန်နေ့ည ၁၁ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

ကမ္ဘာ့အဆင့်(၁)ရှိပြီး အာရှအဆင့်ရွှေတံဆိပ်ရှင်များပါဝင်သော ကိုရီးယားနိုင်ငံ ဂေါ်ဝန်ဒိုမြားပစ်အသင်းနှင့်ပူးတွဲလေ့ကျင့်ခြင်းဖြင့် နောက်ဆုံးပေါ်နည်းစနစ်ကောင်းများ အမြင်ချင်းဖလှယ်နိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အားကစားသမားများအနေဖြင့် လေ့ကျင့်မှုတွင် အားနည်းချက်/အားသာချက်များကို ပြင်ဆင်နိုင်ရေးအတွက် နှစ်နိုင်ငံလက်ရည်စစ်ပြိုင်ပွဲများကိုလည်း ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ကျိုက္ကဆံမြားပစ်ပြိုင်ပွဲကွင်း၌ ဇန်နဝါရီ ၃ ရက်မှ ၂၀ ရက်အထိ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းက ကိုရီးယားနိုင်ငံ ဂေါ်ဝန်ဒိုပြည်နယ် မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Prof Park Young IL ခေါင်းဆောင်သောအုပ်ချုပ်နည်းပြ ကစားသမားစုစုပေါင်းရှစ်ဦးတို့ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ရှန်ဂရီလာဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ ဥက္ကဋ္ဌနှင့်အတူ အားကစားဝန်ကြီးဌာနမှ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ အမှုဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


## အထူးလှိုက်လှဲ ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် ချစ်ခင်ပွန်း **သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း**အား **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် ချစ်ဇနီးနှင့်အတူ နိုင်ငံတော်နှင့် သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးဂုဏ်ပြုအပ်ပါသည်။

**ချစ်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ၊ သီရိသုဓမ္မသင်္ဂီ ဒေါ်ခင်ချိုအုန်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**



## လှိုက်လှဲစွာ ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဦးစိုးသိန်း (မန်နေဂျင်းဒါရိုက်တာ၊ ရွှေခနေအောင်ကုမ္ပဏီလီမိတက်)**အား **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဆရာ့မိသားစုနှင့်ထပ်တူ အထူးပင်လှိုက်လှဲဝမ်းသာ ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း ဆရာနှင့်မိသားစု သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုးကိုလည်း ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်ဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက် ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**ရွှေခနေအောင် ကုမ္ပဏီလီမိတက်မှဝန်ထမ်းများ**


❐ ကျောဖုံးမှ

အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မဟာယူနိုက်တက်အသင်းမှာ လက်ရွေးစင်ဟောင်းနောက်ခံလူ ဇော်လင်းထွန်းကိုင်တွယ်နေသည့် အသင်းဖြစ်သည်။

ယခုခြေစစ်ပွဲမှ အမှတ်အများဆုံးသုံးသင်းမှာ ပထမတန်းပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သော်လည်း ဘဏ္ဍာရေးခိုင်မာမှုနှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုတို့မရှိပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်မဟုတ်ကြောင်း သိရသည်။ **ရဲရင့်ရှိုင်း**

## လွတ်လပ်ရေးနေ့အားကစားပြိုင်ပွဲများ မန္တလေးမြို့၌ကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်မှ ၄ ရက်အထိ မြို့နယ်များရှိ ရပ်ကွက်အသီးသီး၌ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် အပြေးပြိုင်ပွဲ၊ အာလူးကောက်၊ သံပရာသီးဇွန်းကိုက်၊ ဂုန်နီအိတ်စွပ်ပြေးပွဲနှင့် ကရာတေးသရုပ်ပြပွဲတို့ကို ပြုလုပ်ရာ ရပ်ကွက်အတွင်းရှိ လူငယ်များနှင့်ကလေးများ တပျော်တပါးပါဝင်ဆင်နွှဲကြသည်။

အလားတူ ချမ်းအေးသာစံ၊ အမရပူရ၊ အောင်မြေသာစံ၊ ပြည်ကြီးတံခွန်၊ မဟာအောင်မြေနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင်လည်း ပျော်ပွဲရွှင်ပွဲများကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကော့သောင်းမြို့ ဘုရင့်နောင်ဈေးတွင် မီးလောင်မှုဖြစ်ပွား

**ကော့သောင်း ဇန်နဝါရီ ၄**

ကော့သောင်းမြို့ အင်္ဂပါရပ်ကွက် ဘုရင့်နောင်ဈေး ပထမထပ် ဈေးဆိုင်ခန်းတစ်ခုတွင် ယနေ့နံနက် ၁၀ နာရီက မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရင့်နောင်ဈေး ပထမထပ်ရှိ ဈေးရောင်းချခြင်းမရှိဘဲ ဆေးရွက်ကြီးနှင့် အခြားကုန်ပစ္စည်းများ သိုလှောင်ထားရာ ပစ္စည်းပိုင်ရှင် (စိစစ်ဆဲ) ဆိုင်ခန်းမှ သိုလှောင်ထားသည့် ဆေးရွက်ကြီး အထုပ်များ အပူလွန်ကဲမှုကြောင့် စတင်မီးလောင်ကျွမ်းရာ ဈေးသူဈေးသားများမှ ဈေးရှိမီးသတ်ဆေးဘူးများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြပြီး မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် သုံးစီးရောက်ရှိ ပူးပေါင်းငြိမ်းသတ်ရာ နံနက် ၁၀ ခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးလောင်ဆုံးရှုံးမှုတန်ဖိုးအား အတည်ပြုနိုင်ခြင်းမရှိသေးဘဲ မီးစတင်လောင်ကျွမ်းသည့် ကုန်ပစ္စည်းများ သိုလှောင်ထားသည့် ပိုင်ရှင်အား ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဟသ်ာတမြို့ တာကလေးရပ်ကွက် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း မီးလောင်မှုဖြစ်ပွား

**ဟသ်ာတ ဇန်နဝါရီ ၄**

ဟသ်ာတမြို့ တာကလေးရပ်ကွက် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇန်နဝါရီ ၃ ရက် မွန်းလွဲပိုင်းက လျှပ်စစ်မီး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ဟသ်ာတမြို့နယ် မီးငြိမ်းသတ်ရေးယာဉ် ကိုးစီးနှင့် ရေသယ်ယာဉ် နှစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ကျောင်းခြံ ပြင်ပနေရာများသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိဘဲ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။



ထို့အပြင် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းမှ တပ်ခွဲမှူးနှင့် အဖွဲ့များက မီးငြိမ်းသတ်ရာတွင် ဒဏ်ရာရရှိသူ သုံးဦးအား ရှေးဦး လူနာပြုစုနည်းများနှင့် ဆေးထည့်ပေးခြင်းများ ပြုလုပ်ပေးခဲ့ပြီး ဒဏ်ရာပြင်းပြင်း ထန်ထန်ရရှိသူမရှိကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

# မြိတ်မြို့တွင် ကြက်ခြံပိုင်ရှင်အား သတ်ဖြတ်ပြီး အလောင်းဖျောက်ထားမှု တစ်လခန့်ကြာပြီးနောက် အမှုပေါ်ပေါက်

**မြိတ် ဇန်နဝါရီ ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု ငွေပုလဲရပ် မြို့ပတ်(၂)လမ်း အမှတ်(၉) ကြက်မွေးမြူရေးခြံတွင် ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီ ခန့်က ကြက်မွေးမြူရေးခြံပိုင်ရှင်အားသတ်ပြီး အလောင်းဖျောက်ဖျက်ထားမှုကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တိုးချဲ့(၄)ရပ်ကွက်တွင် နေထိုင်သူ ဦးတင်အောင်စိုး၏ ညီတော်စပ်သူ ကိုအောင်မိုးဆွေ (၃၇နှစ်) သည် လွန်ခဲ့သော ငါးနှစ်ခန့်မှစ၍ မြိတ်မြို့တွင် လာရောက်နေထိုင်ကာ ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစ၍ ကိုအောင်မိုးဆွေနှင့် ၎င်း၏ မိသားစုတို့ တစ်လခန့် အဆက်အသွယ်တစ်စုံတစ်ရာ မရရှိခဲ့သဖြင့် အစ်ကို ဦးတင်အောင်စိုးက ဇန်နဝါရီ ၁ ရက်တွင် မြိတ်မြို့သို့လာရောက်ပြီး စုံစမ်းခဲ့ရာ ၎င်းနေထိုင်ရာ ကြက်မွေးမြူရေးခြံတွင် မတွေ့ရှိရဘဲ ၎င်း၏တပည့်ဖြစ်သူ ဇင်ကိုထိုက် (၁၇ နှစ်)အား မေးမြန်းရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ထားဝယ်မြို့သို့ ထွက်ခွာသွားရာမှ ပြန်လည်ရောက်ရှိခြင်းမရှိကြောင်း သိရသဖြင့် ဇန်နဝါရီ ၂ ရက်တွင် မြိတ်မြို့မရဲစခန်းသို့ လူပျောက်တိုင်တန်းခဲ့ကြောင်း၊ ကိုအောင်မိုးဆွေ ပိုင်ဆိုင်သော ကြက်ခြံအတွင်းသို့ အစ်ကိုဖြစ်သူ ဦးတင်အောင်စိုးက သွားရောက်ကြည့်ရှုခဲ့ရာ ကြက်ခြံအတွင်း၌ မသင်္ကာဖွယ်ရာ အမှိုက်များဖြင့် ဖုံးထားသည့် မြေပုံတစ်ခုအားတွေ့ရှိရ၍ ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီ ခန့်တွင် မြိတ်မြို့မရဲစခန်းသို့ သတင်းပို့တိုင်ကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဝင်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြိတ်မြို့နယ်တရားသူကြီး ဦးဝင်းတင်၊ မြိတ်မြို့ပြည်သူ့ဆေးရုံကြီးမှ မှုခင်းဆရာဝန်တို့နှင့်အတူ မသင်္ကာဖွယ်မြေပုံကို တူးဖော်ရာမှ ညီဖြစ်သူ ကိုအောင်မိုးဆွေ၏ အလောင်းအားပြန်လည်တွေ့ရှိခဲ့ပြီး ၎င်း၏ကြက်ခြံ အလုပ်သမားဖြစ်သူ တစ်ခန်းတည်းအတူနေ ဇင်ကိုထိုက် (၁၇နှစ်)အား စစ်ဆေးရာ အလုပ်မှထုတ်ပယ်ခြင်းခံရသည့် ရဲမင်းထွေး (၂၅နှစ်)နှင့် မိမိတို့နှစ်ဦးက ပူးပေါင်း၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၆ ရက် နံနက် ၁ နာရီခန့် တွင် အမှတ်(၁) ကြက်ခြံ လှေကားရင်း၌ အောင်မိုးဆွေ၏ဝမ်းဗိုက်ကို ရဲမင်းထွေးက ဓားဦးချွန်ဖြင့်ထိုးကာ လည်ပင်းအားဓားဖြင့်မွန်းပြီး သေဆုံးသွားသည့်အချိန်၌ ရဲမင်းထွေးနှင့် ဇင်ကိုထိုက်နှစ်ဦးက အောင်မိုးဆွေ၏ အလောင်းအား ဇင်ကိုထိုက်ခြုံသည့်စောင်၊ အိပ်ရာခင်းတို့ဖြင့် ထုပ်ပိုးပြီးနောက် ကြက်ခြံ၏အနောက်ဘက်ခြံစည်းရိုးအနီး၌ မြေကျင်းတူး၍ အလောင်းအား ဖျောက်ဖျက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဇင်ကိုထိုက် (၁၇နှစ်)နှင့် ရဲမင်းထွေး (၂၅နှစ်)တို့အား မြိတ်မြို့မ ရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**


## လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ၄-၁-၂၀၁၆ဖြင့် **ဒေါ်ခိုင်သက်မွန်**(ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား **သုဓမ္မသိင်္ဂီ**ဘွဲ့ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး၊ ဘာသာသာသနာအကျိုးကို ဆတက်တိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ခင်ပွန်း - သုဓမ္မမဏိဇောတဓရ ဦးကျော်ဌေး**
**(မန်နေဂျင်းဒါရိုက်တာ)ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ**
**ချစ်သမီးကြီး - မသီရိရတနာဌေး(Grade-5(G),TTC-Hlaing)**
**ချစ်သား - မောင်စည်သူကျော်ဌေး(Grade-1(G),TTC-Hlaing)**
**ချစ်သမီးငယ် - မမြင့်မြတ်ရတနာဌေး**



## OHSAMA
**Japanese Restaurant**
**(Hot Pot, B.B.Q,Japanese Food)**

Dear Customers,

OHSAMA Japanese Hotpot & BBQ Restaurant မှ မိတ်ဟောင်းမိတ်သစ် များအတွက် 2016 နှစ်သစ်ကို ကြိုဆိုသောအားဖြင့် အထူး Promotion အစီအစဉ် လေးပြုလုပ်ထားပါတယ်။

အစီအစဉ်လေးကတော့ ယနေ့မှစ၍ 31-1-2016ရက်အထိ Yakiniku (BBQ) Shabu Shabu(Hotpot)လာရောက်အားပေးကြသော ဧည့်ပရိသတ်အပေါင်းအား Meats များဖြစ်သော Japan Beef, Black Pork Chiken များနှင့် Natural Sea Foods များအား 30% Discount ပေးမည်ဖြစ်ပါသည်။ Special Menu အဖြစ် အဝစား Menu များ စီစဉ်ထားပါတယ်..... အဝစားMenu ကတော့ လေးဦးနှင့်အထက် တစ်ဦးလျှင် (12000ks)ဖြင့် ကြိုက်နှစ်သက်ရာ မှာစားနိုင်ပါသည်။

**N0.28/B, Pho Sein Road,Natmauk Quarter,**
**Tamwe Township, Yangon.**
**Ph:01-555539,09-31382082,09-30224438**
**www.facebook.com/ohsamajpnhotpot**
**http://ohsamamm.sakura.ne.jp**
**Email-ohsamajpnhotpot@gmail.com**
**Lunch-11:00 am to 3:00 Pm, Dinner-5:00pm to 11:00pm**



## လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ၄-၁-၂၀၁၆ဖြင့် သုဓမ္မမဏိဇောတဓရ **ဦးကျော်ဌေး** (မန်နေဂျင်းဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ၏ ချစ်ဇနီး **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးမင်းသွင်- ဒေါ်ကြည်ထွေး**
**ကြည်ရတနာ(မိသားစု)**



## လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆) ၄-၁-၂၀၁၆ဖြင့် သုဓမ္မမဏိဇောတဓရ **ဦးကျော်ဌေး** (မန်နေဂျင်းဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ၏ ချစ်ဇနီး **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ)ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**မန်နေဂျာနှင့် ဝန်ထမ်းများအဖွဲ့၊ ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ**
**ရွှေကြာပင်ကျောက်မျက်အရောင်းအဝယ်ဈေး၊ နေပြည်တော်**

# ရန်ကုန် အဆင့်မြင့်မိုးလေဝသတိုင်းတာရေး ရေဒါစခန်းသတ်မှတ်ကာလပြီးစီးရေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်မြို့ ကမ္ဘာအေးလမ်းမပေါ်ရှိ မိုးလေဝသတိုင်းတာရေး စခန်း (အောက်မြန်မာပြည်)ရုံးဝင်းအတွင်း၌ တည်ဆောက်နေသော ဂျပန်နည်းပညာသုံးအဆင့်မြင့် ရန်ကုန်မိုးလေဝသတိုင်းတာရေး S-Band ရေဒါ စခန်းတည်ဆောက်ရေးစီမံကိန်းသည် ယခုအခါတွင် ပြီးစီးမှု ၈၀ရာခိုင်နှုန်းကျော်လာပြီဖြစ်ရာ မေလကုန်ပိုင်းတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း စီမံကိန်းရုံးမှ သိရသည်။ ထိုစီမံကိန်းကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)က ဂျပန်လူမျိုးတို့၏ ထောက်ပံ့ငွေဖြင့် ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေးတို့မှရေဒါစခန်းသုံးခုပေါင်း ဂျပန် ယန်း ၃၈၄၂သန်းအကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ ထိုစီမံကိန်းကို JICAအပါဝင် ဂျပန်နိုင်ငံ ရေဒါဆိုင်ရာဆောင်ရွက်ရေး Mitsubishi Corporation၊ Taisei Corporation၊ Japan Radio Co.,Ltd. နှင့် Japan-JTEC အဖွဲ့တို့ ပူးပေါင်းကာ ၂၀၁၄ ခုနှစ်စက်တင်ဘာလ နောက်ဆုံးပတ်တွင်စတင်ခဲ့ကြောင်း သိရသည်။

ရန်ကုန် မိုးလေဝသတိုင်းတာရေး ရေဒါစခန်းကို အမြင့် ၇၂ မီတာ၊ မတ်စေ့ပုံ ထောင့်ရှစ်ခုပါကာ၊ အကျယ် ၁၃ မီတာရှိပြီး အလွှာ ၁၈ ခု ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ "အခုဆောက်လုပ်နေတဲ့ဂျပန်နည်းပညာ အဆင့်မြင့် မိုးလေဝသရေဒါစခန်းကြီးဟာ Doppler Radar (S-Band) အမျိုးအစားဖြစ်တာကြောင့် ပြီးသွားရင်တော့ ရာသီဥတုတွေရဲ့ အချိန်နဲ့အမျှ ပြောင်းလဲမှုဖြစ်စဉ်တွေကို တိုက်ရိုက်အသိပေး တင်ပြနိုင်မှာပါ၊ ရာသီဥတု ဖြစ်စဉ်တွေ တွက်ချက်ရတဲ့အခါမှာလည်း ယခင်ထက် တိကျတဲ့ ခန့်မှန်းချက်တွေကို ရရှိပြီး လူထုကို အသိပေးနိုင်မှာဖြစ်လို့ ရုတ်တရက်ရေကြီးမှုတွေ၊ မြေပြိုမှုတွေ၊ ငလျင်ဘေးတွေနဲ့ မိုးရေချိန်အနည်းအများစတဲ့ အချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ အသိပေးနိုင်မှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုချိုရှိန်က ပြောသည်။ ယခုအခါတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအပါအဝင် ဂျပန်ပြည်သူလူထုမှ မြန်မာနိုင်ငံရှိ ကျောက်ဖြူ မိုးလေဝသတိုင်းတာရေးရေဒါစခန်းကြီးကို ဆောက်လုပ် လှူဒါန်းခဲ့ပြီးဖြစ်သည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



**ရန်ကုန်မြို့ မိုးလေဝသတိုင်းတာရေး ရေဒါစခန်းစီမံကိန်းကို တွေ့ရစဉ်။**

# နတ်တလင်းမြို့နယ်၌ စက်မှုလယ်ယာမြေစနစ်တကျ ဖော်ထုတ်

**နတ်တလင်း ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သက်ငယ်ပြင်ကျေးရွာအုပ်စု သနပ်ကွင်းကျေးရွာတွင် လယ်ဧက ၁၀၅ ဧကကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမှတ်(၄၅) စက်မှုလယ်ယာစခန်း နတ်တလင်းမှ တောင်သူလယ်သမား ၂၂ ဦး၏ တောင်းဆိုမှုဖြင့် စက်မှုလယ်ယာမြေစနစ်တကျ ဖော်ထုတ်ရေးကို ၂၀၁၅-၂၀၁၆ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးကျော်သောင်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဒီဇင်ဘာ ၁၅ ရက်မှစတင်ကာ ဖေဖော်ဝါရီလအပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

# မဲဇာချောင်းအတွင်းမှ ရိုင်ဖယ်ပြောင်းတိုတစ်လက်တွေ့ရှိ

**အင်းတော် ဇန်နဝါရီ ၄**

အင်းတော်မြို့နယ် မဲဇာချောင်းအတွင်းမှ ဇန်နဝါရီ ၂ ရက်က ရိုင်ဖယ်ပြောင်းတိုတစ်လက်တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာရဲစခန်းအပိုင် မဲဇာဝန်းသို့သွားကားလမ်းပေါ်ရှိ မဲဇာချောင်းကူးတံတားတည်ဆောက်ရေးအဖွဲ့ (၃)မှအေအီး ဦးဝါ၊ အက်စ်အေအီးဦးညီညီဝင်းတို့ ဦးစီးပြီး ဇန်နဝါရီ ၂ ရက်က တံတားရေလယ်တိုင်ဆောက်လုပ်ရန် မုန်စုပ်စက်ဖြင့်ရေစုပ်နေစဉ် မုန်စုပ်ပိုက်ဝပိတ်နေသဖြင့် နေ့စားလုပ်သားများဖြင့်ရေငုပ်၍ ကျောက်ခဲများဖယ်ရှားစဉ် ၃၀၃ ရိုင်ဖယ်ပြောင်းတို၊ ဒင်ပိတ်၊ ဒင်ပိုင်း၊ အောက်ပြောင်းကာ၊ မောင်းတုံး၊ ချိန်းဆိုက်၊ ရှေ့ချိန်သီး၊ အပစ်ကာကွင်း၊ အပစ်ကာခလုတ်၊ ရှေ့နောက်လွယ်ကြိုးများပါရှိပြီး ယာဘက်ဘေးကျည်ပေါက်အပေါ်ကာဘာမပါ ကျည်ဘောက်မပါ သေနတ်တစ်လက်ကို တွေ့ရှိရသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ မဲဇာရဲကင်းစခန်းသို့ သွားရောက်အပ်နှံခဲ့ကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ပထမဆုံးအကြိမ် ကိုရီးယား-မြန်မာ ဂန္ထဝင်တေးဂီတဖျော်ဖြေပွဲကြီး အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၄**

ကိုရီးယားနှင့် မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အနေဖြင့် ပထမဆုံးကျင်းပမည့် ဂန္ထဝင်တေးဂီတဖျော်ဖြေပွဲကြီးကို ဇန်နဝါရီလ ဒုတိယပတ်အတွင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

1st Exchange K-Classical Concert အမည်ရ အဆိုပါနှစ်နိုင်ငံ၏ ဂန္ထဝင်တေးဂီတဖျော်ဖြေပွဲကြီးကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ဂီတပညာဌာနနှင့် Korea International Continuing Education Branch Myanmar တို့က ပူးပေါင်းစီစဉ် ကျင်းပပေးခြင်းဖြစ်ပြီး ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည့် 1st Exchange K-Classical Concert အနုပညာဖျော်ဖြေပွဲကြီးတွင် တောင်ကိုရီးယားနိုင်ငံမှ အနုပညာရှင်များ၊ မြန်မာနိုင်ငံမှဂီတပညာရှင် ဓိရာမိုရ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ဂီတပညာဌာနမှ ကျောင်းသား ကျောင်းသူများ ပါဝင်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံမှဖျော်ဖြေမည့် အနုပညာရှင်များသည် Soprano နှင့် Tenor သီဆိုမှုပုံစံများဖြင့်ဖျော်ဖြေမည့် နာမည်ကျော်ဂီတပညာရှင်များ၊ စန္ဒရားပညာရှင်များနှင့် အခြားအနုပညာရှင်များ ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပမည့် အဆိုပါ ဂန္ထဝင်တေးဂီတဖျော်ဖြေပွဲကြီးကို ယခုနှစ်မှစတင်ကာ နှစ်စဉ်နှစ်တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂန္ထဝင်တေးဂီတဖျော်ဖြေပွဲကို ဝင်ကြေးအခမဲ့ဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ပြီး အခမဲ့လက်မှတ်များကို Korea EPS TOPIK School ဘီ- ၃၀၊ ပထမထပ် ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း-၀၁-၅၁၂၈၀၄ နှင့် ၀၉-၇၉၅၈၃၂၂၀၀၊ Hangang Korean Restaurant ၈ မိုင်၊ မရမ်းကုန်းမြို့နယ် ဖုန်း-၀၁-၆၆၄၁၇၁၊ Korean Fashion Office မြောက်ဥက္ကလာပအဝိုင်းအနီး ဖုန်း-၀၁-၆၅၆၇၀၅ နှင့် ၀၁-၆၅၆၇၀၆၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ကမာရွတ်မြို့နယ်၊ မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်ရေးရုံး မော်ဘီမြို့နယ်၊ SKYNET ရုပ်မြင်သံကြားရုံ၊ ဗိုလ်တထောင်မြို့နယ်နှင့် ဖုန်း-၀၉-၄၃၁၁၈၇၁၃ တို့သို့ ဆက်သွယ်လာရောက်ယူနိုင်မည်ဖြစ်သည်။

**မင်းခေတ်**


# ဂုဏ်ဝိသိဋ္ဌပူဇော်ခြင်းမင်္ဂလာ

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာန နာယက၊ သောတာပတ္တိ မဂ်ရှုဖွယ်ကျမ်းပြု **ဆရာတော်ဘဒ္ဒန္တစန္ဒိမာ(အောင်လံ)**အား ၂၀၁၆ခုနှစ်၊ ဇန်နဝါရီ ၄ရက် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နှစ်ဦးမင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ **အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်** ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသည့်အတွက် တပည့်တော်တို့ မန္တလေးသာသနာပြု ဥပဋ္ဌာကအဖွဲ့မှ ထပ်ဆင့်ဂုဏ်ပြုပူဇော်အပ်ပါသည် ဘုရား....။

ကျေးဇူးတော်ရှင် အောင်လံဆရာတော်ကြီး

ကျန်းမာချမ်းသာစွာဖြင့် သာသနာ့တာဝန်များကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေဘုရား။

**သာသနာပြု ဥပဋ္ဌာကအဖွဲ့**
**တိုက်ခွဲ အမှတ် (၃၂)**
**သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ**
**မန္တလေးမြို့**

# စေတုတ္တရာမှသည် တောတွင်းဆင်စခန်းဆီသို့



**သက်လှယ်ဆင်စခန်းရှိ သစ်ဆွဲဆင်တစ်ကောင်နှင့် ဆင်သားပေါက်ကို တွေ့ရစဉ်။**

**ဇင်ဦး(မြန်မာ့အလင်း)**

ဆောင်းလရာသီ၏ နံနက်ခင်း၊ သစ်ထုတ်လုပ်ရာ အနောက်ရိုးမတောကြီးအတွင်းရှိ ဆင်စခန်းများကို လေ့လာလိုသည်နှင့် ဒေသန္တရဗဟုသုတအလို့ငှာ စေတုတ္တရာတောင်ပေါ်မြို့ကလေးသို့ ခရီးထွက်ဖြစ်ခဲ့သည်။ အချိန်ကား နေထွက်စဖြစ်၍ အတော်ကလေး အေးနေသေးသည်။ မြူမကင်းသေးသောကြောင့် ခပ်မှိုင်းမှိုင်းကလေးနေ၏။

စလင်း-စေတုတ္တရာလမ်းသည် ၃၇ မိုင်သာဝေးသော်လည်း မိုင် ၂၀ ခရီးနှင့်ပြီး မြောင်းဦးရွာကျော်ပါက တောင်တက်တောင်ဆင်း အကွေ့အကောက်များလာပြီး လျှိုမြောင်များပေါ်များနေသည်။ ကတ္တရာလမ်းမို့သာ တော်ပေသေးသည်။ နွားမတောင်ကိုကျော်၍ စေတုတ္တရာမြို့သို့ရောက်သော် နံနက် ၈ နာရီခွဲခန့်ရှိပြီဖြစ်၍ နေရောင်ကို ကောင်းကောင်းမြင်နေရချေပြီ။ ကွေ့ကာဝိုက်ကာရေတသွင်သွင်စီးဆင်းနေသည့် ဆမီးချောင်း၊ စမ်းချောင်းသေးသေးကလေးကား တည်တည်ငြိမ်ငြိမ်။ မိုးဥတုကာလရေကြီးစဉ်က ထိုသို့ဟုတ်ဟန်မတူပေ။ အကြောင်းမှာ မုန်းတမံရေအရှိန်ကြောင့် ဆမီးချောင်းနံဘေးရှိ စိုက်ခင်းများရေမြုပ်၍ ယခုအသစ်တစ်ဖန် စိုက်ပျိုးထားဟန်တူသည်။ ဆမီးချောင်း ဖြတ်ခါနီးတွင် တံတားအသစ်တစ်စင်း တည်ဆောက်နေသည်ကို တွေ့ရသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်- သီးကုန်း- တောလမ်းအသစ်ဆောက်လုပ်ပြီး ယခု ဆမီးချောင်းတံတားအသစ်ကိုလည်း တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။ ဆမီးချောင်းကိုဖြတ်ပြီး သိပ်မကြာ မြေနီကုန်းရွာလေးသို့ ရောက်ကြပြီး လမ်းပြတစ်ယောက်ကို ခေါ်ကာ တောင်ပေါ်သစ်ထုတ်လုပ်ရေးဒေသရှိရာ ဆင်စခန်းများဆီသို့ ငဖဲ-စေတုတ္တရာလမ်းသစ်အတိုင်း ခရီးဆက်လက်ထွက်ခွာလာခဲ့ကြသည်။ စေတုတ္တရာမှ ဆင်စခန်းများအထိ ၁၅ မိုင်ခန့် ဝေးကွာလိမ့်မည်ထင်သည်။

ဆင်စခန်းများသို့ သွားရာလမ်းဘေးတစ်လျှောက်တွင် စကားသံဝဲဝဲနှင့် တိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများက ဘေးဘယ်ညာတွင် အစီအရီ။ လမ်းဘေးရှိ အင်းကုန်းရွာထဲသို့ ခရီးတစ်ထောက်နားရင်း ဆင်စခန်းများအကြောင်း စနည်းနာကြည့်ဖြစ်ခဲ့သည်။ စေတုတ္တရာမြို့နှင့် ၁၅ မိုင် အကွာခန့်ရှိ လေသာကုန်းခေါ် မွန် ဇော်ရွာအနီး ဆင်စခန်းနှစ်ခုရှိကြောင်း သိရသည်နှင့် ခရီးဆက်ခဲ့ကြသည်။ "လေသာကုန်း" ခေါ် ဆင်စခန်းသို့ မွန်ဇော်ရွာလေးကိုဖြတ်ပြီး စမ်းချောင်းအတိုင်းအထက်သို့ ဆန်တက်ကာ သွားရောက်ကြရသည်။ မွန်ဇော်ရွာအလွန်တွင် ဆိုင်ကယ် ဆက်စီး၍ မရတော့သည့်အတွက် ခြေကျင်ခရီး ထွက်ခွာလာခဲ့ကြသည်။ တောထဲသို့ ခြေကျင်ခရီး နာရီဝက်ခန့် လျှောက်လိုက်သော် လေသာဆင်စခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့သည်။ သို့သော် ဆင်စခန်းအတွင်း ဆင်များကို မတွေ့ရဘဲ ဆင်ဦးစီးနှစ်ယောက်ကိုသာ တွေ့ရသည်။

"ကျွန်တော်တို့ လေသာအောက်ဆင်ဝိုင်းဆင်တွေက ဆင်အိုတွေကို ထိန်းသိမ်းထားတဲ့နေရာ ဆင်အိုငါးကောင်ရှိပါတယ်။ သစ်ဆွဲဖို့က အသက်ကြီးနေပြီဆိုတော့ အနားပေးထားတယ်။ ဒါပေမယ့် ဒီဘက်ရွာနားက အစာပေါလို့ ဒီမှာစခန်းချပြီး ဆင်ကျောင်းသက်သက်ပဲနေရတာပါ။ သစ်ဆွဲဆင်တွေကို တွေ့ချင်ရင်တော့ တောင်ပေါ်ကို နှစ်နာရီခရီးလောက် ဆက်တက်ရဦးမယ်" ဟု လေသာဆင်စခန်းရှိ ဆင်ဦးစီးတစ်ဦးက ပြောပြသည်။

ဆက်လက်၍ ဆင်များများရှိမည့် နောက်ထပ်ဆင်စခန်းတစ်ခုသို့ ခရီးဆက်ရန်ပြင်ဆင်ခဲ့ကြသည်။ လမ်းခရီးတွင် အကောက်အကွေ့အတက်အဆင်း အလွန်ထူပြောလှသည်။ လမ်းဘေး၌ ကောက်လှိုင်းများ တင်ဆောင်လာသော လှည်းတစ်စီး ချောက်ထဲပြုတ်ကျပြီး တစ်စစီကျိုးပဲ့နေသည့် အပိုင်းအစများကို တွေ့ခဲ့ရသေးသည်။

စေတုတ္တရာမြို့ဝန်းကျင်ရှိ ရခိုင်ရိုးမတောင်တန်းကြီးနှင့် နွားမတောင်၊ စွန်တောင် စသည့်တောင်များပေါ်တွင် အစိုးရသစ်လုပ်ငန်းနှင့် ပုဂ္ဂလိကသစ်ထုတ်လုပ်ရေးလုပ်ငန်းစုအများအပြား သစ်များထုတ်လုပ်လျက်ရှိသည်။ ယင်းတောင်တန်းများပေါ်တွင် ပေါက်ရောက်လျက်ရှိသော အဖိုးတန်ကျွန်းသစ်၊ ပိတောက်၊ ယင်းမာ၊ အင်ကြင်းအစရှိသော သစ်ကြီးဝါးကြီးများကိုတောင်ပေါ်မှ ခုတ်လှဲပြီး စက်ယန္တရားများ မဝင်ရောက်နိုင်သည့်နေရာမှ သစ်များကို ဆင်များဖြင့်ဆွဲချကာ ကားများဝင်ရောက်နိုင်သည့်နေရာတွင် ပုံထားရသည်။ သစ်ထုတ်လုပ်ရေးလုပ်ငန်းအများစုရှိရာ နေရာများဖြစ်သောကြောင့် ဆင်စခန်းများလည်း အများအပြားတွေ့ရသည်။

လေသာဆင်စခန်းမှအပြန် စေတုတ္တရာမြို့နှင့် ၁၂ မိုင်ခန့်အကွာရှိသော သက်လှယ်စံပြရွာအနီးရှိ တောင်ပေါ်ဆင်စခန်းသို့ သွားရောက်ခဲ့ကြရသည်။ ဆင်စခန်းသွားရာလမ်းတွင် သစ်တင်သည့်ကားများ ချောင်းမဖြတ်နိုင်၍ မြေတူးယာဉ်တစ်စီးက ရှေ့မှဆွဲနေသည်ကို စိတ်ဝင်တစားကြည့်နေစဉ် နောက်မှ "ဂလုံ---ဂလုံ---" ဟူသော ခလောက်သံကို ကြားရ၍ ကြည့်လိုက်ရာ ဆင်မကြီးနှင့် ဆင်ပေါက်စကလေးကို တွေ့ကြရသည်။

ဆင်စခန်းအနီး ဆင်ရိုင်းများကို ဆင်ယဉ်ဖြစ်အောင် လေ့ကျင့်သည့်နေရာတစ်ခုကို ဓာတ်ပုံရိုက်ယူကြပြီး ဆင်စခန်းသို့သွားရာလမ်းတွင် ဆင်ဦးစီးတစ်ယောက်လာ၍ ခရီးဦးကြိုပြုသည်။ တောင်ပေါ်တွင်တွေ့ရသော ဆင်များက သစ်ထုတ်လုပ်ရေးသုံး ဆင်များသာဖြစ်ပြီး သစ်ဆွဲရန်အရွယ်မရောက်သေးသည့် ဆင်ငယ်များကို လေ့ကျင့်ပြီး ဝန်တင်ဆင်အဖြစ် အသုံးပြုကြသည်။ မြန်မာ့ဆင်သည် အာရှဆင် (Asian Elephant) မျိုးရင်းထဲတွင်ပါဝင်ပြီး အာရှဆင်မျိုးစိတ် Elephas Maxius များထဲတွင် မျိုးကွဲလေးမျိုးသာရှိတော့ကြောင်း သိရသည်။ မြန်မာ့ဆင်သည် အိန္ဒိယဆင်မျိုးစိတ်များထဲတွင်ပါဝင်ပြီး ကျန်သော အာရှဆင်မျိုးစိတ်မျိုးကွဲများထက် ပိုမိုသင်ကြားရလွယ်ကူသည်ဟု ဆင်ဦးစီးဦးမြင့်မောင်က ပြောပြသည်။

ဆင်သည် မြန်မာ့သစ်ထုတ်လုပ်ရေးတွင် အရေးပါသော သတ္တဝါတစ်မျိုးဖြစ်သည်။ စက်ယန္တရားများ မဝင်ရောက်နိုင်သောဒေသများတွင် ဆင်ကိုအသုံးပြုပြီး သယ်ယူပို့ဆောင်မှု ပြုလုပ်ကြရသည်။ ဆင်အမျိုးအစားများကို အစွယ်အမျိုးအစားပေါ်မူတည်၍ သုံးမျိုးသုံးစားခွဲခြားနိုင်သည်။ အစွယ်နှစ်ဖက်ပါသောဆင်ကို "စွယ်စုံဆင်"ဟုခေါ်သည်။ အစွယ်တစ်ဖက်တည်းသာပါသောဆင်ကို "တေဆင်"ဟုခေါ်ပြီး အစွယ်လုံးဝမပါရှိသောဆင်ကို "ဟိုင်းဆင်"ဟု သတ်မှတ်ကြောင်း သိရှိရသည်။

မြန်မာ့တောဆင်ရိုင်းများကို မြန်မာနိုင်ငံအတွင်း မြောက်ပိုင်းဒေသမှ တောင်စွန်းတနင်္သာရီကမ်းရိုးတန်းဒေသအထိပျံ့နှံ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့ရှိ တောထူထပ်ရာ ဒေသအချို့တွင် အဓိက တွေ့ရှိနိုင်သည်။ ယခုအခါ ဆင်ကောင်ရေအနေဖြင့် တစ်ထောင်ခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

စာရေးသူတို့ရောက်ရှိနေသည့် သက်လှယ်ဆင်စခန်းတွင် သစ်လုံးဆွဲနိုင်သည့် ဆင်ခြောက်ကောင်ရှိပြီး မိုးတွင်းကာလနှင့် ယခုကဲ့သို့ ဆောင်းရာသီတွင်သာ ကောင်းစွာအလုပ်လုပ်နိုင်ပြီး နွေရာသီတွင် အနားယူကြရကြောင်း သိရသည်။ သစ်ဆွဲနိုင်သည့် ဆင်ခြောက်ကောင်အနေဖြင့် သစ်ဆွဲရာသီ တစ်ခုလျှင် သစ် ၁၈ တန် ဆွဲရကြောင်း သိရသည်။ "ကျွန်တော်တို့ ဆင်ဦးစီးတွေက စစ်ကိုင်း၊ အလောင်းတော်ကဿပဒေသကနေ လာရတာပါ၊ တောထဲမှာ မှက်ကိုက်၊ ခြင်ကိုက်နဲ့ တော်တော် ပင်ပန်းပါတယ်။ ဆင်လေ့ကျင့်တဲ့အချိန်ဆို အဆိုးဆုံးပဲ၊ တစ်လကိုးသီတင်းပင်ပန်းကြတယ်။ အသက် ၂၀ ရှိတဲ့ ဆင်ကို သစ်ဆွဲဖို့လေ့ကျင့်ပေးတဲ့အခါ သူအိပ်ရင်အိပ်ရတယ်၊ သူထတာနဲ့ ပြန်ထရတာ၊ ၂၄ နာရီပတ်လုံးပဲ။ တော်တော်ကို ပင်ပန်းပါတယ်။ နှစ်တိုင်းတော့မဟုတ်ဘူးပေါ့။ နောက်နှစ်မှာ လေ့ကျင့်ပေးဖို့ ဆင်သုံးကောင်ရှိပါတယ်။ လောင်းရှည်ဘက်ကို သွားကြိုရဦးမှာပါ။ နွေအခါသစ်ဆွဲ၊ နားရင်တောင် ဆင်ကျောင်းရင်းပဲ နားရတော့တယ်"ဟု ဆင်ဦးစီးဘဝကို ဖွင့်ဟသည်။

ထိုသို့သစ်ဆွဲဆင်များ၏ ဘဝ၊ ဆင်ဦးစီးတို့၏ ဘဝအခက်အခဲများအကြောင်းကို လေ့လာစေ့ငုခဲ့ပြီး ညနေ လေးနာရီခွဲခန့်တွင် စေတုတ္တရာမြို့မှတစ်ဆင့် စလင်းမြို့သို့ပြန်လည်ထွက်ခွာခဲ့ကြပါတော့သည်။ ။



**ဆင်စခန်းအနီးရှိ သစ်ဆွဲဆင်များ လေ့ကျင့်ရာနေရာ။**

# ဇီးကုန်းရွာဦးကျောင်းအတွက် အလှူရှင်များလိုအပ်

**တပ်ကုန်း ဇန်နဝါရီ ၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သပြေချောင်းအုပ်စု ရန်ကုန်-မန္တလေး ကားလမ်းမပေါင်း အနောက်ဘက်ဘေးရှိ ဇီးကုန်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်းကို စေတနာရှင်အလှူရှင်များ၏ သဒ္ဓါတရားထက်သန်သည့် စုပေါင်းထည့်ဝင်ငွေများဖြင့် ယခုအခါ တစ်ထပ်တိုက် ကျောင်းဆောင်သစ် တစ်ဆောင်အား ဆောက်လုပ်လျက်ရှိရာ အလှူရှင်များ ထပ်မံလိုအပ်လျက်ရှိကြောင်း သိရသည်။

"အရင်ကျောင်းက နှစ်ပေါင်းကြာလာတာနဲ့အမျှ ခိုင်ခံ့မှုမရှိတော့တဲ့အတွက် ကျောင်းဟောင်းကိုဖျက်ပြီး ယာယီကျောင်းဆောင်သစ်ကို ကျေးရွာပြည်သူအင်အားနဲ့ အမြန်ဆောက်လုပ်ခဲ့ရတယ်။ အခု ယာယီကျောင်းဆောင်ရဲ့ အရှေ့ဘက်ဘေးမှာ အနယ်နယ်အရပ်ရပ်က စေတနာရှင် အလှူရှင်တွေရဲ့ စုပေါင်းထည့်ဝင်ငွေနဲ့ တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေပါတယ်။ အလှူရှင်တွေ ထပ်မံလိုအပ်နေပါသေးတယ်" ဟု ကျောင်းထိုင်ဆရာတော်က မိန့်ကြားသည်။

ထို့ကြောင့် ဆက်လက်လှူဒါန်းလိုသည့် စေတနာရှင်အလှူရှင်များ အနေဖြင့် ဦးစန္ဒာသီရိ (ဇီးကုန်းကျောင်းထိုင်ဆရာတော်) ဖုန်း-၀၉-၇၉၇၀၃၉၂၅၊ ဦးကိုကြီး (ဂေါပကအဖွဲ့ဝင်) ဖုန်း-၀၉-၇၉၇၆၆၂၅၈၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**



# မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ တပ်တွင်းဘွဲ့ရ ဒုရဲအုပ်လောင်း ရေးဖြေစာမေးပွဲဖြေဆို

**မန္တလေး ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မန္တလေးပညာရေးကောလိပ်တွင် တပ်တွင်းဘွဲ့ရ ဒုရဲအုပ်လောင်း အမှတ်စဉ် (၈၇/၂၀၁၆) (အမျိုးသား/အမျိုးသမီး) ရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီမှ ၁၁ နာရီအထိ ကျင်းပခဲ့သည်။

အဆိုပါ တပ်တွင်းဘွဲ့ရ ဒုရဲအုပ်လောင်းအမှတ်စဉ် (၈၇/၂၀၁၆) (အမျိုးသား/အမျိုးသမီး)ရေးဖြေစာမေးပွဲဖြေဆိုနေမှုကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဟန်ထွန်း၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (ကိုယ်စားလှယ်)ဖြစ်သော မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး မောင်မောင်အေးနှင့်မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်းတို့က လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်းနှင့် တပ်တွင်းဘွဲ့ရ ဒုရဲအုပ်လောင်းစာမေးပွဲသို့ မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်းရှိ တပ်ဖွဲ့/ဌာနနှင့် လုံခြုံရေးတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင် အမျိုးသား ၃၄၄ဦး၊ တပ်ဖွဲ့ဝင် အမျိုးသမီး ၈၅ ဦး စုစုပေါင်း တပ်ဖွဲ့ဝင် ၄၂၉ ဦးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများနှင့် ဈေးရောင်းပွဲတော်ဖွင့်

**မြဝတီ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြစန္ဒီပန်းခြံ ကျောက်တိုင်ကွင်း၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က အဆိုပါဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပသည်။**(ယာပုံ)**



(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲမုခ်ဦးကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထောက်အကူပြုကော်မတီများ၊ ဖိတ်ကြားထားသူများက ဈေးရောင်းပွဲတော် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြခန်းများနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး ပဒေသာကပွဲများ၊ စတိတ်ရှိုးများဖြင့် ညစဉ်ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကျောက်စိမ်းရေကန်နှင့် သနပ်ခါးကျောက်ပြင်ကြီးအား လေ့လာသူများပြား

**မြစ်ငယ် ဇန်နဝါရီ ၄**

အထက်မြန်မာပြည် မန္တလေးမြို့အနီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာရှိ မြန်မာ့တွင်းထွက်ကျောက်စိမ်းသယံဇာတများဖြင့် တည်ထားသော



ကျောက်စိမ်းစေတီတော်မြတ်အား မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးခရီးသည်များ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ဝေရောစန ကျောက်စိမ်းစေတီတော် အဝင်မုခ်ဦး၏ အရှေ့ဘက်၌ တည်ရှိသော ကျောက်စိမ်းရေကန်နှင့် သနပ်ခါးကျောက်ပြင်ကြီးကို ဘုရားဖူးရင်းလာရောက်လေ့လာလျက်ရှိရာ သနပ်ခါးလိမ်းသူ၊ ကျောက်စိမ်းရေကန်ကြီးမှ ရေအေးအေးကို သောက်သုံးသူများဖြင့် စည်ကားနေကြောင်း သိရသည်။

ရန်ကုန်မြို့မှ ကျောက်စိမ်းဘုရား လာရောက်ဖူးသူ မမြတ်လေးက "ကျောက်စိမ်းဘုရားကို ရန်ကုန်မြို့က လာရောက်ဖူးမြော်ကြည်ညိုကြတာပါ။ ကျောက်စိမ်းရေကန်က ရေလည်းသောက်ပြီးပြီ။ အခုသနပ်ခါးလိမ်းနေတာပါ။ အမျိုးသမီးများသာမဟုတ်ဘဲ အမျိုးသားတွေ ပါဝင်ပြီး လိမ်းနေတဲ့အတွက် အံ့ဩဝမ်းသာမိပါတယ်။ ဘာပဲဖြစ်ဖြစ် ကျောက်စိမ်းဘုရားအမှတ်တရဖြစ်အောင် အိမ်အပြန်သနပ်ခါးသွေးပြီး ယူသွားရဦးမယ်" ဟု ပြောသည်။

အဆိုပါ ကျောက်စိမ်းရေကန်ကြီးမှာ အမြင့် ခုနစ်ပေ၊ ပေ ၂၀ ပတ်လည်ရှိပြီး သနပ်ခါးကျောက်ပြင်ကြီးမှာ ငါးပေအဝိုင်းရှိကြောင်း သိရသည်။ ဝေရောစန ကျောက်စိမ်းစေတီတော်ကြီးကို ဘုရားဒါယကာ ဦးစိုးနိုင်က ၂၀၁၂ ခုနှစ်တွင် စတင်တည်ထားခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ထီးတော်တင်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ရန်ကုန်-ပြည် ရထားလမ်းပိုင်း စိတ်ချမ်းသာစွာ စီးနင်းနိုင်ရေးဆောင်ရွက်ပေး

**လက်ပံတန်း ဇန်နဝါရီ ၄**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား (ရုံးချုပ်)မှ ဒုတိယအထွေထွေမန်နေဂျာ (စစ်ဆေးရေး) ဦးစိုင်းသော်လင်း၊ တိုင်းခြောက်တိုင်းတာဝန်ခံ ဦးသက်ထွန်းနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁ ရက်က ရန်ကုန်မှ ပြည်သို့ထွက်ခွာမည့် အမှတ်(၇၁) အဆန် အမြန်ရထားဖြင့် စီးနင်းလိုက်ပါပြီး တွဲဆိုင်းများ ကြံ့ခိုင်မှုရှိ/မရှိ၊ တွဲဆိုင်းမှ ခုန်ခြင်း၊ ခါခြင်း၊ လူးခြင်း ရှိ/မရှိကို လိုက်ပါစစ်ဆေးပြီး ဇန်နဝါရီ ၂ ရက် နံနက်က ပြည်မှ ရန်ကုန်ထိ သံလမ်းပြေး ယာဉ်ဖြင့် သံလမ်းများအား စက်ယန္တရားဖြင့် လိုက်လံစစ်ဆေးခဲ့သည်။

အဆိုပါ ရန်ကုန်-ပြည် ရထားလမ်းပိုင်းမှာ မြန်မာနိုင်ငံတွင် ပထမဆုံး ဖောက်လုပ်ခဲ့သည့် ရထားလမ်းပိုင်းဖြစ်ကြောင်း သိရသည်။

**အောင်ဆင့်(လက်ပံတန်း)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ပုလဲ ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပြည်သူ့အားကစားကွင်း၌ ဇန်နဝါရီ ၃ ရက်က (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**



ပုလဲမြို့နယ် ပညာရေးမှူး ဒေါ်စုစုက (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောပြိုင်ပွဲများကို အားကစားအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးကို ရည်ရွယ်ပြီး ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## လွတ်လပ်ရေးနေ့ ဂုဏ်ပြု ကျေးလက်လမ်းများဖွင့်

**ကျောက်တံခါး**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျန်စစ်သား ခလောင်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါမုခ်ဦးဝ၌ ကျင်းပသည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် လမ်းအရှည် တစ်မိုင် ခြောက်ဖာလုံ၊ လမ်းအကျယ် ၁၀ ပေ၊ ထုကိုးလက်မ ကျောက်ချောလမ်းဖြစ်ကာ ကျေးရွာနေပြည်သူများ အလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

**တောင်တွင်းကြီး**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်တွင်းကြီးမြို့နယ် အောင်းစုအုပ်စု၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြု ငွေကျပ် ၂၅ သိန်း၊ ပြည်သူများ ထည့်ဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၅၀ ဖြင့် အရှည်ပေ ၃၅၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် သုံးပေရှိ ရွာသာ-ကြက်မောက်မြေသားလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။ ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် ချောက်ကြားကျေးရွာ၌ အရှည် ပေ ၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ တောင်တွင်းကြီး-ငမင် ကားလမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားသည့် ချောက်ကြား လမ်းကျောက်ခင်းမြေနီလမ်းသစ်အား ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၂၁)**

**ကျောက်ချောလမ်းသစ်ဖွင့်**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျဝတီ-ဂျေပူ ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ဇေယျဝတီ-ဂျေပူလမ်းမုခ်ဦး၌ ကျင်းပသည်။ အဆိုပါလမ်းသစ်ကို ၂၀၁၅-၂၀၁၆ ခုနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၆ ဒသမ ၅၀၃ သန်းဖြင့်ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ၃ ဒသမ ဝ၃ ဖာလုံ၊ လမ်းအကျယ် ၁၂ ပေနှင့် ထု ကိုးလက်မဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

**မင်းလှ၌ ကတ္တရာလမ်းသစ်ဖွင့်**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီခရိုင် မင်းလှမြို့နယ် အမှတ်(၇)ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာလမ်းနှင့် ကွန်ကရစ်တံတားဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးအောင်ကြွယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်တို့က ဗိုလ်ချုပ်အောင်ဆန်းလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ဝ၆၄)**

**လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြေတိုင်းဦးစီးဌာနက ကြီးမှူး၍ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်းကြက်တောင်ကွင်း၌ ဇန်နဝါရီ ၂ ရက်က ကျင်းပရာ မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်မြို့တို့မှ ကြက်တောင်အားကစားသမား ၁၁၉ ဦးပါဝင်ကြပြီး အကြီးတန်း၊ အလတ်တန်း အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ၊ မြေတိုင်းမိသားစု အမျိုးသားတစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံး ဗိုလ်လုပွဲယှဉ်ပြိုင်

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှုကြီးမှူး၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာအားကစားလအထိမ်းအမှတ် အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် SM- 45 အသင်းနှင့် Elephant အသင်းတို့ ဇန်နဝါရီ ၂ ရက်က အားကစားနှင့်ကာယပညာသိပ္ပံ ဖူဆယ်အားကစားရုံ၌ ယှဉ်ပြိုင်ကစားကြရာ SM-45 အသင်းက လေးဂိုး-ဂိုးမရှိဖြင့် ခြေစွမ်းပြအနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးအားကစားဆုရ SM-45 အသင်းမှ ကျောနံပါတ် ၉ ဇေယျာဖြိုးကျော်အား ငွေသားဆုနှင့် ဆုတံဆိပ်ကို ဘောလုံးဆပ်ကော်မတီအဖွဲ့ဝင် ဦးခင်မောင်လေးက လည်းကောင်း၊ ဒုတိယဆုရ Elephant အသင်းအား ဘောလုံးဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းကြီးက ဆုငွေကျပ်နှစ်သိန်းအား လည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ပထမဗိုလ်စွဲသွားသည့် SM-45 အသင်းအား တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ်သုံးသိန်းကို ချီးမြှင့်လိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နောင်ရိုးတိုက်ပွဲ

မောင်သာ
(ရှေးဟောင်းသုတေသန)



တောင်ငူဘုရင် ဘုရင့်နောင်ဖြစ်လာမည့် ကျော်ထင်နော်ရထာ၏ ဖောင်ဖျက်စစ်ပွဲ ဆင်နွှဲခဲ့သည့် နောင်ရိုးတိုက်ပွဲသည် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားသည့်တိုက်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ယင်းတိုက်ပွဲ အပြီးတွင် တိုက်ပွဲကိုဦးဆောင်ခဲ့သူ ကျော်ထင်နော်ရထာသည် ဘုရင့်နောင်အဖြစ် ထင်ရှားလာခဲ့ကာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် မင်းမြတ်တစ်ပါးဖြစ်လာခဲ့သည်။

ဘုရင့်နောင်မင်းတရားကြီး(အေဒီ ၁၅၅၁-၁၅၈၁)ဖြစ်လာမည့် ရှင်ရဲထွတ်ကို ခမည်းတော် မင်းကြီးဆွေနှင့် မယ်တော်ခင်မျိုးမြတ်တို့က မြန်မာသက္ကရာဇ် ၈၇၇ ခုနှစ် (ခရစ်နှစ် ၁၅၁၅ ခုနှစ်)တွင် မွေးဖွားခဲ့သည်။ ခမည်းတော်သည် တပင်ရွှေထီး၏ အကြီးတော်ဖြစ်၍ မယ်တော်သည် တပင်ရွှေထီး၏ နို့ထိန်းဖြစ်သည်။ တပင်ရွှေထီးနှင့် ရှင်ရဲထွတ်သည် ငယ်စဉ်က နို့စို့ဖက်များ ဖြစ်ခဲ့ကြပြီး တပင်ရွှေထီးက ရှင်ရဲထွတ်ထက် သုံးလနှင့်လေးရက် ကြီးသည်။

အရွယ်ရောက်သောအခါ ရှင်ရဲထွတ်သည် တပင်ရွှေထီး၏အစ်မဖြစ်သူ ခင်ခင်ကြီးနှင့် မေတ္တာမျှခဲ့သည်။ သက္ကရာဇ် ၈၉၂ ခုနှစ် (ခရစ်နှစ် ၁၅၃၀ ခုနှစ်)တွင် မင်းတရားရွှေထီး နန်းတက်သောအခါ ရှင်ရဲထွတ်၏ ခမည်းတော် မင်းကြီးဆွေအား မင်းရဲသိင်္ခသူဘွဲ့ အပ်နှင်းခဲ့ပြီး မိမိနှင့် နို့စို့ဖက် ရှင်ရဲထွတ်ကို အစ်မဖြစ်သူ ခင်ခင်ကြီးနှင့် စုံဖက်ပေးခဲ့သဖြင့် ရှင်ရဲထွတ်သည် တပင်ရွှေထီး၏ သူငယ်ချင်း၊ ယောက်ဖ၊ အမှုတော်ထမ်း ဖြစ်လာခဲ့သည်။

သစ္စာရှိ၍ စစ်မှုထမ်းကောင်းသော ရှင်ရဲထွတ်သည် တပင်ရွှေထီးထံ၌ အမှုတော်ထမ်းရွက်ခဲ့စဉ် တပင်ရွှေထီးနှင့်အတူ တာဝန်များကို လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝစွာ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည်။

ခရစ်နှစ် ၁၅၃၂ ခုနှစ်တွင် တောင်ငူနှင့် ဟံသာဝတီတို့ အားပြိုင်နေကြချိန်တွင် တောင်ငူ၌ တပင်ရွှေထီးက နန်းစံနေပြီး ဟံသာဝတီ၌ သုရှင်တကာရွတ်ပိက နန်းစံနေခဲ့သည်။ ခရစ်နှစ် ၁၅၃၇ ခုနှစ်တွင် တပင်ရွှေထီးသည် ဟံသာဝတီကို စစ်သည်အလုံးအရင်းနှင့် ချီတက်တိုက်ခိုက်ပြီး အနိုင်ရရှိခဲ့သဖြင့် သုရှင်တကာရွတ်ပိသည် ပြည်မြို့သို့တိမ်းရှောင်၍ ပြည်ဘုရင် နရပတိနှင့် ပူးပေါင်းခုခံရန် ကြံရွယ်ခဲ့သည်။ သို့ဖြစ်၍ မင်းတရားရွှေထီးသည် ပြည်သို့ချီတက်ရန် စီစဉ်ခဲ့ပြီး တောင်ငူတပ်ကို ကျော်ထင်နော်ရထာက ဦးဆောင်ခဲ့သည်။

မြန်မာရာဇဝင်များဖြစ်သည့် မှန်နန်းရာဇဝင်ကြီး၊ တွင်းသင်းရာဇဝင်တို့တွင် နောင်ရိုးတိုက်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်ရေးသားထားသည်။ ကျော်ထင်နော်ရထာသည် ဟံသာဝတီမှ တိုက်လှေများကိုရယူပြီး လှေတပ်ခုနစ်တပ်ဖွဲ့ခဲ့ပြီး မင်းတရားတပင်ရွှေထီးက ရေကြောင်းမှ ချီခဲ့သည်။ ကျော်ထင်နော်ရထာက တိုက်ဆင် ၅၀၊ မြင်း ၅၀၀၊ စစ်သည်သူရဲ ၁၀၀၀၀၊ ဆင်စီးအမတ် ၅၀ နှင့်အတူ ကုန်းကြောင်းမှ ချီတက်လိုက်ပါလာခဲ့ရာ နောင်ရိုးသို့ရောက်ရှိလာခဲ့ချိန်တွင် နောင်ရိုး၌ ချောင်းတစ်ခုခံနေသဖြင့် ထိုချောင်းကို မကူးဖြတ်သေးဘဲ တစ်ဖက်ကမ်း၌ ရပ်နားခဲ့ကြသည်။

ကျော်ထင်နော်ရထာသည် အမှုထမ်းတစ်ဦးအား အမြင့်ဆုံးသစ်ပင်ထိပ်သို့ တက်စေ၍ ချောင်းတစ်ဖက်ကမ်းသို့ ကြည့်ရှုစေရာ ရန်သူတပ်သည် မိမိတို့တပ်ထက် များစွာ အင်အားကြီးမားကြောင်း ခန့်မှန်းမိခဲ့သည်။ နောင်ရိုးတစ်ဖက်ကမ်းတွင် ပြည်ဘုရင်ထံသို့ ရေကြောင်းဖြင့်ဆုတ်ခွာနေသည့် သုရှင်တကာရွတ်ပိ၏ အမတ်များဖြစ်ကြသည့် ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့သည် တိုက်ဆင် ၂၀၀၊ မြင်း ၈၀၀ နှင့် စစ်သည်သူရဲ ၈၀၀၀၀ တို့ကို တပ်ကြီးငါးတပ်ဖွဲ့၍ နောင်ရိုးတစ်ဖက်ကမ်းတွင် တပ်ချရပ်နားနေသည်ကို မြင်ရသည်။

ကျော်ထင်နော်ရထာသည် ရန်သူ၏ အင်အားက မိမိတို့အင်အားထက် များစွာသာလွန်နေသည်ကို သိရှိခဲ့သော်လည်း တုန်လှုပ်ခြင်းမရှိဘဲ တိုက်ပွဲဝင်ရန် ပြင်ဆင်ခဲ့သည်။ ထိုအချိန်တွင် ကျော်ထင်နော်ရထာ ပြောကြားခဲ့သော "စစ်တို့၏သဘောသည် အင်အားနည်းသည် များသည်ဟူ၍ မရှိ၊ လုပ်ရည်ကြံရည် အရဲစွမ်းသာ အရင်းဖြစ်သည်"ဟူသည့် စကားသည် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားသည့်တိုက်ပွဲဝင်စကားတစ်ခွန်း ဖြစ်လာခဲ့သည်။

ကျော်ထင်နော်ရထာသည် မိမိတပ်များကို ဖောင်များဖွဲ့စေပြီး ဆင်မြင်းများနှင့်တကွ တစ်ဖက်ကမ်းသို့ ဖောင်များဖြင့် ကူးစေသည်။ ကျော်ထင်နော်ရထာ၏ တပ်အားလုံး နောင်ရိုးချောင်းတစ်ဖက်ကမ်းသို့ ရောက်လာချိန်တွင် တုရင်ရာဇာသည် တပင်ရွှေထီးထံမှ အမိန့်တော်ကိုယူဆောင်ကာ ကျော်ထင်နော်ရထာထံသို့ ရောက်ရှိလာသည်။ တပင်ရွှေထီးက သူရောက်မလာသေးသမျှ စစ်ကိုမတိုက်သေးဘဲ သူ့ကို စောင့်ဆိုင်းရန်နှင့် သူရောက်မှ ရန်သူကို တိုက်ခိုက်မည်ဖြစ်ကြောင်း အမိန့်တော်ပို့ခဲ့သည်။

သို့သော် ကျော်ထင်နော်ရထာက တုရင်ရာဇာအား အရှင့်ဘုန်းတော်ကြောင့် စစ်ကိုအောင်မြင်ပြီးဆုံးပြီးကြောင်း ပြန်လည်လျှောက်တင်ရန် ပြောကြားခဲ့သည်။ ထို့နောက် စစ်သည်များ စိတ်နှစ်ခွမဖြစ်စေရန် မိမိတို့စီးလာခဲ့သည့် ဖောင်များကို ဖျက်စေခဲ့သည်။ တပ်မှူးအချို့က စစ်မတိုက်ရသေးမီ စစ်အောင်မြင်ပြီးကြောင်း ဘုရင်မင်းမြတ်ထံ လျှောက်တင်ခဲ့ပြီး ဖောင်များကိုဖျက်လိုက်သည့်အတွက် စစ်ရှုံးခဲ့ပါက အခက်အခဲကြုံရမည်ဖြစ်ကြောင်း လျှောက်တင်ခဲ့ကြသည်။

ကျော်ထင်နော်ရထာက "ဖောင်များရှိနေ၍ ဖောင်များကိုအားကိုးလျှင် စစ်ရေးစစ်ရာတွင် အနည်းငယ် အရေးမလှ ယိုယွင်းသည်နှင့် ဖောင်များဆီသို့ အရောက်ပြေးကာ ထွက်ပြေးလိုကြလိမ့်မည်။ ဖောင်များမရှိပါမှ ရှေ့သို့မတွန့်ဘဲ သက်စွန့်ရဲရဲ ကြိုးပမ်းတိုက်ခိုက်လျက် အမှုတော်ကိုထမ်းကြလိမ့်မည်ဖြစ်သည်"ဟု သူရဲကောင်းတို့ ထားရှိရမည့် သဘောကို ပြတ်သားစွာ မိန့်ကြားခဲ့သည်။

"စစ်ပွဲကို မတိုက်ရမီကပင် အောင်မြင်လေပြီဟု မင်းတရားကို ငါလျှောက်ထားခိုင်းခဲ့သည်၊ အကယ်၍ ငါတို့ရှုံးနိမ့်ပါကလည်း မင်းတရားအနေဖြင့် ငါတို့အား အပြစ်တော်တင်လိမ့်မည်ဟု စိုးရိမ်ခြင်းလည်း မဖြစ်ကြပါနှင့်၊ စစ်ပွဲတွင် ရှုံးပါလျှင် ငါတို့လည်း အသက်နှင့်ကိုယ် မြဲနေတော့မည် မဟုတ်၍ သေဆုံးပြီးသောသူအား မင်းတရား မည်သို့ အပြစ်တော်တင်နိုင်ပါမည်နည်း"ဟု မိန့်ဆိုခဲ့သည်။

ဤစစ်ကို ငါတို့အောင်မြင်လျှင် အသက်ရှင်မည်၊ မအောင်မြင်ခဲ့လျှင် ငါတို့သေရမည်။ သေလေပြီးသည်ကို ဘယ်သူ့ကို အပြစ်တော်တင်ရမည်နည်းဟု တပ်မှူးစစ်ကဲအပေါင်းအား ရဲစိတ်တင်ပေးခဲ့သည်။ ကျော်ထင်နော်ရထာ၏ စစ်ဗျူဟာကျွမ်းကျင်မှုနှင့် စိတ်ဓာတ်စစ်ဆင်ရေးကောင်းမွန်မှုကြောင့် နောင်ရိုးတိုက်ပွဲတွင် အောင်ပွဲရရှိခဲ့သည်။

ကျော်ထင်နော်ရထာသည် ဒွိဇာဓိပ ဗျူဟာ ဟုခေါ်သည့် ဂဠုန်တောင်ကဲ့သို့ စစ်ထိုးခြင်းပြုရန် စီစဉ်လျက် တောမိုင်းရဲက ဆင်စီးအမတ် ၁၅၊ မြင်း ၂၀၀၊ စစ်သည် ၃၀၀၀ ဖြင့် လက်ယာကြောင်းမှ တိုက်ရန်၊ ဘယသကြိုက ဆင်စီးအမတ် ၁၅၊ မြင်း ၂၀၀၊ စစ်သည် ၃၀၀၀ ဖြင့် လက်ဝဲကြောင်းမှ တိုက်ခိုက်ရန် စီစဉ်ပြီး သူကိုယ်တိုင်က စွယ်လမန်ဆင်ကို စီးလျက် ဆင်စီးအမတ် ၂၀၊ မြင်း ၁၀၀၊ စစ်သည် ၄၀၀၀ ဖြင့် အလယ်စစ်ကြောင်းမှ တိုက်ပွဲဝင်ခဲ့သည်။

ကျော်ထင်နော်ရထာ၏ တပ်များ ချီလာသည်ကို သုရှင်တကာရွတ်ပိ၏ အမတ်များဖြစ်သည့် ဗညားဒလနှင့် မင်းရဲအောင်နိုင်တို့မြင်လျှင် ကျော်ထင်နော်ရထာ၏တပ်များ အင်အားနည်းသည်ကို တွေ့ရသည့်အတွက် စစ်မျက်နှာဖြန့်ကာ ကြိုသည်။

ကျော်ထင်နော်ရထာသည် တပ်ချင်း နီးကပ်လာသည်နှင့်တစ်ပြိုင်နက် စွယ်လမန်ဆင်တော်ကို ချွန်းဖွင့်ကာ တစ်ဟုန်ထိုးလွှတ်လျက် ဗညားဒလရှိရာသို့ ဦးတည်တိုက်သည်။ ဗညားဒလမှာ ကျော်ထင်နော်ရထာနှင့် ရင်ဆိုင်မတိုက်ဝံ့တော့သဖြင့် ဆင်ပေါ်မှဆင်းကာ မြင်းကိုပြောင်းစီးသည်။ ကျော်ထင်နော်ရထာက ရဲဝံ့စွာ တစ်ဟုန်ထိုး တိုက်ချိန်တွင် ဘယသကြိုနှင့် တောမိုင်းရဲတို့ကလည်း ညာသံပေးကာ လက်ဝဲလက်ယာကြောင်းတို့မှ အတင်းဝင်ရောက် ထိုးခုတ်ပစ်ခတ် တိုက်ခိုက်ကြလေသည်။ ပြင်းထန်သော နောင်ရိုးတိုက်ပွဲတွင် ရန်သူတပ်များသည် လေးစုကွဲကာ ရှုံးနိမ့်ထွက်ပြေးခဲ့ကြရသည်။

မွန်အမတ် မင်းရဲအောင်နိုင်သည် လက်ယာကြောင်းမှ တောမိုင်းရဲ၏ လှံချက်ကြောင့် ဆင်ပေါ်တွင် ကျဆုံးသွားသဖြင့် မင်းရဲအောင်နိုင်၏ စစ်သည်များ ဆုတ်ခွာ ထွက်ပြေးကြသည်။ ကျော်ထင်နော်ရထာသည် ရန်သူဘက်မှ ဆင်၊ မြင်း၊ လက်နက်၊ သံ့ပန်းတို့ကို တပင်ရွှေထီးရောက်ရှိလာလျှင် ဆက်သရန် သိမ်းယူခဲ့သည်။

နောင်ရိုးတိုက်ပွဲကို အောင်မြင်ပြီး နောက်တစ်ရက်တွင် တပင်ရွှေထီး၏တပ်တော် ရောက်ရှိလာသည်။ ရောက်ရှိတော်မူပြီး နောင်ရိုးတိုက်ပွဲ ပြီးဆုံးသွားကြောင်း သိရှိရသောအခါ တပင်ရွှေထီးက "ကျော်ထင်နော်ရထာ၊ သင်သည် ငါ့ကိုမစောင့်ဘဲ ရန်သူကို တိုက်နှင့်သည်၊ ငါ၏ပွဲကို ဖျက်သည်မဟုတ်လော"ဟု မေးခဲ့ရာ ကျော်ထင်နော်ရထာက-

"နောင်ရိုးတိုက်ပွဲသည် ဘုန်းတော်ကြီးသည့်အရှင်နှင့် ထိုက်တန်သော စစ်ပွဲမဟုတ်ကြောင်း၊ ကျွန်ုပ်တို့ ကျွန်များနှင့်သာ ထိုက်တန်သည့်ပွဲသာ ဖြစ်ပါကြောင်း၊ ကျွန်ကျွန်ချင်းတိုက်ရသော ပွဲဖြစ်၍ မိမိတိုက်ရခြင်းဖြစ်ပါကြောင်း၊ နောင်တွင် ဘုရင်မင်းမြတ် လုပ်ကြံရမည့်ပွဲများ ရှိပါသေးကြောင်း၊ ဟံသာဝတီမင်း၏တပ်နှင့် တွေ့မှသာ အရှင်တိုက်တော်မူပါ"ဟု လျှောက်တင်ပြီး သိမ်းဆည်းရရှိသော ဆင်၊ မြင်း၊ လက်နက်၊ သံ့ပန်းတို့ကို တပင်ရွှေထီးထံ ဆက်သခဲ့သည်။

၁၅၃၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နောင်ရိုးတိုက်ပွဲတွင် စွန့်စွန့်စားစား ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ကာ အောင်မြင်မှုရရှိခဲ့သော ကျော်ထင်နော်ရထာအား တပင်ရွှေထီးသည် များစွာကျေနပ်သွားပြီး မိမိဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်နှင့် လက်ကောက်တို့ကိုချွတ်၍ ရဲဆုအဖြစ်ပေးကာ လှိုင်မြို့ကို စားစေခဲ့သည်။ နောင်ရိုးတိုက်ပွဲ အောင်နိုင်မှုကြောင့် ကျော်ထင်နော်ရထာအား ဘုရင့်နောင်ဘွဲ့ကို ချီးမြှင့်ခဲ့ပြီးသည့် နောက်ပိုင်းတွင် ကျော်ထင်နော်ရထာသည် မြန်မာ့သမိုင်းတစ်လျှောက်တွင် ဘုရင့်နောင် အမည်ဖြင့် ထင်ရှားခဲ့သည်။

ဘုရင့်နောင်သည် ၁၅၄၁ ခုနှစ်တွင် တပင်ရွှေထီး၏ အိမ်ရှေ့မင်း ဖြစ်လာခဲ့ပြီး ၁၅၅၁ ခုနှစ်တွင် တပင်ရွှေထီး လုပ်ကြံခံရပြီးနောက် မှန်နန်းရာဇဝင်အလိုအရ ကောဇာသက္ကရာဇ် ၉၁၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် (ခရစ်နှစ် ၁၅၅၁ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) တွင်နန်းတက်ခဲ့သည်။ ဘုရင့်နောင်သည် စည်းလုံးညီညွတ်၍ အင်အားကြီးမားသော ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်၍ ၁၅၅၃ ခုနှစ်တွင် ဟံသာဝတီ ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ကြီးတွင် ထီးနန်းစိုက်ခဲ့သည်။ ၁၅၆၃ ခုနှစ်တွင် ယိုးဒယားသို့ စစ်ချီခဲ့ပြီး သောက္ကတဲ၊ ပိသလောက်၊ သုဝဏ္ဏလောက်မှ အယုဒ္ဓယမြို့အထိ သိမ်းပိုက်ခဲ့သည်။ အယုဒ္ဓယဘုရင်က ဆင်ဖြူလေးစီး ဆက်သခဲ့သဖြင့် ဟံသာဝတီ ဆင်ဖြူများရှင်ဟု ဘွဲ့မည်တွင်ခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီး၏ ဒုတိယမြန်မာနိုင်ငံတော်ကြီးသည် အရှေ့ဘက်တွင် ကျိုင်းတုံ၊ ကျိုင်းရုံးကြီး၊ လင်းဇင်း၊ ဇင်းမယ်နှင့် အယုဒ္ဓယအထိလည်းကောင်း၊ အနောက်ဘက်တွင် မဏိပူရအထိလည်းကောင်း သြဇာအာဏာ သက်ရောက်ခဲ့သည်။

စည်းလုံးတောင့်တင်းသော မြန်မာနိုင်ငံတော်ကြီးကိုထူထောင်ခဲ့သူ ဘုရင့်နောင်သည် အသက် ၆၆ နှစ်အရွယ် ၁၅၈၁ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် နတ်ရွာစံခဲ့သည်။

နောင်ရိုးတိုက်ပွဲသည် မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားခဲ့သော်လည်း နောင်ရိုး၏ တည်နေရာနှင့်ပတ်သက်၍ တိတိကျကျ မသိရှိကြသေးချေ။ ပညာရှင်များက နောင်ရိုးသည် ပြည်မြို့အနီးတွင်ရှိမည်ဟု မှန်းဆကြသည်။ ဘုရင့်နောင်ကျော်ထင်နော်ရထာတပ်များ ဖောင်ဖွဲ့၍ကူးသော နေရာသည် ယခု အိမ်မဲဝန်းကျင်၌ ရှိနိုင်သည်ဟု သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက မြေပုံရေးဆွဲထားခဲ့သည်။ နောင်ရိုးသည် ဒါးကမြစ်နှင့် မင်းမနိုင်ချောင်းအကြားတွင် တည်ရှိနိုင်သည်ဟု ယူဆချက်များလည်း ရှိသည်။ အချို့ကလည်း နောင်ရိုးသည် အိမ်မဲမြို့၏ အနောက်ဘက် ဒါးကမြစ်တောင်ဘက်ကမ်း၌ရှိ ဒေါင့်ကြီးရွာ အနီး၌ရှိမည်ဟု မှန်းဆကြသည်။

မည်သို့ပင်ဖြစ်စေ၊ မိမိထက် အင်အားကြီးမားသော ရန်သူ့တပ်များကို ဖောင်ဖျက်ကာ ရဲစိတ်အပြည့်ဖြင့် တိုက်ပွဲဝင်၍ အောင်ပန်းဆင်ခဲ့သည့် ကျော်ထင်နော်ရထာ၏ ဗျူဟာသည် ယနေ့တိုင် ခေတ်မီလျက်ရှိနေပေသည်။ ။

**အရှင့်ဘုန်းတော်ကြောင့် စစ်ကိုအောင်မြင်ပြီးဆုံးပြီးကြောင်း ပြန်လည်လျှောက်တင်ရန် ပြောကြားခဲ့သည်။ ထို့နောက် စစ်သည်များ စိတ်နှစ်ခွမဖြစ်စေရန် မိမိတို့စီးလာခဲ့သည့် ဖောင်များကို ဖျက်စေခဲ့သည်။ တပ်မှူးအချို့က စစ်မတိုက်ရသေးမီ စစ်အောင်မြင်ပြီးကြောင်း ဘုရင်မင်းမြတ်ထံ လျှောက်တင်ခဲ့ပြီး ဖောင်များကိုဖျက်လိုက်သည့်အတွက် စစ်ရှုံးခဲ့ပါက အခက်အခဲကြုံရမည်ဖြစ်ကြောင်း လျှောက်တင်ခဲ့ကြသည်။ ကျော်ထင်နော်ရထာက "ဖောင်များရှိနေ၍ ဖောင်များကိုအားကိုးလျှင် စစ်ရေးစစ်ရာတွင် အနည်းငယ် အရေးမလှ ယိုယွင်းသည်နှင့် ဖောင်များဆီသို့ အရောက်ပြေးကာ ထွက်ပြေးလိုကြလိမ့်မည်။ ဖောင်များ မရှိပါမှ ရှေ့သို့မတွန့်ဘဲ သက်စွန့်ရဲရဲ ကြိုးပမ်းတိုက်ခိုက်လျက် အမှုတော်ကိုထမ်းကြလိမ့်မည်ဖြစ်သည်"ဟု. . .**



# ဟားခါးမြို့တွင် တန်ဖိုးသင့်အိမ်ရာ အလုံး ၂၀၀ တည်ဆောက်ပြီးစီးနေ

**ဟားခါး ဇန်နဝါရီ ၄**

ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများအတွက် အသစ်ဖော်ထုတ်ပေးထားသော ဟားခါး-ဖလမ်း ကားလမ်းပေါ်ရှိ မြို့ကွက်သစ်နေရာ၌ တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်လျက်ရှိရာ အိမ်အလုံး ၂၀၀ တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တန်ဖိုးသင့်အိမ်ရာများတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ဟားခါးခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂ ရက်တွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး အိမ်ရာများ တာဝန်ယူတည်ဆောက်နေသော မြတ်နိုးသူဆောက်လုပ်ရေး ကုမ္ပဏီနှင့် တင်ဝင်းထွန်းကုမ္ပဏီတို့မှ တည်ဆောက်ရေးတာဝန်ခံများက အိမ်ရာများ လက်ရှိဆောက်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ တန်ဖိုးသင့် အိမ်ရာ ၄၁၇ လုံးအနက် အလုံး ၂၀၀ တည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း လိုက်လံရှင်းလင်းပြသကာ ခရိုင်အုပ်ချုပ်ရေးမှူးက သတ်မှတ်ကာလတွင် အချိန်မီပြီးစီးအောင် တည်ဆောက်ရေး၊ လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ဟားခါးမြို့ရှိ သဘာဝဘေးသင့်ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စီမံမှုဖြင့် မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီနှင့် တင်ဝင်းထွန်းကုမ္ပဏီတို့က ပူးပေါင်းတည်ဆောက်လျက်ရှိသည်။ အိမ်ရာတည်ဆောက်မှုလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်ဦးဆောင်မှုဖြင့် တည်ဆောက်ရေးကော်မတီအဖွဲ့များက ဆောင်ရွက်နေပြီး သဘာဝဘေးသင့်ပြည်သူများအား တန်ဖိုးသင့်အိမ်ရာများ အပ်နှံနိုင်ရေးနှင့် မြေကွက်များဖော်ထုတ်နေမှုကို ဇန်နဝါရီလကုန်အတွင်း အပြီးဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လားရှိုးမြို့၌ ဘာသာမရွေး နာရေးကူညီမှုအသင်းကြီး၏ (၉) ကြိမ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပ

**လားရှိုး ဇန်နဝါရီ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ဘာသာမရွေး နာရေးကူညီမှုအသင်းကြီး၏ (၉) ကြိမ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို လားရှိုးမြို့ ရပ်ကွက် (၁၀) ရှိ အသင်းရုံးခန်း အဆောက်အအုံ၌ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နာရေးကူညီမှုအသင်းကြီးသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးဗိုလ်မှူးချုပ် ဘုန်းမြတ်နှင့်ဇနီး မိသားစုက အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ Shinning Myanmar Co.,Ltd. မှ အရေးပေါ်အသုံးပြုရန် ကျပ်သိန်း ၅၀ တန်ဖိုးရှိ လူနာသယ်ထမ်းစင် ၈၁ ခုကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

နာရေးကူညီမှုအသင်းကြီးမှ ရှေ့တန်းစစ်မျက်နှာတွင် တာဝန်ထမ်းဆောင်နေသော ဆေးတပ်ဖွဲ့များအတွက် လူနာသယ်ထမ်းစင် ၃၀၊ အမှတ် (၉) တပ်မတော်ဆေးရုံအတွက် လူနာသယ်ထမ်းစင် ၁၀ ခု၊ လားရှိုးပြည်သူ့ဆေးရုံကြီးအတွက် လူနာသယ်ထမ်းစင် ၂၀ တို့ကို ထပ်ဆင့်ဖြန့်ဝေ လှူဒါန်းပေးခဲ့ပြီး ဖိတ်ကြားထားသော ဧည့်သည်များအား နံနက်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**နေမျိုးနွယ်**



# ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်း လုပ်ငန်းဆောင်ရွက်ရန် အသိပေးရှင်းလင်း

**မြဝတီ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးကျွေးခြင်း လုပ်ငန်းဆောင်ရွက်ရန် အသိပေးရှင်းလင်းဆွေးနွေးပွဲကို မြဝတီမြို့ သောင်ရင်းခန်းမ၌ ဇန်နဝါရီ ၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်က ၂၀၁၆ ခုနှစ် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးရန် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ ဆင်ခြေထောက်ရောဂါ လက္ခဏာများ၊ ဆေးမသောက်သင့်သူများ၊ ဆေးသောက်ပြီးလျှင် ဖြစ်တတ်သည့် လက္ခဏာများ၊ ဆေးသောက်ခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများစသည့် အကြောင်းအရာများကိုလည်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းမှ လူမှုရေးအသင်းအဖွဲ့ဝင်များက ကာကွယ်ဆေးတိုက်ကျွေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ဆောင်သင့်သည်များကို အကြံပြုဆွေးနွေးခဲ့သည်။

မြဝတီမြို့နယ်အနေဖြင့် ဇန်နဝါရီ ၁၀ ရက်မှ ၁၇ ရက်အထိ ဆေးတိုက်ကျွေးသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်တွင် အမှတ်(၁)ရပ်ကွက်၌လည်းကောင်း၊ ၁၁ ရက်တွင် အမှတ်(၂)ရပ်ကွက်၌လည်းကောင်း၊ ၁၂ ရက်နှင့် ၁၃ ရက်တွင် အမှတ်(၃) ရပ်ကွက်၌ လည်းကောင်း၊ ၁၄ ရက်နှင့် ၁၅ ရက်တွင် အမှတ်(၄) ရပ်ကွက်၌လည်းကောင်း၊ ၁၆ ရက်နှင့် ၁၇ ရက်တွင် အမှတ်(၅) ရပ်ကွက်၌ လည်းကောင်း အသီးသီးဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နှင့် ကျန်းမာကြံ့ခိုင်သော ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန်၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် အားကစားပြိုင်ပွဲများကို ညောင်တုန်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ဇန်နဝါရီ ၂ ရက်က စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။



အားကစားပြိုင်ပွဲများ အဖြစ် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် မီတာ (၅၀)၊ (၁၀၀)၊ (၂၀၀)၊(၄၀၀)နှင့် မီတာ(၁၅၀၀) အပြေးပြိုင်ပွဲများ၊ သံပြားပစ်၊ သံလုံးပစ်၊ လှံတံပစ်၊ အလျားခုန်၊ အမြင့်ခုန်နှင့် မီတာ (၄၀၀)လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများကို ကျင်းပခဲ့ပြီး မြို့ပေါ်ရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၃၂ ဦး ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲတွင် တစ်ဦးချင်းနှင့် အသင်းလိုက် ဆုရရှိသူများအား မြို့နယ် ဒုတိယပညာရေးမှူး ဦးမြင့်အောင်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

# ကိုယ့်အားကိုယ်ကိုး ရပ်ကွက်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၈)ရပ်ကွက်၌ ရပ်ကွက်နေပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ မြို့နယ်လျှပ်စစ်မှူး ဦးခင်အောင်နှင့် ရပ်ကွက်မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးဝင်းကိုကိုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က မြို့နယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး ရပ်ကွက်မီးလင်းရေးကော်မတီဥက္ကဋ္ဌက မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးက အလှူငွေကျပ်သိန်း ၅၀ ကို ရပ်ကွက်မီးလင်းရေးကော်မတီသို့ ပေးအပ်လှူဒါန်းသည်။

မော်လမြိုင်ကျွန်းမြို့ အမှတ်(၈)ရပ်ကွက် မီးလင်းရေးအတွက် မော်လမြိုင်ကျွန်းမြို့မှ လျှပ်စစ်မီးကို တုံးလဲ့ချောင်းကို ဖြတ်ကျော်သွယ်တန်း၍ ရယူခဲ့ပြီး ယခုအခါ ဓာတ်တိုင် ၇၈ တိုင်စိုက်ထူကာ အိမ်ထောင်စု ၁၀၀ ကို စတင်မီးပေးထားပြီဖြစ်ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

# ဘာစီလိုနာတို့ ကျော်ဖြတ်ဦးမယ့် စပိန်ဘုရင့်ဖလားစတုတ္ထအဆင့်ပွဲစဉ်

မိုးမြင့်လင်းလက်

၂၀၁၆ နှစ်သစ် ပထမဆုံး သီတင်းပတ်ရဲ့ ကြားရက်ဖြစ်တဲ့ ဇန်နဝါရီ ၆ ရက်နဲ့ ၇ ရက်တွေမှာ စပိန်ဘုရင့်ဖလား စတုတ္ထအဆင့် ပွဲစဉ်တွေကို ကစားဖို့ ရှိနေပါတယ်။ ဒီပွဲစဉ်တွေမှာ ဖလားသိမ်းပိုက်ဖို့ ရှေ့ဆုံးက ပြေးနေတဲ့ ဘာစီလိုနာတို့က အက်စ်ပန်းညိုနဲ့ တွေ့ဆုံရမှာဖြစ်ပြီး အက်သလက်တီကိုတို့ကတော့ အဝေးကွင်းမှာ ဗယ်လီကာနိုနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အရေးကြီးလာပြီဖြစ်တဲ့ ပွဲစဉ်တွေမှာ အသင်းကြီးတွေ ဘယ်လိုရလဒ်ထွက်ပေါ်အောင် အားထုတ်ကြမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။



**ဘာစီလိုနာနှင့် အက်စ်ပန်းညို**

အက်စ်ပန်းညိုကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့တဲ့ ဘာစီလိုနာတို့က အခုပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို ပုံဖော်ပါလိမ့်မယ်။ ဂိုးသွင်းစွမ်းရည်မြင့်တက်နေတဲ့ ဘာစီလိုနာ တိုက်စစ်ကို အက်စ်ပန်းညိုတို့ ခုခံဟန့်တားဖို့ ခက်ခဲမှာတော့ အမှန်ပါပဲ။ အက်စ်ပန်းညိုတို့ဟာ နိုင်ပွဲပျောက်ဆုံးမှု ဆက်တိုက်ဖြစ်နေတာမို့ အခုပွဲ ဘာစီလိုနာကွင်းမှာ အမှတ်ရဖို့တောင် မလွယ်ပါဘူး။

**ဗယ်လီကာနိုနှင့် အက်သလက်တီကို**

ခြေစွမ်းကျဆင်းပြီး ဂိုးပြတ်တွေ ရှုံးနိမ့်နေတဲ့ ဗယ်လီကာနိုတို့အတွက် ရင်မောရဦးမယ့်ပွဲဖြစ်ပါတယ်။ အက်သလက်တီကိုဟာ ပွဲတိုင်း အမှတ်ရရေး ကြိုးစားနေပြီး အသင်းလိုက်ကစားအားကလည်း ကောင်းမွန်နေတာမို့ အခုပွဲ အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။ ဗယ်လီကာနိုဟာ တိုက်စစ်ရော ခံစစ်ပိုင်းမှာပါ စွမ်းဆောင်မှုကျဆင်းနေတာကြောင့် အက်သလက်တီကိုတို့ ဂိုးမပြတ်ပေမယ့် အောင်ပွဲခံမယ့်ပွဲပါပဲ။

**ဘက်တစ်နှင့် ဆီဗီလာ**

လက်ရှိခြေစွမ်းအရ ဆီဗီလာတို့ အားသာချက်ရှိနိုင်ပေမယ့် ဘက်တစ်တို့က အိမ်ကွင်းမှာ ခြေစွာတာကြောင့် အလေးအနက်ထား ကစားရပါလိမ့်မယ်။ ဘက်တစ်ဟာ အိမ်ကွင်းမှာဆိုရင် ဆီဗီလာကို ခြေရည်တူကစားပြီး အခွင့်အရေးမပေးတတ်တာမို့ အခုပွဲမှာ ဆီဗီလာတို့ အကျပ်အတည်းတွေ့နိုင်ပါတယ်။ ဒါပေမယ့် နိုင်ပွဲလိုအပ်နေတဲ့ ဆီဗီလာဟာ ဒီပွဲမှာ ခြေကုန်ထုတ်လာမှာမို့ အနိုင်ကို မျှော်လင့်နိုင်သလို တစ်မှတ်ရရင်လည်း ကျေနပ်ရမယ့်ပွဲပါပဲ။

**ဘီလ်ဘာအိုနှင့် ဗီလာရီးရဲ**

နှစ်သင်းစလုံး အနိုင်ရလိုစိတ်ပြင်းပြင်းနဲ့ ကစားလေ့ရှိတာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာပါလိမ့်မယ်။ ဗီလာရီးရဲဟာ ဘီလ်ဘာအိုကို နိုင်ပွဲရအောင် ဘယ်လို ကစားရမယ်ဆိုတာ သိထားပြီး အခုပွဲမှာ အဝေးကွင်းဖြစ်ပေမယ့် ဂိုးပြတ်သွင်းနိုင်ရေး အာရုံစိုက်လာပါလိမ့်မယ်။ ဘီလ်ဘာအိုရဲ့ ခြေစွမ်းက ရှုံးပွဲမရှိအောင် ၈ ပွဲ ဆက်တိုက် ကစားထားနိုင်တာကို သတိပြုရမှာဖြစ်ပြီး ဗီလာရီးရဲတို့ မျှော်မှန်းချက်ပြည့်ဖို့တော့ ခက်ခဲနိုင်ပါတယ်။ ဒီပွဲက အမှတ်ခွဲယူရကိန်းဆိုက်သွားနိုင်ပါတယ်။

**ဗလင်စီယာနှင့် ဂရန်နာဒါ**

ဗလင်စီယာကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ဗလင်စီယာတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားပါတယ်။ နှစ်သင်းစလုံး နိုင်ပွဲကို လိုအပ်မှုပြင်းထန်နေတာမို့ အခုပွဲမှာတော့ အပြိုင်ခြေကုန်ဖွင့် ကစားဖို့ တာစူလာမှာဖြစ်ပါတယ်။ တစ်လှည့်စီ အနိုင်ယူနေတဲ့ ဒီနှစ်သင်း အခုပွဲတွေ့ဆုံမှုက ရလဒ်ပြတ်သားမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အနိုင်ရလိုစိတ် ပိုပြင်းထန်တဲ့ ဗလင်စီယာ ကစားသမားတွေရဲ့ အားထုတ်မှုအပေါ်မှာ အားပေးရင် ဒီပွဲအတွက် မမှားနိုင်ပါဘူး။

**ကာဒစ်နှင့် ဆယ်လ်တာဗီဂို**

ဆယ်လ်တာဗီဂိုအတွက်တော့ ဒီပွဲဟာ အခွင့်ကောင်းတစ်ရပ်အဖြစ် ဖန်တီးနိုင်ဖို့အခြေနေ ဖြစ်လာပါလိမ့်မယ်။ ဆီဂန်ဒါ(ဘီ)ကလပ် ကာဒစ်ရဲ့ ခြေစွမ်းက အားရစရာမရှိတာမို့ ဆယ်လ်တာဗီဂိုတို့ အဝေးကွင်းဆိုပေမယ့် လူစုံထုတ်ပြီး ပွဲထွက်လာပါလိမ့်မယ်။ အသင်းတိုင်းကို အလေးထားကစားတတ်တဲ့ ဆယ်လ်တာဗီဂိုတို့က ကာဒစ်နဲ့ ဆုံခဲ့တဲ့ပွဲတွေမှာ နိုင်ပွဲတွေချည်း ဖန်တီးပုံဖော်နိုင်တာမို့ အခုပွဲမှာလည်း အိမ်ကွင်းဆိုပေမယ့် ကာဒစ်တို့ မျှော်လင့်ချက်မဲ့နိုင်တဲ့ပွဲပါပဲ။ ။



# ဖလားရဖို့ အကောင်းဆုံးအခွင့်အလမ်းလို့ဆိုတဲ့ စပါး

စပါးအသင်းအနေနဲ့ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ လီဆက်စတာ အသင်းထက် ယုံကြည်မှု အပြည့်အဝ ရှိထားတယ်လို့ စပါးနည်းပြ ပိုချက်တီနိုက ပြောဆိုလိုက်ပါတယ်။ လက်ရှိ ပရီမီယာလိဂ်မှာ စပါးရဲ့ ခြေစွမ်းအနေအထားကို ကြည့်မယ်ဆိုရင် ဖလားရဖို့ အကောင်းဆုံးအခွင့်အလမ်းကို ပိုင်ဆိုင်ထားတယ်လို့ သူက ဆိုပါတယ်။ ၁၉၈၇ ခုနှစ်နောက်ပိုင်း ဖလားရဖို့ အကောင်းဆုံး အခွင့်အလမ်းပါပဲလို့ ပိုချက်တီနိုက ဆိုပါတယ်။ စပါးအသင်း အနေနဲ့ ထိပ်ဆုံးလေးနေရာ ရဖို့သာမက ဖလားကိုပါ ရယူနိုင်တဲ့ ခြေစွမ်းကို ပိုင်ဆိုင်ထားတယ်လို့ သူကဆိုပါတယ်။ စပါးအသင်းအနေနဲ့ လူကာမိုဒရစ်နဲ့ ဂါးရက်ဘေးလ်တို့လို အရည်အချင်းပြည့်ဝတဲ့ ကစားသမားတွေကို ရောင်းထုတ်ခြင်းကို ရပ်တန့်သွားမှာ ဖြစ်ပါတယ်လို့လည်း သူကဆိုပါတယ်။ စပါးအသင်းအနေနဲ့ ယခုနှစ် ရာသီမှာ ကစားသမားကောင်းတွေကို ရောင်းမထုတ်တော့ဘဲ အသင်းအောင်မြင်ရေးကိုသာ အဓိက ဦးစားပေးသွားမယ်လို့ ဆိုပါတယ်။

✦ ကောင်းမြတ်သူ – စုစည်းသည်။ ✦

# ထိပ်သီးကလပ်တွေ စိတ်ဝင်စားနေတဲ့ ပေါ့ဂ်ဘာ ခြေစွမ်းပျောက်နေ

ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ဘာစီလိုနာ၊ မန်ယူ၊ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့က ခေါ်ယူဖို့ အဆက်အသွယ်တွေ ပြုလုပ်ထားတာပါ။ သူဟာဥရောပ ကွင်းလယ်ကစားသမားတွေထဲမှာ နာမည်အကြီးဆုံး ကစားသမားတစ်ဦးဖြစ်ပေမယ့် ယခုနှစ်ရာသီမှာတော့ ဂိုးတွေမသွင်းနိုင်ဘဲ ခြေစွမ်းပျောက်နေတယ်လို့ ဆိုပါတယ်။ ဂျူဗင်တပ်စ် ကွင်းလယ်ကစားသမားပေါ့ဂ်ဘာက သူ့အနေနဲ့ ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီ ဝတ်ဆင်ကစားလိုတယ်လို့ ပြောဆိုလိုက်ပါတယ်။ “ဒီနံပါတ်က ကျွန်တော်အနှစ်သက်ဆုံးပါ။ ဥရောပရဲ့ ထိပ်သီးအသင်းတွေက ခေါ်ယူမယ်ဆိုလည်း ဒီကျောနံပါတ် ၁၀ နဲ့ပဲ ကစားလိုတယ်”လို့ ပေါ့ဂ်ဘာက ပြောဆိုလိုက်ပါတယ်။ ဂျူဗင်တပ်စ်နဲ့အတူ ပြီးခဲ့တဲ့နှစ်က အကောင်းဆုံးခြေစွမ်းပြခဲ့ပေမယ့် ဒီနှစ်မှာတော့ ခြေစွမ်းပျောက်နေပါတယ်။ “ကျွန်တော်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဂျူဗင်တပ်စ်က ကျောနံပါတ် ၁၀ ကို ပေးထားတာပါ။ အခြားအသင်းတွေလည်း ကျွန်တော့်ကို ခေါ်ယူမယ်ဆိုရင် ကျောနံပါတ် ၁၀ ကို ပေးစေချင်တယ်” လို့ ပေါ့ဂ်ဘာက ဆိုပါတယ်။



# ရီးရဲမက်ဒရစ်ကစားသမား အစ္စကို ပေါင် သန်း ၃၀ ရမှ ရောင်းမည်

နာမည်ကြီး ကွင်းလယ်ကစားသမား အစ္စကိုအား ပေါင်သန်း ၃၀ မရဘဲ မန်စီးတီးကို ရောင်းချမှာမဟုတ်ဘူးလို့ ရီးရဲမက်ဒရစ် တာဝန်ရှိသူတွေက ပြောဆိုလိုက်ပါတယ်။ စပိန်ကွင်းလယ်ကစားသမား အစ္စကိုဟာ လက်ရှိနည်းပြ ဘင်နီတက်ဇ်လက်ထက်မှာ ပုံမှန်ကစားခွင့်တွေ ဆုံးရှုံးပြီး ရေပန်းစားမှု နည်းနေပါတယ်။ သို့ပေမယ့် ကွင်းလယ်ကစားသမား အစ္စကိုဟာ မန်စီးတီးနည်းပြ ပယ်လီဂရင်းနီ မာလာဂါအသင်းကို ကိုင်တွယ်စဉ်က အဓိကကစားသမား ဖြစ်ခဲ့ပါတယ်။ ဒီအတွက်ကြောင့်လည်း မန်စီးတီးက ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား အစ္စကိုအား ခေါ်ယူလိမ့်မယ်လို့ မျှော်လင့်နေတာပါ။



သို့ပေမယ့် မန်စီးတီးကတော့ တရားဝင်ဆက်သွယ်ခြင်း မရှိသေးပါဘူး။ မန်စီးတီး အားကစားဒါရိုက်တာ ဘီဂျစ်စတိန်းကတော့ အစ္စကိုအား ခေါ်ယူနိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ အစ္စကိုဟာ မာလာဂါအသင်းမှာ အဓိကကစားသမားဖြစ်ခဲ့ပါတယ်။ ချီလီနိုင်ငံသား ပယ်လီဂရင်းနီ ၂၀၁၃ ခုနှစ်က မန်စီးတီးသို့ရောက်စဉ် အစ္စကိုအား စာချုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ သို့ပေမယ့် ရီးရဲမက်ဒရစ်က ပေါင် ၃၃ သန်းနဲ့ ခေါ်ယူခဲ့တဲ့အတွက် လက်လွှတ်ခဲ့ရပါတယ်။



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းမှ ရှေးဟောင်း စေတီတော်တစ်ဆူဖြစ်သော ကြေး စေတီတော်မြတ်ကြီးကို မဟာ မြတ်မုနိဘုရားကြီး အကျိုးတော် ဆောင်ဆရာတော် ဦးစီး၍ ဇန်နဝါရီ ၃ ရက်က ထီးတော်တင် လှူ ပူဇော်စဉ်။

စိုင်း(သီပေါ)

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပခဲ့သော (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကား ပြောကြားပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ၁ နှစ်မှ ၂ နှစ်အထိ ကလေးငယ်များအား ဆုချီးမြှင့်သည်။

ဆက်လက်၍ ၆ လမှ ၁ နှစ်အထိ ကလေးငယ်များအား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းကလည်းကောင်း၊ မွေးစမှ ၆ လအထိ ကလေးငယ်များအား တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ငွေး **(အောက်ပုံ)** ကလည်းကောင်း၊ သုံးမွှာကလေးငယ်များအား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်သင်းသင်းမြက လည်းကောင်း၊ နှစ်မွှာကလေးငယ်များအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်တို့ကလည်းကောင်း၊ သားကောင်းမိခင်ဆု ရရှိသူများအား တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ ဇနီး ဒေါ်နန်းနှင်းဆီနှင့် တိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်သိန်းသိန်းကြည်တို့ကလည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**



# ကသာမြို့ မြို့မဈေးသစ်ကြီး ဖွင့်ပွဲကျင်းပ



**ကသာ ဇန်နဝါရီ ၄**

ကသာမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ် စည်ပင်သာယာရေးကော်မတီ မြို့မဈေးသစ်ကြီးဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

ကသာမြို့မဈေးသစ်ကြီးဖွင့်ပွဲတွင် ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဖွင့်ပွဲသို့ မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ၊ ကသာမြို့နယ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီ မြို့မဈေးသစ်ကြီးကို ၂၀၁၃ ခုနှစ် မတ်လအတွင်း စတင်တည်ဆောက်ခဲ့ပြီး Steel Structure အာရ်စီ အဆောက်အအုံဖြစ်သည်။ ၂၀၁၄ ခုနှစ် မေလအတွင်း တည်ဆောက်မှုများ ပြီးစီးခဲ့ကြောင်း၊ ဈေးသစ်ကြီးတွင် ဆိုင်ခန်းပေါင်း ၆၄၆ ခန်းပါဝင်ပြီး ငွေကျပ် ၁၀၇၅ သန်း အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# မင်းတပ်ကျေးရွာမှ ပုသိမ်-မုံရွာလမ်းမကြီးသို့ဆက်သွယ်သော မြေသားလမ်းသစ်ဖွင့်

**မင်းတုန်း ဇန်နဝါရီ ၄**

မင်းတုန်းမြို့နယ်အတွင်းရှိ မင်းတပ်ကျေးရွာမှ ပုသိမ်-မုံရွာလမ်းမကြီးသို့ ဆက်သွယ်သည့် မြေသား လမ်းသစ် ခင်းကျင်းပြီးစီးသဖြင့် ဖွင့်ပွဲကို (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသော အားဖြင့် ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

လမ်းဖွင့်ပွဲတွင် မင်းတပ်-ပုသိမ်မုံရွာ မြေသား လမ်းသစ်ခင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မင်းတုန်း မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက ရှင်းလင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဇော်၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဦးတင်ပွားနှင့် ရပ်မိရပ်ဖတစ်ဦးက မြေသား လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိ သူများက မြေသားလမ်းသစ်တစ်လျှောက် လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မြေသားလမ်းသစ်ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ ကျပ်သန်း ၅၀၀ မှ ခွင့်ပြုငွေ ကျပ်သိန်း ၂၀၀ ဖြင့် ဖောက်လုပ်ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း၊ အရှည် ၁၄ မိုင်ရှိ မူလလှည်းလမ်းကို မြေသားတာပေါင် မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် မင်းတပ် ကျေးရွာ၊ တောင်ယံကျေးရွာ၊ တုပ်လယ်ကျေးရွာနှင့် မီးပေါက်ကျေးရွာများမှ ဒေသခံပြည်သူများအနေ ဖြင့် ပုသိမ်-မုံရွာကားလမ်းမကြီးဆီသို့ ရာသီမရွေး သွားလာဆက်သွယ်နိုင်ပြီဖြစ်ရာ ဒေသတွင်းကျေးရွာ များအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ် ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ကလေး ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ ဒုတိယလမ်းမကြီးဖြစ်သော တောင်ဖီလာရပ်ကွက်ရှိ ကျန်စစ်သားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့သည်။

ကျန်စစ်သားလမ်းသည် ကလေးမြို့၏ အဓိကလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းမကြီးနှင့်အပြိုင် ဖောက်လုပ်ထားသော လမ်းတစ်လမ်းဖြစ်ကာ အောင်ဇေယျလမ်းနှင့် ဆက်သွယ်ပြီး စက်မှုဇုန်အထိ အရှည်လေးမိုင်နီးပါး ရှိသည်။ မြို့၏ ဒုတိယလမ်းမကြီးဖြစ်သဖြင့် မူလအမာခံကျောက်လမ်းကို ကတ္တရာလမ်းအဖြစ် နှစ်အလိုက် အဆင့်မြှင့်တင်လျက်ရှိရာ ယခုဖွင့်လှစ်သော ကတ္တရာလမ်းမှာ အရှည် ၂၅၀၀ ပေ၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် ၂၂ ဒသမ ၅ သန်းဖြင့် ကတ္တရာခင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခမ်လျန်းခိုင်က ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပုံကို ရှင်းလင်းပြောကြားပြီး လမ်းသစ်ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင် ဒုတိယရဲမှူးကြီး တင်ဇော်ထွန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင် ဦးအေးချိုနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

**ဂျူနိုင်း**

# ခရိုင်ချင်းဆက် မဲဇာမြစ်ကူးတံတားသစ် ထပ်မံတည်ဆောက်လျက်ရှိ

**အင်းတော် ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ၏ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ မဲဇာမြစ်ကူးတံတားသစ်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မဲဇာမြစ်ကူးတံတားသစ်သည် အရှည် ၄၈၀ ပေ၊ အကျယ် ၂၇ ပေရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကြောင်း၊ တံတားသစ် တည်ဆောက်ပြီးစီးပါက မဲဇာကျေးရွာမှ ဝန်းသို-ကောလင်းမှတစ်ဆင့် မန္တလေးဘက်သို့ လည်းကောင်း၊ ကောလင်းမှ ပင်လည်ဘူး၊ တမူးနှင့် ဟုမ္မလင်းဘက်သို့လည်းကောင်း၊ အထက်ပိုင်း ကချင် ပြည်နယ်ဘက်သို့ လည်းကောင်း သွားလာရေး လွယ်ကူချောမွေ့ကာ ကုန်စည်စီးဆင်းမှု မြန်ဆန်လာနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ပိုမိုတိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



## သတင်းတို

### ကျေးရွာအထကခွဲ၌ ကျောင်းဆောင်သစ်တည်ဆောက်

အင်းတော်မြို့နယ် မော်လူးဒေသ နန့်စီးအောင်ကျေးရွာရှိ အထကခွဲ ကျောင်း၌ အလျား ပေ ၁၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျောင်း ဆောင်သစ်ကို စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ ကူညီထောက်ပံ့မှုဖြင့် ဇန်နဝါရီ ၃ ရက်က စတင်တိုင်ထူပြီး တည် ဆောက်လျက်ရှိကြောင်း၊ မတ်လ အတွင်းအပြီး တည်ဆောက်သွားမည် ဖြစ်ကြောင်း မံဟဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ပြောကြားချက် အရ သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# မြန်မာနိုင်ငံအနှံ့တွင် အသုံးများလာသော စွမ်းအားမြင့် အေဝမ်းမီးဖိုများ

သတင်းဆောင်းပါး - ကျော်စွာ(မကွေး)

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်ရှိ မြန်မာမြေ စွမ်းအားမြင့်အေဝမ်း မီးဖိုထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သော စွမ်းအားမြင့်အေဝမ်းမီးဖိုများကို ယုံကြည်စိတ်ချစွာ သုံးစွဲသူများပြားလာ၍ တိုင်းဒေသကြီးအတွင်းသာမက မြန်မာနိုင်ငံဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချမှုပိုများလာပြီး ယခင်ကထက် ပိုမိုထုတ်လုပ်လာရကြောင်း သိရသည်။

ယင်းစွမ်းအားမြင့်အေဝမ်းမီးဖိုများသည် မီးလောင်ကျွမ်းမှု အပြည့်အဝရှိသည့်အပြင် အပူဆုံးရှုံးမှုကို အလျော့နည်းဆုံး ဖွဲ့စည်းတည်ဆောက်ထားသောကြောင့် အပူစွမ်းအင်ကို အများဆုံးအသုံးပြုနိုင်ကြောင်း၊ ပစ္စည်းအရည်အသွေးနှင့် အကျိုးတရားကို နားလည်သိရှိသူ များပြားလာခြင်းကြောင့် ယခင်ကထက် ဝယ်လိုအားများလာကာ ပိုမိုထုတ်လုပ်လာရခြင်းဖြစ်ကြောင်း စက်ရုံမှူး ဦးမောင်မောင်က ပြောသည်။

"ဈေးကွက်က ခိုင်မာကျယ်ပြန့်လာတယ်။ မကွေးတိုင်းဒေသကြီးထဲက မြို့နယ် ၂၅ မြို့နယ်အပြင် ဈေးကွက်တောင်းဆိုမှုအရ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော် အပါအဝင် ရှမ်းပြည်နယ် တောင်ကြီး၊ အင်းလေးတို့နဲ့ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး အစီအစဉ်အရ ပဲခူးတိုင်းအရှေ့ခြမ်း၊ အနောက်ခြမ်းအထိ ဖြန့်ဝေခဲ့တယ်။ ပြီးတော့ မကွေးတိုင်းဒေသကြီး ရေဘေးသင့်ခဲ့တဲ့ ဒေသတွေမှာလည်း အေဝမ်းမီးဖိုတွေကို ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ခဲ့တယ်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ သစ်တောဦးစီးဌာန၊ စိမ်းစိုဦးစီးဌာန၊ တပ်ရင်းတပ်ဖွဲ့တွေ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ အစိုးရနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကို အထူးအစီအစဉ်နဲ့ ဖြန့်ဖြူးရောင်းချနေပါတယ်။ ကုန်ကြမ်းအနေနဲ့ ပလပ်မြေတွေမှာ



မြေတူးယူပြီး မီးဖိုဖုတ်တဲ့အခါမှာ ထင်းလုံးဝမသုံးဘဲ စပါးခွံသုံးတယ်။ လက်ရှိအားဖြင့် ဒေသခံဝန်ထမ်း အလုပ်သမား ၆၀ နဲ့ တစ်နေ့ကို အလုံးရေ ၂၅၀ ကျော် ထုတ်လုပ်နေပါတယ်။ မီးမွေးရလွယ်ကူပြီး လုံခြုံစိတ်ချရတဲ့အတွက် မိုးဦးကျရာသီတွေမှာ ပိုပြီးအရောင်းတွင်ကျယ်တယ်"ဟု ၎င်းက ဆက်ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသအနှံ့အပြားတွင် သမားရိုးကျ ဖိုခနောက်မီးဖိုများအစား မြန်မာမြေ စွမ်းအားမြင့်အေဝမ်းမီးဖိုများကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာကြပြီး ယင်းမီးဖိုသည် လောင်စာအဖြစ် ထင်း၊ မီးသွေး၊ အစားထိုးလောင်စာတောင့်(ကျောက်မီးသွေး၊ ရေနံမီးသွေး၊ စပါးခွံ၊ လွှစာနှင့်လယ်ယာစွန့်ပစ်ပစ္စည်း) လောင်စာအမျိုးမျိုးကို အသုံးပြုနိုင်ကြောင်း၊ ထင်းလောင်စာကုန်ကျမှုမှာ ၆၀ ရာခိုင်နှုန်းသာဖြစ်ပြီး မီးမွှေးရာတွင် လွယ်ကူကာ မီးပြန့်လွင့်မှုနည်းပါးသောကြောင့် မီးဘေးအန္တရာယ်လည်း လျော့နည်းစေနိုင်ကြောင်း သိရသည်။

"အရင်တုန်းကတော့ အလွယ်တကူ ကျောက်ခဲသုံးလုံး ဖိုခနောက်ဆိုင်ပြီး ထင်းမီးဖိုလုပ်သုံးခဲ့တယ်။ မီးပြန့်လွင့်မှုများတော့ မီးအပူဟပ်တဲ့ဒဏ်တွေခံရတယ်။ မီးခိုးအူတဲ့အခါကျတော့လည်း မျက်စိတွေပူစပ်ပြီး မျက်ရည်ပူတွေကျတဲ့အထိ ခံစားခဲ့ရတယ်။ မီးဖိုချောင်ဆိုလည်း ကြပ်ခိုးတွေ၊ မှိုင်းခိုးတွေနဲ့ ညစ်ပတ်နေတာပဲ။ အခုတော့ အေဝမ်းမီးဖိုသုံးပြီး ဒီဒုက္ခတွေကနေ ကင်းဝေးလျော့ပါးသွားပါပြီ"ဟု မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာမှ အိမ်ရှင်မတစ်ဦးက စွမ်းအားမြင့် အေဝမ်းမီးဖိုအသုံးပြုခြင်း၏ အားသာချက်များကို ပြောပြသည်။

ကျေးလက်ဒေသများတွင် ကျေးရွာသုံးထင်းစိုက်ခင်းများကို စနစ်တကျစိုက်ပျိုးထားလျက်ရှိပြီး ထင်းအစား အခြားလောင်စာများအဖြစ် စိုက်ပျိုးရေး လုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများဖြစ်ကြသော နှမ်းရိုး၊ ပြောင်းရိုး၊ ပဲစင်းငုံရိုးများအပြင် အညာဒေသတွင် ပေါများစွာပေါက်ရောက်လေ့ရှိသော လက်ပံပင်များမှ လက်ပံခြောက်များကိုလည်း အသုံးပြုလေ့ရှိသည်။

အိမ်ထောင်စု သုံးသန်းခန့်ရှိသော အပူပိုင်းဇုန်ဒေသတစ်ခုလုံးတွင် စွမ်းအားမြင့်အေဝမ်းမီးဖိုကို သုံးစွဲပါက နှစ်စဉ် ထင်းတန်ချိန် ၂ ဒသမ ၄ သန်းခန့် သက်သာစေနိုင်ကြောင်း၊ သစ်တောဖုံးလွှမ်းမှု တစ်ဧကကျော်ကို ထင်းငါးတန်နှုန်းဖြင့် တွက်ချက်ပါက နှစ်စဉ် သစ်တောဧက ၄၈၀၀၀၀ ခန့် ပြုန်းတီးနေမှုမှ ကာကွယ်နိုင်မည်ကြောင်း သစ်တောပညာရှင်များ၏ ခန့်မှန်းတွက်ချက်ထားချက်များအရ သိရသည်။

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတဖြစ်သော သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေးအတွက် ပြည်သူများမှ ပူးပေါင်းပါဝင်လာစေရန် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကလည်း ကျေးလက်ဒေသများအရောက် ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းကုန်ကျမှုသက်သာသော အေဝမ်းမီးဖိုသုံးစွဲရေးကို ပညာပေးဟောပြောခြင်းနှင့် အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ။

# ညောင်ဦးမြို့တွင် ဘဲဥနှင့်ကြက်ဥ ဈေးနှုန်းမြင့်တက်လာ ဈေးသက်သာသောကြက်ဥကို စားသုံးသူပိုမိုများပြား



**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် ယခုရက်များအတွင်း ဘဲဥနှင့် ကြက်ဥများ ဈေးနှုန်းမြင့်တက်လာကြောင်း မဏိစည်သူဈေးကြီးမှ ဆိုင်များနှင့် ဝယ်ယူစားသုံးသူများထံမှ သိရသည်။

"ညောင်ဦးမြို့ကို ကြက်ဥကားတွေတော့ ဝင်ပါတယ်။ ဝယ်သူတွေလည်းများတယ်။ ပင်ရင်းကကို ဈေးမြင့်ဝယ်နေရလို့ပါ။ အရင်လထဲကတော့ ကြက်ဥ တစ်ထောင်ဖိုးကို ဆယ်လုံးရောင်းပါတယ်။ အခုလမှာတော့ တစ်ထောင်ဖိုးကို ကိုးလုံး ရှစ်လုံးရောင်းပါတယ်။ အခုရက်ပိုင်းမှာ ဘဲဥဈေးလည်းမြင့်တက်နေပါတယ်။ ကြက်ဥဈေးလည်း မြင့်ဝယ်နေရပါတယ်။ ကြက်ဥ ဘဲဥတစ်လုံးကို ၁၅ ကျပ် ၂၀ ကျပ်လောက်အထိ ဈေးမြင့်တက်လာပါတယ်"ဟု ကြက်ဥရောင်းသူ အမျိုးသမီးတစ်ဦးက ပြောသည်။

ညောင်ဦးမြို့ခံ အမျိုးသမီးတစ်ဦးက "ကျွန်မတို့ အရင်လတုန်းက ဘဲဥတစ်လုံး ၁၅၀ ကျပ် ပေးရတယ်။ ကြက်ဥတစ်လုံး ၁၀၀ ပေးဝယ်ရတယ်။ အခုရက်ပိုင်းမှာတော့ ဘဲဥတစ်လုံး ၁၆၀၊ ၁၇၀ လောက် ပေးရပြီး ကြက်ဥတစ်လုံးကို ၁၁၀ အနိမ့်ဆုံး ပေးရတယ်"ဟု ပြောသည်။

မဏိစည်သူဈေးကြီးသို့ နေ့စဉ် ကျေးလက်တောရွာများမှ ကားကြီးကားငယ်များဖြင့် ကြက်ဥဘဲဥများ ဝင်ရောက်လျက်ရှိသော်လည်း ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ဘဲဥနှင့် ကြက်ဥ နှစ်မျိုးလုံးဈေးတက်နေချိန်တွင် ညောင်ဦးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအနေဖြင့် ဈေးပိုများသော ဘဲဥထက် ဈေးသက်သာသော ကြက်ဥကို အများအပြား ဝယ်ယူစားသုံးနေကြကြောင်း ဒေသခံများက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**



# အားကစားပြိုင်ကွင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မြင်းခြံ ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ မြို့နယ်အားကစားပြိုင်ကွင်းတွင် ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ စုပေါင်း၍ ဇန်နဝါရီ ၂ ရက်က သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ကွင်းအတွင်း ပြေးလမ်းတစ်လျှောက် ပေါက်နေသော မြက်များ၊ ပွဲကြည့်စင် ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ အပင်ငယ်များ ခုတ်ထွင် ရှင်းလင်းဖယ်ရှားခြင်း အပါအဝင် သန့်ရှင်းရေးလုပ်ငန်းများကို မြင်းခြံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းများ၊ မြင်းခြံခရိုင်နှင့် မြို့နယ်ရဲ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၀၀ ခန့်က စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

အားကစားပြိုင်ကွင်း သန့်ရှင်းရေး ပြုလုပ်ခြင်းကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ဝင်း၊ မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြင်းခြံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး၊ မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်နိုင်တို့က ကြီးကြပ်၍ ဆောင်ရွက်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက အမှိုက်သယ်ယာဉ်များဖြင့် အမှိုက်များ သယ်ယူရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၁-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၁-၂၀၁၆ ရက်နေ့မှ ၁-၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀/-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၁၂၅၀၀၀/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း)(အခြေခံလစာ-၁၇၀၀၀၀+အရည်အချင်းလစာ ၄၀၀၀+ M.H.R.A ၁၀၀၀၀=၁၈၄၀၀၀) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| | **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **M.H.R.A** | **ပေါင်း** |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀/- နှုန်းဖြင့် ၁၀၀၀၀/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

JJ EXPRESS
JOYOUS JOURNEY EXPRESS

# JJ Express 5th Anniversary အတွက်

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ခရီးသွားပြည်သူများအတွက် လုံခြုံနွေးထွေးမှု၊ ယုံကြည်စိတ်ချရမှု၊ ကောင်းမွန်သောစေတနာ၊
ဝန်ဆောင်မှု ဂုဏ်သတင်းတို့ဖြင့် (၅) နှစ်တိုင်တိုင် အောင်မြင်စွာ ရပ်တည်လာသော ***JJ Express***
ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် အောင်မြင်သော
အနာဂါတ်ဆီသို့ တက်လှမ်းနိုင်ပါစေကြောင်း ***PREMIER COFFEE*** မှ
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

PREMIER® COFFEE

တို့ဌာနီ တို့မြန်မာပြည်...
မြန်မာတို့ရဲ့ ပရီမီယာကော်ဖီ...



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ ချည်မျှင်နှင့် အထည်စက်ရုံ(၇)ရုံအတွက် လိုအပ်သောချည်မျှင်ရှည်ဝါဂွမ်း(C) ၁၂၆၁၂၀၀ ပိဿာအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ကြော်ငြာအပ် ပါသည်။

**တင်ဒါအမှတ်** - ၀၃/၂၀၁၅-၂၀၁၆ရက်
**တင်ဒါဖြန့်ရက်** - ၅-၁-၂၀၁၆ရက်
**တင်ဒါပိတ်ရက်** - ၅-၂-၂၀၁၆ရက်

တင်ဒါပုံစံအသေးစိတ် အချက်အလက်များကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီး စားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၄၀၈၄၃၉၊ ၄၀၈၄၉၂တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လိုအပ်သောအောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၂၁-၁-၂၀၁၆ရက် ၁၃း၀၀နာရီ နောက်ဆုံးထားပြီး တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | M.S Plate (t=25 mm x L=16' x B=2') | 32 Shts |
| 2. | Spare Parts for Air Compressor of Sand Blasting Machine | 4 Items |
| 3. | Spare Parts for Main Engine (KTA-38,MZ,Cummins China) | 6 Items |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်) ကွန်ကရစ်လမ်း Toll Gate (အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင်၆-၁-၂၀၁၆ရက်မှ ၂၀-၁-၂၀၁၆ရက်ထိ ရုံးဖွင့်ရက်ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉နှင့် ၀၁-၈၆၁၀၂၃၂ သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ရွှေဘိုတက္ကသိုလ်
## စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရွှေဘိုတက္ကသိုလ်ကကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ ဘွဲ့စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ကြသူများသည် ရွှေဘိုတက္ကသိုလ် စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းခြင်းကို ၈-၁-၂၀၁၆ ရက် (သောကြာနေ့)မှ ၂၉-၁-၂၀၁၆ရက်(သောကြာနေ့)အထိ (ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

| စဉ် | ပညာသင်နှစ် | ဘွဲ့ | စာစစ်ဌာန |
|---|---|---|---|
| ၁။ | ၂၀၁၃-၂၀၁၄ | ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့) | ရွှေဘိုတက္ကသိုလ် |
| ၂။ | ၂၀၁၃-၂၀၁၄ | ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့) | ရွှေဘိုတက္ကသိုလ် |
| ၃။ | ၂၀၁၄-၂၀၁၅ | ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့) | ရွှေဘိုတက္ကသိုလ် |
| ၄။ | ၂၀၁၄-၂၀၁၅ | ဝိဇ္ဇာ/သိပ္ပံ(မဟာဘွဲ့) | ရွှေဘိုတက္ကသိုလ် |

၂။ ဘွဲ့နှင်းသဘင်လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ပေးသွင်းရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ရွှေဘိုတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၄။ ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ် ရွှေဘိုတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့် လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။
(ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၅။ လျှောက်ထားသူများသည် ရွှေဘိုတက္ကသိုလ်၊စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်-
(၁) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ
(၂) ပြီးခဲ့သည့် သုံးလအတွင်း မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/ အနောက်တိုင်းဝတ်စုံတို့ဖြင့် ရိုက်ကူးထားသော(၂"×၁ ၃/၂")အရွယ် ဓာတ်ပုံသုံးပုံ
(၃) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ပူးတွဲ၍ လျှောက်ထားရပါမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ကြရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**နံနက်ပိုင်း**
ဘွဲ့ကျင်းပမည့်ရက်-၂၀-၂-၂၀၁၆ ရက်(စနေနေ့) ဘွဲ့ကျင်းပမည့်အချိန်-နံနက် ၉း၀၀နာရီ
အစမ်းလေ့ကျင့်ရက်-၁၈-၂-၂၀၁၆ ရက်(ကြာသပတေးနေ့) အစမ်းလေ့ကျင့်မည့်အချိန်-နံနက် ၉း၀၀နာရီ

| | |
|---|---|
| မဟာဘွဲ့(၂၀၁၃-၂၀၁၄) | မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ |
| မဟာဘွဲ့(၂၀၁၄-၂၀၁၅) | မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ဂုဏ်ထူးဘွဲ့(၂၀၁၃-၂၀၁၄) | မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ရိုးရိုးဘွဲ့(၂၀၁၄-၂၀၁၅) | မြန်မာစာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ |

**မွန်းလွဲပိုင်း**
**ဘွဲ့ကျင်းပမည့်ရက်**-၂၀-၂-၂၀၁၆ ရက်(စနေနေ့) ဘွဲ့ကျင်းပမည့်အချိန်-မွန်းလွဲ ၂း၀၀နာရီ
အစမ်းလေ့ကျင့်ရက်-၁၈-၂-၂၀၁၆ ရက်(ကြာသပတေးနေ့) အစမ်းလေ့ကျင့်မည့်အချိန်-မွန်းလွဲ ၂း၀၀နာရီ

| | |
|---|---|
| မဟာဘွဲ့(၂၀၁၃-၂၀၁၄) | ပထဝီဝင်၊ သင်္ချာ၊ သတ္တဗေဒ |
| မဟာဘွဲ့(၂၀၁၄-၂၀၁၅) | ပထဝီဝင်၊ သင်္ချာ၊ သတ္တဗေဒ |
| ဂုဏ်ထူးဘွဲ့(၂၀၁၃-၂၀၁၄) | ပထဝီဝင်၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ |
| ရိုးရိုးဘွဲ့(၂၀၁၄-၂၀၁၅) | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ |

၇။ ဘွဲ့ဝတ်စုံငှားရမ်းထောက်ခံစာကို ၁၆-၂-၂၀၁၆ ရက်နှင့် ၁၇-၂-၂၀၁၆ ရက်များတွင် ရွှေဘိုတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။(ဘွဲ့ဝတ်စုံငှားရမ်းရန် မှတ်ပုံတင်မူရင်းကို ယူဆောင်လာရမည်။)

၈။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မတိုင်ခင်က ဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၉။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများသည် ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပပြီးစီးမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(မြမြင့်)
**မော်ကွန်းထိန်း၊ ရွှေဘိုတက္ကသိုလ်**

## MINISTRY OF AGRICULTURE AND IRRIGATION DEVELOPMENT OF IRRIGATION AND LAND CONSOLIDATION SCHEMES IN MYANMAR UNDER THE LINE OF CREDIT FROM EXPORT IMPORT BANK OF INDIA
## CORRIGENDUM 1 (Date Extension)
## IFB No. [MOAI/INDIALOAN/MYN-ILC/BID/2015/001] dated 17th November, 2015

Refer Agricultural Mechanization Department (AMD), Ministry of Agriculture and lrrigation (MOAl), the Republic of the Union of Myanmar open tender for procurement of farm machinery and implements for Development of lrrigation and Land Consolidation Schemes in Myanmar.

1. The last date and time of submission of bid has been postponed till further notice.
2. All Corrigendum/Amendments/Changes, if any will be issued and made available on website **www.moai.gov.mm** and made available to bidders who already purchased bid document through email. Prospective Bidders/tenderer are advised to keep visiting the **website www.moai.gov.mm** on regular basis.

**Director General,**
**Agricultural Mechanization Department,**
**Building No.50, Nay Pyi Taw, Myanmar**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ သမဝါယမအသင်းလီမိတက်ပိုင် မော်တော်ယာဉ် (၅)စီးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်၍ ဝယ်ယူလိုသူနိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ မော်တော်ယာဉ်(၅)စီးနှင့် ပတ်သက်၍ တင်ဒါလျှောက်လွှာတစ်စောင် ၁၅၀၀ိ/-(ကျပ်တစ်သောင်းငါးထောင်)ဖြစ်ပြီး မော်တော်ယာဉ်များ၏ အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ပူတွဲဖော်ပြထားပါသည်။

၃။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းပုံစံများရောင်းချမည့်
(က) **နေ့ရက်** - ၅-၁-၂၀၁၆ရက်မှ ၁၄-၁-၂၀၁၆ရက်ထိ
(ခ) **အချိန်** - နံနက် ၁၀နာရီမှ ညနေ ၃နာရီထိ
(ဂ) **နေရာ** - ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်လမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်

၄။ **မော်တော်ယာဉ်များ၏ မျက်မြင်အခြေအနေ ကြည့်ရှုရန်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်လမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်

၅။ **အိတ်ဖွင့်တင်ဒါ တင်သွင်းမည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်လမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်

၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၁၈-၁-၂၀၁၆ရက်၊ ၀၉း၃၀နာရီ

၇။ **အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်/အချိန်** - ၁၈-၁-၂၀၁၆ရက်၊ ၁၀း၀၀နာရီ

၈။ **အသေးစိတ်အချက်အလက်များ သိလိုပါက** - ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၊ ရန်ကုန် ဖုန်း-၀၉-၂၆၁၀၁၈၁၀၇၊ ၀၉-၂၆၀၃၈၄၈၉၀၊ ၀၉-၄၂၁၁၅၁၆၈၇

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အသိပေးကြေညာခြင်း

တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ သလဲဦးကျေးရွာအုပ်စု ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မဲပေါက်ထားသည့် လုပ်ငန်းရှင်များသည် ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်နောက်ဆုံးထားပြီး ငွေပြေအကျေပေးသွင်းရမည်ဖြစ်ကြောင်း လိုက် နာရမည့်စည်းကမ်းချက်များတွင် အတိအလင်းဖော်ပြထားပြီးဖြစ်ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဉ်(၁၉/၂၀၁၅)၊ ဟိုတယ်ဇုန်ဦးစီးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၅) ဆုံးဖြတ်ချက်တို့အရ ငွေပေးသွင်းရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များအား ဟိုတယ်လုပ်ငန်း လုပ်ကိုင်ခွင့်ပယ်ဖျက်ပြီး မဲပေါက်ထားသည့် အောက်ဖော်ပြပါ မြေကွက်များကို အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဇုန်အမည် | အကွက်အမှတ် | မြေဧရိယာ |
|---|---|---|---|
| ၁ | A ဇုန် | E-5 | ၂.၄၉ ဧက |
| ၂ | B ဇုန် | G-1 | ၈.၄၁ ဧက |
| ၃ | B ဇုန် | I-2 | ၆.၉၆ ဧက |
| ၄ | C ဇုန် | M-1 | ၈.၀၀ ဧက |
| ၅ | C ဇုန် | M-2 | ၆.၃၆ ဧက |
| ၆ | C ဇုန် | O-2 | ၅.၉၈ ဧက |
| ၇ | C ဇုန် | O-6 | ၆.၅၇ ဧက |
| ၈ | C ဇုန် | P-7 | ၅.၄၁ ဧက |

**အင်းလေးဒေသဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေး**
**ဦးစီးကော်မတီ**

## အမည်မှန်

နေပြည်တော် ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျရပ်ကွက်နေ ဦးတင်မောင်၏သမီး အမည်မှန်မှာ မစန်းစန်းလွင် ဖြစ်ပါသည်။

**မစန်းစန်းလွင်**

## ထားဝယ်သဇင်ပန်းလှလှ

သဇင်ဥ၊ ပန်း၊ သဇင်တိုင် (ပွင့်နေသော/အသစ်စိုက်ပြီး/တိုင်လွတ်) (၅၃၅)၊ သုမင်္ဂလာလမ်း၊ ၁၁ ရပ်ကွက်၊ တောင်ဥက္ကလာပ။ **ဖုန်း-၀၁-၅၆၀၅၆၇၊ ၀၉-၂၅၂၆၉၀၄၀၀**

## ဖခင်နှင့် မိခင်အမည်မှန်

တောင်ဒဂုံမြို့နယ်၊ (၇၀)ရပ်ကွက်၊ ဆုထူးပန်လမ်း၊ အမှတ် ၁၂၃၂/ခ နေ မလှသရဖီကျော် ဆဋ္ဌမတန်း(B)၊ အမက(၁၄) မှုလွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်သန်း S/DGNMTT-၀၄၂၁၀၇ နှင့် မိခင်အမည်မှန်မှာ ဒေါ်လှလှသိန်း ၁၁/စတန(နိုင်) ၀၅၇၁၆၁ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ယ/၂၅၈၄၄ Honda Dream C100MP, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခင် ၁၂/လမတ(နိုင်)၀၂၂၆၇၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/1670 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

## The Republic of the Union of Myanmar
## Ministry of Finance
## Modernization of Public Finance Management Project (MPFMp)
## Request for Expressions of Interest for Individual Consultant-Translator for Large Taxpayers' Office (LTO), Internal Revenue Department (IRD), Yangon

**REOI No.:MPFMp/A-C126Closing Date:15 January 2016**

The Project is seeking to recruit a national Translator to support its work in the area of modernization of its audit functions. The translation services is to assist the IRD in translating documents from English to Myanmar and from Myanmar to English, and interpretation services is to assist the communications for the international consultants and the IRD.

This work will specifically include:

Translation of documents from Myanmar to English, and from English to Myanmar, and would comprise of-key publications and major documents, shorter documents for public dissemination, documents for internal use, and operational and miscellaneous documents.

Interpretation in Myanmar and in English-consecutive interpretation during meetings with small groups and larger groups, and workshops; simultaneous interpretation for individuals (international consultants), and for groups.

The Translator is required to demonstrate the following as a minimum:

- Proven abilities and experience in English/Myanmar translation
- At least 5 years professional English/Myanmar translating experience preferred
- Capacity and Ability to finish heavy task of translation under tight deadline
- A proven track record of successful translation of technical related documents.
- Experience in translation & interpreting related documents on auditing related subject matter would be an advantage.

The assignment is for an estimated duration of 12 months (full time). The location of the assignment is in Yangon, Myanmar.

MPFMp now invites eligible individual translators to indicate their interest in providing the above mentioned services. Interested translators must provide information indicating that they are qualified to perform the services (in addition to the educational qualifications, experience of similar assignments and country of work etc. should be incorporated in the CV to be submitted along with expression of interest/ application).

Interested translators may obtain a copy of the Terms of Reference for the assignment at the address below during office hours [i.e. 1000 to 1600 hours] or by sending an E-Mail to:ltomyanmar. cm@ irdmyanmar.gov.mm

Expression of interest must be delivered to the address below by 1600 hours on 15January 2016 to:

**U Kyaw Swe Moe**
**Assistant Director**
**Large Taxpayers' Office, IRD**
**Modernization of Public Finance Management Project**
**Ministry of Finance**
**No.128/132, 4th Floor, Pansodan Street,**
**Yangon, Myanmar**
**Tel: 01-384762, 01-384235**
**Fax: 01-384659**
**E-mail for applications: ltomyanmar.cm@ irdmyanmar. gov.mm**

## လုံးဝမသက်ဆိုင်ပါကြောင်း

ရေတာရှည်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ရွှေဝါလေးလမ်းနေ ကျွန်မ ဒေါ်ခင်မာချို ၇/ပခန(နိုင်)၀၆၅၉၃၄ သည် ဦးကျော်ဝင်း ၇/ရတရ(နိုင်)၀၀၉၃၄၁ နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် မည်သည့်အကြောင်းကိစ္စမှ(လုံးဝ)လုံးဝ ပတ်သက်မှု၊ သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာချို**
**၇/ပခန(နိုင်)၀၆၅၉၃၄**
**ရေတာရှည်မြို့**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်အုန်းကြည်

**အသက်(၉၂)နှစ်**

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၊ ကျောင်းအုပ်ကြီး(ညွှန်ကြားရေးမှူး) ဦးမျိုးမြင့်အောင်၏ချစ်လှစွာသောမိခင်ကြီး ဒေါ်အုန်းကြည် အသက်(၉၂)နှစ်သည် ၃၁-၁၂-၂၀၁၅ရက်တွင် စစ်ကိုင်းမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးညွန့်၊ ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ**
**အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဒေါ်ပု

**အသက်(၉၂)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်နေ ဦးဖုန်း-ဒေါ်ကြည်ကြည်၊ ဦးဝင်းကြိုင်-ဒေါ်မြင့်မြင့်၊ ဦးခင်မောင်ညွန့်-ဒေါက်တာမိမိသင်း၊ ဦးတင်ဝင်း-ဒေါ်မိုမို၊ ဦးသန်းဌေး-ဒေါ်ဖြူဖြူ၊ ဒေါက်တာဇော်မြင့်မောင်-ဒေါက်တာယုယုမေ၊ ပါမောက္ခ ဒေါက်တာဒေါ်သီတာ၊ ဦးသန်းထွန်း-ဒေါ်ယဉ်ယဉ်ရွှေ၊ ဦးသန်းအောင်-ဒေါ်စန္ဒာ၊ ဒေါက်တာမြတ်ထွဋ်-ဒေါ်အေးအေးမူ၊ ဒေါက်တာဦးဝင်းထွဋ်-ဒေါ်မေလှမောင်တို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၇ယောက်တို့၏အဘွား၊ သိကြားမင်း-အထည်စက်ပိုင်ရှင် (ဦးစိန်ဝါး)၏ဇနီး ဒေါ်ဒေါ်ပု အသက်(၉၂)နှစ်သည် ၃-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူနာပြုတက္ကသိုလ်-မန္တလေး မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မမလေး(ခ)ဒေါ်တင်တင်အေး (အေး ဆေးတိုက်)

**အသက်(၈၄)နှစ်**

မန္တလေးမြို့၊ ရန်မျိုးလုံရပ်၊ ၇၁လမ်း၊ ၃၂×၃၃လမ်းကြားနေ ဆရာဦးအောင်သန်းဌေး-ဆရာမဒေါ်ထွေးထွေး(အေး ဆေးတိုက်)တို့၏မိခင် ဒေါ်မမလေး(ခ)ဒေါ်တင်တင်အေး အသက်(၈၄)နှစ်သည် ၂-၁-၂၀၁၆ ရက် (စနေနေ့) ညနေ ၄း၃၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တိုင်းရင်းဆေးသိပ္ပံ အမှတ်စဉ်(၁၈)မှ**
**သူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်စန်းရီ

**(စစ်ကိုင်း၊ အထက်တန်းပြ၊ ငြိမ်း)**

**အသက်(၇၃)နှစ်**

ဦးသူရဇော်- ဒေါ်လဲ့လဲ့ဖြူတို့၏မိခင် ဒေါ်စန်းရီသည် ၁-၁-၂၀၁၆ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းမြို့ (အထက-၁)**
**၉၂/ကျောင်းသား/ကျောင်းသူဟောင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးသတိုးအောင်

**(တရားလွှတ်တော်ရှေ့နေ)**

**အသက်(၆၇)နှစ်**

ဦးသတိုးအောင်သည် ၁-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးကိုမြင့်**
**တရားရုံးချုပ်ရှေ့နေ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးတင်အောင်ရီ အသက်(၆၁)နှစ်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး(တောင်ကြီး)**

ဦးတင်အောင်ရီ(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း)၊ ပြည်နယ်လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့သည် ၁-၁-၂၀၁၆ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မူလတန်းကြိုကျောင်းအုပ်များ**
**ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ရဲတပ်ကြပ်ကြီးသိန်းဝင်း အသက်(၅၇)နှစ်

**လ/၁၂၁၇၉၅ ၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး(ဇီးကုန်း)**

ဇီးကုန်းမြို့နယ်၊ သစ်နဖားလမ်းနေ ဦးအောင်သိန်း-(ဒေါ်ရင်နု)တို့၏သား၊ (ဦးထွန်း)-ဒေါ်မြနုတို့၏သားသမက်၊ ဒေါ်မြသန်းဝင်း(သူနာပြုတက္ကသိုလ်)၏ခင်ပွန်း၊ အရာခံဗိုလ်ရွှေသွေးလွင်-ဒေါ်သီတာဇေရယ်ဦး(သူနာပြုတက္ကသိုလ်)၊ ဗိုလ်ကြီးဇေယျာမင်းစိုး-မယမင်းရွှေစင်ဝင်း၊ မောင်အောင်မျိုးဇင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၆း၂၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်မိသားစုများ**

---

## မောင်ကျော်မျိုးသူ (မှော်ဘီ)

**မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန**

**အသက်(၃၁)နှစ်**

မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာ၊ အောင်မင်္ဂလာအပိုင်းနေ (ဦးရွှေမန်း)-ဒေါ်ခင်စု၊ တာမွေ၊မေတ္တာညွန့်နေ ဦးခင်မောင်စိုး-ဒေါ်မိမိခင်တို့၏မြေး၊ ဦးခင်မောင်ရွှေ-ဒေါ်ခင်စန်းမြင့်၊ (ဦးမောင်မောင်)-ဒေါ်ခင်မျိုးစု၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ မီးရထားဝင်းနေ ဦးသန်းထိုက်ရွှေ-ဒေါ်ခင်ခင်စိုး(ခရိုင် ပြန်/ဆက်)တို့၏တူ၊ ဦးမျိုးသိန်း-ဒေါ်နန်းစုစုအောင်(ဟိုတယ်/ခရီး)၊ ဦးစိန်ဝင်း-ဒေါ်နန်းမြသီတာထွန်း၊ မဖြူဖြူခင်၊ မဖြူသန္တာ၊ မောင်ကျော်မျိုးဦးတို့၏ညီ/မောင်/အစ်ကို၊ ဒေါ်ခင်မျိုးသန့်၏သားသည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၇း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် မှော်ဘီမြို့ တပ်ကြီးကုန်းကျေးရွာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၆ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်လှလှ (သထုံ)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာခေမာလမ်း၊ အမှတ် ၃၅၀နေ (ဦးအုန်းရွှေ-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးအုန်းဖေ-ဒေါ်ဖွားသီ)တို့၏သမီးချွေးမ၊ (ဦးမင်းနောင်၊ သံအမတ်ကြီး၊ ငြိမ်း)၏ဇနီး၊ ဦးထွဋ်ဦးနောင်(ဝန်ထမ်း၊ ငြိမ်း)-ဒေါ်ရီရီဝင်း(ဝန်ထမ်း၊ ငြိမ်း)၊ ဒေါက်တာသန်းထွဋ်ဦး (ဒု-ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ပညာရေးသုတေသန)-ဒေါက်တာခင်မျိုးနောင်(ပါမောက္ခ-ဌာနမှူး၊ ဓာတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးသူရိန်သန့်ဇင်(ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး)-ဒေါ်ခင်စိုးနောင်တို့၏မိခင်ကြီးသည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၅း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်လှလှ (သထုံ)

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာခေမာလမ်း၊ အမှတ် ၃၅၀နေ (ဦးအုန်းရွှေ-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးအုန်းဖေ-ဒေါ်ဖွားသီ)တို့၏သမီးချွေးမ၊ (ဦးမင်းနောင်၊ သံအမတ်ကြီး၊ ငြိမ်း)၏ဇနီး၊ ဦးကျော်ဇေယျာဦး-ဒေါက်တာယဉ်မင်းသူ၊ ဗိုလ်ကြီးဟိန်းထွဋ်နောင်-ဒေါက်တာစုမြတ်ကို၊ ဒေါ်အေမာထွဋ်၊ ဦးအောင်ထွဋ်နောင်၊ ဒေါက်တာရဲမင်းထွဋ်-ဒေါ်နှင်းဇကရီစိုး၊ ဒေါ်ကေဇင်ထွဋ်၊ ဒေါ်မို့မို့ထွဋ်နောင်၊ ဒေါက်တာထက်မြတ်သူ-ဒေါ်အေးမြခွာညိုတို့၏ဘွားဘွားကြီး၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၅း၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ခင်လှလှ

**အသက်(၈၇)နှစ်**

မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း) ချက်(စ်)သမ္မတနိုင်ငံ သံအမတ်ကြီး(ငြိမ်း) ဦးမင်းနောင်၏ဇနီး ဒေါ်ခင်လှလှသည် ၄-၁-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မီးသတ်ဦးစီးဌာနဝန်ထမ်းများနှင့် မိသားစုဝင်များ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နုကြည်

**(စီးကရက်စက်ရုံ-၁၊ ရန်ကုန်၊ ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့နေ (ဦးသိန်းမောင်-ဒေါ်အေးပု)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးသာဇံ-ဒေါ်ပု)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၃၁နေ ဦးမြသောင်း(ကေတုမတီမြပဟသ်ာ၊ လုပ်သားကောလိပ်)ဆန်မာတိုင်းဖျော်ရည်၏ချစ်လှစွာသောဇနီး၊ ဦးကောင်းမြတ်-ဒေါ်စုမြတ်လှိုင်၊ ဦးလှမြတ်စိုး-ဒေါ်နီလာသိန်း၊ မခင်သန္တာမြတ်တို့၏မိခင်၊ မောင်ဟိန်းမင်းထွဋ်၊ မအိန္ဒြာမေမြတ်တို့၏ဘွားဘွားကြီးသည် ၃-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၆း၄၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၆ရက်(စနေနေ့)နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါလှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်မောင်

**အသက်(၆၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့၊ ကမ်းနားလမ်းနေ ဦးကျော်ငြိမ်း-ဒေါ်ကျင်နုတို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊ အမှတ် ၃၂၊ လေးလွှာနေ ဒေါ်မြင့်မြင့်အေး၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်မျိုးထိုက်-မစုဝေလင်း၊ မစုဝေနှင်း၊ ကိုကျော်သူရ-မသဲနုဝင်း၊ ကိုဇင်မင်းထက်တို့၏ဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၈း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ရဲအုပ်တာတာကျော် (လ-၂၂၅၄၉၄)

**ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၆၄)၊ ကသ(၈၈)**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ဌာန၊**

**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**

**အသက်(၃၁)နှစ်**

ရန်ကုန်မြို့၊ ကျိုက္ကဆံရိပ်သာနေ ဦးကျော်ငြိမ်း-ဒေါ်ခင်ဝင်းတို့၏သား၊ မနှင်းလွင်ငြိမ်း၏မောင်၊ မောင်ဘိုဘိုကျော်၏အစ်ကို၊ ရန်ကုန်မြို့၊ သရက်မြိုင်ရဲရိပ်သာနေ(ဦးလှမင်း)-ဒေါ်ခင်ဖြူတို့၏သားသမက်၊ အရှင်ဦးဝိစာရ၊ မပန်းဖြူတို့၏ညီ/မောင်၊ မငြိမ်းအိခိုင်၏အစ်ကို၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ အမှတ် ၃၃၃၁၊ အခန်း ၂၄နေ ဒေါ်အိအိခိုင်(ဌာနခွဲစာရေး၊ ရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)၏ချစ်လှစွာသောခင်ပွန်းသည် ၃-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ခုတင်(၁၀၀၀)ဆေးရုံအအေးတိုက်မှ မွန်းလွဲ ၁း၃၀ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၆ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ အမှတ် ၃၃၃၁၊ အခန်း ၂၄၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**

## ဦးတင်ခိုင်

**တိုင်းပညာရေးမှူး(ငြိမ်း)**

**အသက်(၈၃)နှစ်**

မန္တလေးမြို့နေ ဦးချန်တိတ်(တိမ္မေးကု) - ဒေါ်သူဇာခိုင်၊ ဦးငွေမောင်း(မြင်းခြံမြို့နယ်ပညာရေးမှူးရုံး)-ဒေါ်နီလာခိုင်(အလက-၇)၊ မြင်းခြံမြို့နေ ဦးမောင်မောင်ခိုင်-ဒေါ်သန်းသန်းနွယ်၊ ဦးမြင့်လွင်-ဒေါ်မြမြခိုင်၊ (ဦးအောင်ဆန်းဦး-ဒေါ်အိအိခိုင်)၊ မန္တလေးမြို့နေ ဦးဇော်လင်း (ပြည်လုံးချမ်းသာ ဆေးတိုက်)-ဒေါ်သန္တာခိုင် (တိုင်းရင်းဆေးတက္ကသိုလ်)၊ဦးဝင်းမြင့်(E.E, Unitean Shipping) - ဒေါ်သဇင်သူရခိုင်၊ ဒုတပ်ကြပ်တင်ထူးခိုင်(ဟုမ္မလင်း လေတပ်ဌာနချုပ်)၊ မောင်ထက်ကိုကိုခိုင်တို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏အဘိုး၊ မြစ် ၁၁ယောက်တို့၏အဘေး၊ မန္တလေးမြို့၊ မောရဂီဝါရပ်နေ ဒေါ်တင်တင်ရွှေ၏ချစ်လှစွာသောခင်ပွန်းသည် ၃-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊**

**ပလ္လင် ဒါယကာကြီး**

## ဦးဝင်း(ခ)ဦးမောင်ဝင်း

**(ဖျာပုံ၊ ကျုံကဒွန်း)**

**အသက်(၇၂)နှစ်**

ဖျာပုံခရိုင်၊ကျုံကဒွန်းမြို့နေ(ဦးဘ-ဒေါ်သန်း)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ သခင်ဇလှိုင်လမ်း၊ (၄၃)ရပ်ကွက်၊ အမှတ် ၆၈၈နေ ဒေါ်မြင့်မြင့်ခင် [အထပြ၊ ငြိမ်း၊ အထက-၄၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်]၏ခင်ပွန်း၊ ကိုဇော်ဝင်းအောင်-မယဉ်ယဉ်ပြုံး၊ ကိုထွန်းဦးကျော်-မသန္တာအေး၊မမြမြပွင့်၊ မမေသန်းထိုက်၊ ကိုအောင်ကျော်-မခိုင်ဇာဇာ၊ ဗိုလ်ကြီးဇော်မျိုးထက်-မသဇင်သဲဦးတို့၏ဖခင်၊ မောင်ထက်ဝေယံကျော်၊ မောင်ဟိန်းထက်နိုင်၊မဆုထက်ထက်ကျော်၊ မောင်ဘုန်းမြတ်သော်၊ မောင်ခန့်ဘုန်းထက်တို့၏အဘိုးသည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၆ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဦးသက်လွင်

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊တိုက် ၅၇၊ အခန်း ၃နေ(ဦးကျော်ညွန့်-ဒေါ်ခင်စိန်)တို့၏သား၊(ဦးကျော်လွင်)၏ညီ၊ ဦးဖြိုးဝေ - ဒေါ်မူမူလွင်တို့၏အစ်ကို၊ ဒေါ်ဇာလီမင်းနိုင်၏ခင်ပွန်း၊ မအိသက်မွန်၏ဖခင်၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၉-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဦးကျော်ကျော် (အင်းစိန်)

**တိုင်းမွေး/ကုဦးစီးရုံး၊ မကွေးမြို့**

**အသက်(၅၂)နှစ်**

မကွေးတိုင်းဒေသကြီး၊ မွေး/ကုဦးစီးဝင်းနေ (ဦးမြင့်)-ဒေါ်ခင်မာရီတို့၏သား၊ (ဦးမောင်မောင်-ဒေါ်အုံးမြိုင်)တို့၏သားသမက်၊ ဒေါ်ခင်မော်(အလပြ၊ ကန်သာ)၏ခင်ပွန်း၊ ဗိုလ်ကြီးညီညီဇော်-ဒေါ်သဉ္ဇာမွန်၊ ကိုဝေဖြိုးသိန်း-မပန်းအိသွယ်၊ မလဲ့ရည်ဝင်း၊ မချစ်စနိုးတို့၏ဖခင်သည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တကောသလ္လ

**သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါ**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၀ရပ်ကွက်၊ ဇိနမာရ်အောင်ကျောင်းတော်ကြီး ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောသလ္လသည် (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၆ရက်) ၁-၁-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်) ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် အန္တိမအဂ္ဂိဈာပနကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှတပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(ဇိနမာရ်အောင်ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် စတင်ထွက်ခွာပါမည်။) [၇-၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါသဖြင့် အထက်ပါကျောင်းတိုက်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**တပည့်သံဃာ၊ ဒါယက၊ ဒါယိကာမများ၊ ရွှေပြည်သာမြို့နယ်**

---

## ဦးဂျို၊ အက်(စ်)၊ ရှားမား(ခ)ဦးဂျိုရှန်ကာ (B.A,B.L)

**(မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေးဗဟိုအဖွဲ့ချုပ်၏ဥက္ကဋ္ဌဟောင်း)**

**(YAMONA INTERNATIONAL CO.,LTD ၏**

**မန်နေဂျင်းဒါရိုက်တာ)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၈၀/ဘီနှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း၊ အမှတ် ၁၇/၂၁နေ (ဦးဘိုဂီရမ်း-ဒေါ်ဆာဗီတရီဒေဗီ)တို့၏သား၊ ဒေါ်ပါရ်ဘာတီဒေဗီ၏ချစ်လှစွာသောခင်ပွန်း၊ မဂျန်နကီဒေဗီရှားမား-ရှရီ Ram(ခ)ဘိုင်၊ဒေါက်တာဝီဇယလပ်(ချ်)မီးရှားမား၊ မပူနန်ရှားမားတို့၏ချစ်လှစွာသောဖခင်သည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) အိန္ဒိယစံတော်ချိန် ၅း၄၅နာရီတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်မြို့၊ Asian Heart In stitute ၌ ကွယ်လွန်သွားပါသဖြင့် မွမ်ဘိုင်မြို့၌ ဟိန္ဒူရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှဆွေ မျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်မြရွှေ (မော်နီကာမြရွှေ)

**(စိန့်မိုက်ကယ်ကျောင်းဆရာမကြီး)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ အမှတ် ၃၄နေ ဦးမောင်ညွန့်၏ဇနီး၊ဒေါ်သန်းသန်းညွန့်-ဦးတင်အောင်ထွန်း၊ ဦးအောင်ဌေးညွန့်၊ ဦးအောင်ထွေးညွန့် - ဒေါ်နီနီဝင်းတို့၏ မိခင်၊ မအေးချမ်းဆု၊ မမေဖူးခိုင်တို့၏အဘွားသည် ၃-၁-၂၀၁၆ရက် ည ၈း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် မြို့မတိုင်းရင်းသားနှစ်ခြင်း အသင်းတော်ရုံးခန်း၊ အမှတ် ၈၊ ၈၈လမ်းမှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးကိုကိုလေး

**မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး(ငြိမ်း)**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ပတ္တမြားလမ်း၊ အမှတ် ၁၂၁/၃နေ ဦးဘဦး-ဒေါ်အေးမြတို့၏သား၊ (ဦးထွန်းရီ-ဒေါ်သန်းသန်းဦး)၊ ဦးအောင်ခင်-ဒေါ်စန်းစန်းဦး၊ ဒေါက်တာဦးမင်းသိမ်း - ဒေါ်ကြည်ကြည်ဦးတို့၏မောင်၊ ဦးသိန်းဝင်း-ဒေါ်ခင်မြဦးတို့၏အစ်ကို၊ ဦးစိုးပြေဟန်-ဒေါ်အေးအေးမွန်၊ ဦးဟိန်းဇော်မောင်(ခ)သီဟ-ဒေါ်စုစန္ဒာကိုလေးတို့၏ ဖခင်၊ မပြည့်ဖြိုးမွန်၊ မောင်ရဲရင့်သီဟ(ခ)လိုတရ၊ မကြယ်စင်သီဟတို့၏အဘိုး၊ တူ/တူမ ၁၃ယောက်တို့၏ ဦးလေး၊ ဒေါ်ရီရီလွင်၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်ဝင်း

**အသက်(၇၀)**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ အမှတ် ၉၃၊ လေးလွှာ (A)နေ ဦးအောင်စိန် (ပြည်နယ်တရားသူကြီး၊ ငြိမ်း)၏ဇနီး၊ ဦးကိုကိုသွင်-ဒေါ်ဇင်မာစိုး၊ဦးရဲထွန်းအောင်-ဒေါ်ဝါဝါ၊ဦးကျော်စွာဝင်း၊ဦးကိုကိုမောင်မောင်တို့၏မိခင်၊ မသဉ္ဇာဦး၊ မောင်အောင်ဇေယျာလင်း၊ မောင်သီဟရဲရင့်တို့၏ အဘွားသည် ၄-၁-၂၀၁၆ရက်(တနင်္လာနေ့) အိန္ဒိယစံတော်ချိန် နံနက် ၆နာရီတွင် အိန္ဒိယနိုင်ငံ Uttar Pradesh ပြည်နယ် Farrukhabad မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစု၏ဆန္ဒအရ ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နွဲ့

**အသင်းဝင် ၆၉/၀၄**

**အသက်(၈၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးလွန်း၊ ကျောင်းဆရာကြီး-ဒေါ်နု)တို့၏သမီး၊ ကျိုက်လတ်မြို့နေ(ဦးဉာဏ်ဦး-ဒေါ်စိန်)တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဆရာမကြီးလမ်း၊ အမှတ် ၁၃၊ ပထမထပ်နေ ဦးချစ်ပိုင်(အမက-၆၊ ဗဟန်း၊ ငြိမ်း)၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်သန်းသန်းဝင်း၊ ဦးဉာဏ်လင်း-ဒေါ်ခင်ပြုံးရီ၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်မိမိတို့၏မိခင်၊ မြေး ခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၃-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## နော်ထီးမူး အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးဘအိုလမ်း၊ အမှတ် ၂၀နေ (ဦးစောဘမြင့်)-နော်မိုးနာတို့၏ သမီး၊ (ဦးစောစံစီ)-ဒေါ်မရီးနာတို့၏သမီးချွေးမ၊ စောအယ်(လ်)ဗင်၏ချစ်လှစွာသောဇနီး၊ ဦးဝင်းထွဋ်-နော်ထီးလူ၊ စောဇော်မိုးထွေး-နော်လားစေးတို့၏အစ်မ၊ နော်အယ်သွိထူးစံ၊ နော်အယ်သွိစေးစံ-MR.SANAN MAEKLONGKUL၊ စောအယ်မူးစံတို့၏မိခင်သည် ၃-၁-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ဦးရွှေနုလမ်း သမိုင်း ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဝတ်ပြုဆုတောင်းပြီး ဘုရားရှိခိုးကျောင်းမှကားများထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## မငြိမ့်သဇ္ဇာအောင်(ခ) ကျူ့ကျူ့ အသက်(၂၅)နှစ်

**ရန်ကင်း(TTC)ကျောင်းသူဟောင်း**

**MA (Eng) (ALBA)**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကနောင်လမ်း၊ အမှတ် ၉၆၆နေ ဦးမင်းအောင်- ဒေါ်ခင်မိလေးတို့၏မြေး၊ မန္တလေးမြို့နေ (ဦးတင်အောင် - ဒေါ်မမလေး)တို့၏မြေး၊ ဦးအောင်ကျော်မင်း(Air KBZ)-ဒေါ်တင်ထွေးနီတို့၏ ချစ်လှစွာသောသမီး၊ ဒေါ်သက်သက်အောင်၊ ဦးချစ်သန်း - ဒေါ်တိုးတိုးအောင်တို့၏ တူမ၊ မခြိမ့်သဇ္ဇာအောင်(KBZ Bank)၊ မမိုးသက်ဖြူငြိမ်းတို့၏ အစ်မကြီးသည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၃း၃၀နာရီတွင် (ခုတင်-၅၀၀) ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**



(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားတွင် အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်စဉ် (အပေါ်ပုံ) နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသား၊ တိုင်းရင်းသူများက နိုင်ငံတော်အလံအား အလေးပြုကြစဉ်။ (ယာပုံ) (သတင်းစဉ်)

# လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော

*စာမျက်နှာ ၃ ကော်လံ ၁* ◆



## တပ်မတော်သည် ညီအစ်ကိုမောင်ဖွား တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ကာကွယ်

*စာမျက်နှာ-၉*

**ယနေ့ ဖတ်စရာ**

**မြန်မာနှင့်ထိစပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ် လူ ၁၁ ဦးသေ၊ ၂၀၀ နီးပါး ဒဏ်ရာရ**

စာ » ၄

**ငါးလုပ်ငန်း ဦးမော့လာစေဖို့**

ဆောင်းပါး
စာ » ၆

## MNL-2 ပြိုင်ပွဲဝင်ခွင့်ရရန် ခြေစစ်ပွဲများကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၆ ရာသီ MNL-2 (ပထမတန်း) ပြိုင်ပွဲဝင်ခွင့်အတွက် ခြေစစ်ပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပထမတန်းပြိုင်ပွဲဝင်ခွင့် အသင်းလေးသင်းစာရင်းပေးသွင်းထားပြီး ယင်းအသင်းများကို ပတ်လည်စနစ်ဖြင့် ကစားကာ အမှတ်အများဆုံးသုံးသင်းမှာ ပြိုင်ပွဲဝင်ခွင့်ရမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို မဟာယူနိုက်တက်အသင်း၊ သီဟဒီပအသင်း၊ စီးတီးစတားအသင်းနှင့် United of Than Lyin အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲစဉ်မဲနှိုက်ရေးဆွဲပွဲကို ဇန်နဝါရီ ၄ ရက်က MFF ရုံးတွင် ကျင်းပခဲ့သည်။ ခြေစစ်ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၅ ရက် **(ယနေ့)** တွင် ပဒုမ္မာကွင်း၌ United of Than Lyin အသင်းနှင့် စီးတီးစတားအသင်း၊ စလင်းကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် သီဟဒီပအသင်း၊ ဇန်နဝါရီ ၇ ရက်တွင် ပဒုမ္မာကွင်း၌ သီဟဒီပအသင်းနှင့် United of Than Lyin အသင်း၊ စလင်းကွင်း၌ စီးတီးစတားအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၉ ရက်တွင် ပဒုမ္မာကွင်း၌ United of Than Lyin အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ စလင်းကွင်း၌ သီဟဒီပအသင်းနှင့် စီးတီးစတား

*စာမျက်နှာ ၁၂ ကော်လံ ၅* ❐




မြန်မာ့အလင်း
mmalin.npt@gmail.com, www.facebook.com/MYANMAALINNEWS